မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ပန်ဆင်သူအကျိုးကိုဆောင်နိုင်

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလကွယ်နေ့ ၂၀၁၉ ခုနှစ်၊ မတ် ၅ ရက်၊ အင်္ဂါနေ့ အတွဲ (၅၈)၊ အမှတ် (၁၅၆)

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ ကျင်းပစဉ်။ သတင်းစဉ်

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကျင်းပ

မြို့ပြများတွင် တရားဥပဒေစိုးမိုးပြီး ပြည်သူလူထု၏ လူနေမှုဘဝ လုံခြုံမှုရှိစေရန် ရာဇဝတ်မှုများဖြစ်ပေါ်နေမှုကို ကာကွယ်တားဆီးနိုင်ရန်အတွက် ဦးစားပေးအဆင့်ဖြင့် ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း အဆိုတင်သွင်း

နေပြည်တော် မတ် ၄

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ၏ **မူးယစ်တရားခံတစ်ဦးကို ဖမ်းဆီးမိသောအခါ ကွင်းဆက်တရားခံကို ချက်ချင်းဖော်ထုတ်၍ ဖမ်းဆီးရေး အဖွဲ့အချင်းချင်း ဆက်သွယ်ဖမ်းဆီးနိုင်ရေးကို မြန်မာတစ်နိုင်ငံလုံးသို့ တစ်ပြေးညီ ညွှန်ကြားချက်ထုတ်ပြန်ပေးနိုင်ရေး**နှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ခြင်းသည် လျှို့ဝှက်စွာလုပ်ဆောင်သည့်လုပ်ငန်းဖြစ်ခြင်း၊ စနစ်တကျ ဂိုဏ်းဖွဲ့၍ ကျူးလွန်သည့်လုပ်ငန်းဖြစ်ခြင်းကြောင့် ကွင်းဆက်စစ်ဆေးဖော်ထုတ်သည့်အခါ အချိန်တိုအတွင်း ဖော်ထုတ်နိုင်မှုများရှိသကဲ့သို့ သတင်းစုံစမ်းရခြင်း၊ စောင့်ကြည့်ရခြင်း၊

စာမျက်နှာ ၅ ကော်လံ ၁ ❋

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ် ရရှိမှုများထုတ်ပြန်

စာ - ၈-၉

တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၏အခြေအနေ ဆန်းစစ်လေ့လာချက် အစီရင်ခံစာကို UNDP ထုတ်ပြန်

စာ - ၁၁

ထရမ့်နှင့် ကင် ထိပ်သီးအစည်းအဝေး အချည်းနှီးမဖြစ်ခဲ့ဟု ဂျွန်ဘော်လ်တန် ပြော

စာ - ၁၄

C B BANK

CB Pay

Next generation, new experience.

Mobile Banking Application ဒသစ်

Download it from GOOGLE PLAY

Download it from APP STORE

ဖုန်းနံပါတ်ဖြင့် Register ပြုလုပ်နိုင်ပြီ...

မြန်မာ့အလင်း

နိုင်ငံ့ယဉ်ကျေးမှုအမွေအနှစ်များ ထိထိရောက်ရောက်ထိန်းသိမ်းကာကွယ်

ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ပြည်ထောင်စုလွှတ်တော်က ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ပြဋ္ဌာန်းလိုက်ပြီ ဖြစ်သည်။ ဥပဒေ၏အဓိကရည်ရွယ်ချက်မှာ မိမိတို့နိုင်ငံအတွင်း ရှေးနှစ်ပေါင်းများစွာကပင် တည်ရှိခဲ့သည့် ယဉ်ကျေးမှုအမွေအနှစ်များကို အစွန့်ရှည်စွာ တည်တံ့စေရေးအတွက် ထိထိရောက်ရောက် ကာကွယ်ထိန်းသိမ်းနိုင်ရန် ဖြစ်သည်။

မိမိတို့ နိုင်ငံသည် သမိုင်းမတင်မီခေတ်ကတည်းကစပြီး လူသားတို့ အခြေချနေထိုင်မှုများရှိနေခဲ့ပြီဖြစ်သည့်အလျောက် ရှည်လျားသည့် သမိုင်းကြောင်းရှိသည့် နိုင်ငံ၊ သမိုင်း၏အထောက်အထား ယဉ်ကျေးမှုအမွေအနှစ်များမှာလည်း နိုင်ငံအတွင်း ဒေသများစွာတို့မှာ မြေပေါ်မြေအောက် အမြောက်အမြားတည်ရှိနေသည့် နိုင်ငံဖြစ်သည်။ သို့တိုင်အောင် နိုင်ငံ၏ သမိုင်းကြောင်းကို မှတ်တမ်းတင်ဖော်ထုတ်ရာတွင်မူ နှစ် ၁၀၀၀ ၏ ဟိုဘက်ဆီသို့ဆိုလျှင် ကွင်းဆက်များ တစ်စစီဆွဲထုတ်နေရဆဲဖြစ်ပြီး နှစ် ၂၀၀၀ ခန့်ဆိုလျှင်မူ ဤသို့ ဤနှယ်ဖြစ်တန်ကောင်း၏ ဟူသော အနုမာနမှန်းဆမှုများဖြင့်သာ မှုန်ပျပျအတိတ်ကို ပုံဖော်နေရဆဲဖြစ်သည်။ ဤသည်မှာ နိုင်ငံအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များကို သုတေသနပြုလုပ်ခြင်း၊ ဖော်ထုတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ ထိန်းသိမ်းခြင်းတို့ကို ပြည့်ပြည့်စုံစုံ မပြုလုပ်နိုင်သေးသည့်အတွက်လည်း ဖြစ်သည်။

မည်သို့ပင်ဆိုစေ သုတေသနမပြုလုပ်ရသေးသော၊ မဖော်ထုတ်ရသေးသော၊ မှတ်တမ်းမတင်ရသေးသော ယဉ်ကျေးမှုအမွေအနှစ်တို့ မပျက်စီးမပျောက်ဆုံးစေရန် ထိန်းသိမ်းမှုများ ပြုကြရမည်မှာ နိုင်ငံသားအားလုံးတို့၏ အမျိုးသားရေးတာဝန်တစ်ရပ်ပင် ဖြစ်သည်။

ယဉ်ကျေးမှုအမွေအနှစ်ဆိုသည်မှာ သမိုင်းအရဖြစ်စေ၊ ယဉ်ကျေးမှုအရဖြစ်စေ၊ ရှေးဟောင်းသုတေသနအရဖြစ်စေ၊ အနုပညာလက်ရာမြောက်မှုအရဖြစ်စေ၊ မနုဿဗေဒအရဖြစ်စေ၊ ဘူမိဗေဒအရဖြစ်စေ၊ ဇီဝဗေဒအရဖြစ်စေ တန်ဖိုးကြီးမားသောကြောင့် ကာကွယ်ထိန်းသိမ်းရန်လိုအပ်သည့်ရှေးဟောင်းနေရာ သို့မဟုတ် ရှေးဟောင်းအဆောက်အအုံများကိုဆိုသည်ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားချက်အရ ဆည်မြောင်းတာတမံများ၊ လမ်းတံတားများ၊ စက်မှုဇုန်များ စသည့်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင်မထိခိုက်မပျက်စီးရေးနှင့်တကွ ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်နိုင်ခြင်း ရှိမရှိကိုပါ ဆန်းစစ်လေ့လာမှုများ မပျက်မကွက်ပြုလုပ်ရန် လိုအပ်မည်ဖြစ်သည်။ မကြာသေးမီက မြင်စိုင်းမြို့ဟောင်းအနီး ကျောက်ထုတ်လုပ်မှုနှင့် စက်မှုဇုန် တည်ထောင်မှုတို့ကြောင့် မြင်စိုင်းမြို့ဟောင်း၏ သမိုင်းဝင်သဘာဝပတ်ဝန်းကျင်နှင့် သမိုင်းအမွေအနှစ်အဆောက်အအုံများ၏ တည်ရှိမှုတို့အပေါ် ထိခိုက်လာနိုင်သည့် အခြေအနေများနှင့် စပ်လျဉ်း၍ စိုးရိမ်မှုများပေါ်ပေါက်လာခဲ့ရသည်တို့မှာ ဂရုပြုဖွယ်ပင်ဖြစ်သည်။

ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ပြဋ္ဌာန်းလိုက်ခြင်းက နိုင်ငံနှင့် လူမျိုး၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိထိရောက်ရောက်ကာကွယ်ထိန်းသိမ်းသွားမည့် ခိုင်မာသည့် သန္နိဋ္ဌာန်ပင်ဖြစ်သည်။ ဥပဒေ၏သဘောသဘာဝအရ တိကျသော အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်ချက်များ၊ တာဝန်ရှိလူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဌာနများကို တိတိကျကျ သတ်မှတ်ထားမှုများ၊ တားမြစ်ချက်များ၊ ပြစ်မှုပြစ်ဒဏ်များလည်း ပါဝင်သည်။ ယခင်ပြဋ္ဌာန်းခဲ့သည့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၉/၁၉၉၈)ကို ယခု ဥပဒေဖြင့်ရုပ်သိမ်းလိုက်သော်လည်း ယခင်နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များနှင့်ညွှန်ကြားချက်များမှာ ယခု ဥပဒေဖြင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ပြဋ္ဌာန်းထားသည့် ဥပဒေသက်ဝင်ရှင်သန်မှုသာ ဥပဒေ၏ရည်ရွယ်ချက်များ ပေါက်မြောက်အောင်မြင်နိုင်မည်ကို နှလုံးမူနိုင်ကြပါစေကြောင်း။ ။

စာအုပ်စာပေ လူ့မိတ်ဆွေ

၂၀၁၉ ခုနှစ်၊ (၇၄) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးတို့ကို အဓိကထား ဆောင်ရွက်ရေး။

(ခ) သမိုင်းကြောင်းအရ နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် စဉ်ဆက်မပြတ် ခံယူလုပ်ဆောင်ရေး။

(ဂ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် မဖြစ်မနေ လိုအပ်သော ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဒို့တာဝန်အရေးသုံးပါးကို အခြေခံသော ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ဖြင့် တပ်မတော်မှ ခိုင်ခိုင်မာမာဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မှာကြားချက်များ ထပ်ဆင့်ရှင်းလင်း

ပုသိမ် မတ် ၄

ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များနှင့် တရားရေးဦးစီးမှူးများ၊ ခရိုင်တရား သူကြီးများ၏ (၁၆) ကြိမ်မြောက်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် မှာကြားခဲ့သည့် မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းသည့် အခမ်းအနားကို မတ် ၁ ရက်က ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ထပ်ဆင့်ရှင်းလင်းပွဲတွင် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးသန်းထွန်းနှင့် တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးထိန်မင်းတို့က ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းမှာကြားခဲ့ပြီး အခမ်းအနားသို့ တိုင်းဒေသကြီး တရား လွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီးအတွင်းရှိ တရားရုံးအဆင့်ဆင့်မှ တရားသူကြီးများနှင့် တရားရေးအရာရှိများ တက်ရောက်ခဲ့ကြောင်း သိရသည်။

လှမင်းထွဋ် (ပြန်/ဆက်)

ရမည်းသင်း၌ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ကျောင်းသားကျောင်းသူ ၃၉၅၀ ဖြေဆိုမည်

ရမည်းသင်း မတ် ၄

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း ၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ကျောင်းသားကျောင်းသူ ၃၉၅၀ ဖြေဆိုမည်ဖြစ်ကြောင်း မြို့နယ်အခြေခံပညာဦးစီးဌာန မြို့နယ်ပညာရေးမှူးရုံးမှ သိရှိရသည်။

ရမည်းသင်းမြို့နယ်အတွင်းယခင်နှစ်က တက္ကသိုလ်ဝင်တန်း စာမေးပွဲကိုစာစစ်ဌာန လေးခုရှိပြီး ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် မြို့လှ အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာနတစ်ခု ထပ်မံတိုးချဲ့ခဲ့ကြောင်း ရမည်းသင်းမြို့နယ် အခြေခံပညာဦးစီးဌာန ဒုတိယမြို့နယ်ပညာရေးမှူး ဦးစိုးနိုင်က ပြောသည်။

ရမည်းသင်းမြို့နယ်တွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် အ.ထ.က (၁) စာစစ်ဌာနတွင် အတွဲ(၁)ကို ကျောင်းသား၊ ကျောင်းသူ ၁၀၆၀၊ အတွဲ (၇) ၃၀၀၊ အထက်မြို့မစာစစ်ဌာနအတွဲ (၁) ၅၅၁ ဦး၊ အတွဲ(၂) ၁၀၆၊ အတွဲ (၇) ၃၀၀၊ အ.ထ.က သိမ်ကုန်းစာစစ်ဌာနအတွဲ(၁) ၄၀၈ ဦး၊ အတွဲ (၂) ၁၈ ဦး၊ အတွဲ (၇) ၁၃၁ ဦး၊ အ.ထ.ကရွာတန်း စာစစ်ဌာနအတွဲ (၁) ၄၂၀၊ အတွဲ (၂) ၂၄၆ ဦး၊ အတွဲ (၇) ၁၀၅ ဦး နှင့် အ.ထ.က မြို့လှ စာစစ်ဌာနအတွဲ (၁) ၁၃၁ဦး၊ အတွဲ (၂) ၁၅၆ဦး၊ အတွဲ(၇) ၁၇ ဦး၊ အတွဲ (၈) တစ်ဦး စုစုပေါင်း ၃၉၅၀ ဖြေဆိုမည်ဖြစ်ပြီး ရမည်းသင်းတစ်မြို့နယ်လုံးအတွဲ(၈) ဖြေဆိုသူ တစ်ဦးသာရှိကြောင်း သိရသည်။

ဇော်ဝင်းအောင် (ရမည်းသင်း)

တောင်ဥက္ကလာပမြို့နယ်၌ သပြေ ကလေးလူငယ်စာကြည့်တိုက် ဖွင့်လှစ်

ရန်ကုန် မတ် ၄

သပြေ ကလေးလူငယ်စာကြည့်တိုက် ဖွင့်ပွဲကို တောင်ဥက္ကလာပမြို့နယ် ၁၅ ရပ်ကွက် ၅ လမ်းရှိ အဆိုပါစာကြည့်တိုက် အဆောက်အအုံတွင် မတ် ၂ ရက်က ကျင်းပခဲ့သည်။ သပြေဒါရိုက်တာ ဦးမောင်ဇော်က စာကြည့်တိုက် မိတ်ဆက်စကားပြောကြားခဲ့ပြီး တောင်ကိုရီးယားနိုင်ငံ သံအမတ်ကြီး Mr. Lee Sang Hwa က "အရင်ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက မဖွံ့ဖြိုးသေးတဲ့ အာဖရိကနိုင်ငံ လူငယ်စာကြည့်တိုက် ဆောက်ပေးတဲ့ အခမ်းအနားမှာ ပြောကြားသွားခဲ့တဲ့ စကားလေးကို ပြန်လည်မျှဝေချင်ပါတယ်။ စာကြည့်တိုက်ဆိုတာ စာအုပ်တွေနဲ့ပဲ ပြည့်နှက်နေတဲ့ အဆောက်အအုံတစ်ခု မဟုတ်ပါဘူး။ စာကြည့်တိုက်ဆိုတာ လူတစ်ဦးတစ်ယောက်ချင်းကို စိုက်ပျိုးပေးတဲ့ ဥယျာဉ်နဲ့တူပါတယ်။ စာအုပ်ဆိုတာ စာရွက်တွေပဲ စုစည်းပေါင်းချုပ်ထားတဲ့ အရာတစ်ခုမဟုတ်ပါဘူး။ စာအုပ်ဆိုတာ လူအားလုံးရဲ့စိတ်နှလုံးသားကို လှပအောင် ပြုလုပ်ပေးတဲ့ အာဟာရတစ်မျိုး ဖြစ်ပါတယ်။ လူငယ်တွေစာအုပ်ကို ဖတ်ကြမယ်ဆိုရင်ဖြင့် ဒီနေရာမှာတောက်ပတဲ့ အနာဂတ်ရှိနေမှာပါ" ဟု ပြောကြားခဲ့သည်။

ထို့နောက် သပြေကလေးလူငယ်စာကြည့်တိုက် အုပ်ချုပ်မှုဒါရိုက်တာ Mr. Yeom Chang Geun က ယခုဖွင့်လှစ်သော သပြေကလေးလူငယ်စာကြည့်တိုက်သည် ယခုရပ်ကွက်နှင့် မြို့နယ်အတွင်းရှိ ကလေးလူငယ်ပြည်သူများ၏ တိုးတက်ဖွံ့ဖြိုးရေးအကျိုးပြု စာကြည့်တိုက်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ဖွင့်ပွဲအခမ်းအနားသို့ တောင်ကိုရီးယားနိုင်ငံ သံအမတ်ကြီး၊ ပြည်သူ့လွှတ်တော် နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာတင်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ပြည်သူများ တက်ရောက်ခဲ့ကြသည်။

သပြေကလေးလူငယ်စာကြည့်တိုက်အတွင်း တာဝန်ရှိသူများ လှည့်လည်ကြည့်ရှုစဉ်။

သပြေကလေးလူငယ်စာကြည့်တိုက်သည် အလျား ၅၆ပေ အနံ ၁၈ ပေ ငါးထပ် အဆောက်အအုံဖြစ်ပြီး ကလေးလူငယ်စာကြည့်တိုက်အပြင် လူငယ်ဘက်စုံဖွံ့ဖြိုးရေး သင်တန်းခန်းမများ ပါဝင်ကြောင်း သိရသည်။

ရဲမင်းထွန်း (ပြန်/ဆက်)

ပြင်ဆင်ဖတ်ရှုပါရန်

၂၀၁၉ ခုနှစ် မတ် ၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂ ပါ **"ပထမအကြိမ် တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ မြန်မာစကားပြောစွမ်းရည်ပြိုင်ပွဲ ရန်ကုန်တက္ကသိုလ် ကိုယ်စားပြု (အဓိပတိ)အသင်း ပထမဆုဆွတ်ခူး"**သတင်း၊ ကော်လံ ၃ မှ Mytel ဒုတိယ ဥက္ကဋ္ဌ **အစား** Mytel ဥက္ကဋ္ဌ ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **စာရေးသူ**

တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) (၅)မှု စီရင်ချမှတ်ပြီး (၅) မှုကို ရုံးထိုင်ကြားနာ

နေပြည်တော် မတ် ၄

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြင့်အောင်နှင့် ဦးမျိုးဝင်းတို့ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁) ၌ ရုံးထိုင်ပြီး တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) (၅)မှုကို စီရင်ချက် ချမှတ်သည်။ ထို့ပြင် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) (၅)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

နေပြည်တော် မတ် ၄

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေ ခန့်ရှိနိုင်သည်။

မိုး/ဇလ

အဓမ္မခိုင်းစေမှုများ တိုင်ကြားဖြေရှင်းနိုင်ရေးအတွက် လုပ်ငန်းစီမံချက်အသစ်တစ်ရပ် အမြန်ရေးဆွဲ အကောင်အထည်ဖော်ရေး ညှိနှိုင်း

နေပြည်တော် မတ် ၄

ILO မှ ပေးပို့လာသော လုပ်ငန်းစီမံချက်(မူကြမ်း) သုံးသပ်အတည်ပြုရေး၊ National Complaints Mechanism ထူထောင်ရေးနှင့် ကြားကာလအတွင်း အဓမ္မခိုင်းစေမှုများ တိုင်ကြားဖြေရှင်းနိုင်ရေးအတွက် လုပ်ငန်းစီမံချက်အသစ်တစ်ရပ် အမြန်ရေးဆွဲ အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

လက်မှတ်ရေးထိုးပါဝင်ထား

ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံနှင့် ILO တို့ MoU လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့သည့် အဓမ္မခိုင်းစေမှုပပျောက်ရေး လုပ်ငန်းစီမံချက်ကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်အထိ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ILO နှင့် ပူးပေါင်းဆောင်ရွက်ထားသည့် လုပ်ငန်းစီမံချက် ပြီးဆုံးခဲ့သော်လည်း မြန်မာနိုင်ငံက လက်မှတ်ရေးထိုးပါဝင်ထားသည့် ပြဋ္ဌာန်းချက် အမှတ် ၂၉ ကို အဖွဲ့ဝင်နိုင်ငံ၏ တာဝန်ရှိမှုအရ ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ထိရောက်စွာဆောင်ရွက်

ဝန်ကြီးဌာနအနေဖြင့် ILO နှင့် ပူးပေါင်းရေးဆွဲခဲ့သည့် Decent Work Country Programme (2018-2021) ကို ၂၀၁၈ ခုနှစ် စက်တင်ဘာတွင် MoU လက်မှတ်ရေးထိုးပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အဓမ္မခိုင်းစေမှုပပျောက်ရေးကို ထိရောက်စွာဆောင်ရွက်နိုင်ရန် နိုင်ငံတော်အနေဖြင့် Ownership ယူပြီး ဆောင်ရွက်မည့် National Complaints Mechanism ထူထောင်ရန် အချက်တစ်ချက်ပါရှိသည့်အတွက် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားထူထောင်ရေးလုပ်ငန်းစီမံချက်(မူကြမ်း) ရေးဆွဲထားပြီးဖြစ်ပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ အဓမ္မခိုင်းစေမှုများ တိုင်ကြားဖြေရှင်းနိုင်ရေးအတွက် လုပ်ငန်းစီမံချက်အသစ်တစ်ရပ်အမြန်ရေးဆွဲ အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နိုင်ငံတကာ၏ဖိအားပေးမှုကို ရှောင်ရှားနိုင်

National Complaints Mechanism ထူထောင်နေဆဲ ကြားကာလတွင် အဓမ္မခိုင်းစေမှုများ တိုင်ကြားဖြေရှင်းနိုင်ရေးအတွက် လုပ်ငန်းစီမံချက် ရေးဆွဲအကောင်အထည်ဖော်မှုနှင့်ပတ်သက်ပြီး တိုးတက်မှုကို ၂၀၁၉ ခုနှစ်၊ မတ်လတွင် ကျင်းပမည့် (၃၃၅) ကြိမ်မြောက် ILO အုပ်ချုပ်မှုအဖွဲ့အစည်းအဝေးတွင် ပြသနိုင်မှသာ မြန်မာနိုင်ငံက အဓမ္မခိုင်းစေမှု ပပျောက်ရေးကို political will နှင့် ဆောင်ရွက်နေသည့်အချက်ကို ILO မျက်နှာစာမှတစ်ဆင့် နိုင်ငံတကာသို့ ပြသနိုင်မည်ဖြစ်ပြီး ILO နှင့် နိုင်ငံတကာ၏ဖိအားပေးမှုကို ရှောင်ရှားနိုင်မည် ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ယနေ့အစည်းအဝေးတွင် ILO မှ အဆိုပြုတင်ပြထားသည့် New Action Plan ကို သုံးသပ်အတည်ပြုရေး၊ National Complaints Mechanism ထူထောင်ရေးနှင့် National Complaints Mechanism ထူထောင်နေဆဲကြားကာလတွင် အဓမ္မခိုင်းစေမှုများတိုင်ကြားဖြေရှင်းနိုင်ရေးအတွက် လုပ်ငန်းစီမံချက်အသစ်တစ်ရပ်အမြန်ရေးဆွဲအကောင်အထည်ဖော်နိုင်ရေးအတွက် တက်တက်ကြွကြွပါဝင်ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ဝိုင်းဝန်းအကြံပြုဆွေးနွေး

ထို့နောက် ILO မှ အဆိုပြုတင်ပြထားသည့် New Action Plan (လုပ်ငန်းစီမံချက်)နှင့် National Complaints Mechanism ထူထောင်နေဆဲ ကြားကာလတွင် အဓမ္မခိုင်းစေမှုများ တိုင်ကြားဖြေရှင်းနိုင်ရေးအတွက် လုပ်ငန်းစီမံချက်ရေးဆွဲအကောင်အထည်ဖော်မှုများနှင့်ပတ်သက်၍ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ရှင်းလင်းဆွေးနွေးခဲ့ပြီး National Complaints Mechanism အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှု ယန္တရားထူထောင်ရေးလုပ်ငန်းစီမံချက် (မူကြမ်း) ရေးဆွဲထားရှိမှု အခြေအနေနှင့် ပတ်သက်၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က ရှင်းလင်းတင်ပြခဲ့ရာ တက်ရောက်လာကြသည့် ဝန်ကြီးဌာန ကိုယ်စားလှယ်များက လိုအပ်သည်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ငါးဆူတောင် - ကြာအင်း - ကမ်းနီ - ဖောင်ကြီး ကျေးလက်လမ်းအား ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၄

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် လှည်းကူး -ဖောင်ကြီးလမ်းနှင့် ဆက်သွယ်ထားသည့် ငါးဆူတောင် - ကြာအင်း - ကမ်းနီ ကျေးလက်လမ်း ကွန်ကရစ်လမ်းခင်းခြင်း ပြီးစီးမှုအခြေအနေအား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က မတ် ၃ ရက် မွန်းလွဲပိုင်းက သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှင်းလင်းတင်ပြ

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန တိုင်းဒေသကြီး တာဝန်ခံ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသက်ဇော်က ၂၀၁၈ - ၂၀၁၉ ခုနှစ် ဘဏ္ဍာရေးနှစ် ကျေးလက်လမ်း၊ တံတားများ ဆောင်ရွက်ထားရှိမှု၊ လှည်းကူးမြို့နယ်အတွင်း အဓိကလမ်းမကြီးများနှင့် ကျေးလက်လမ်းများ ဆက်သွယ်ဖောက်လုပ်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြ၍ ညွှန်ကြားရေးမှူးချုပ် ဦးခင်သက်က ဖြည့်စွက်တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ငါးဆူတောင် - ကြာအင်း - ကမ်းနီလမ်းပေါ်တွင် ငမိုးရိပ်ချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသည့် ယခင်ဘေလီတံတားဟောင်းသည် ကြံ့ခိုင်မှုအားနည်းသည့်အတွက် အရှည်ပေ ၁၇၀ သံကူကွန်ကရစ်အမျိုးအစား ငမိုးရိပ်ချောင်းကူးတံတားသစ် တည်ဆောက်မည့် လုပ်ငန်းများနှင့် တံတားသစ်တည်ဆောက်နေစဉ် ယာယီလမ်းလွှဲဘေလီတံတားထိုးနေမှုနှင့် စပ်လျဉ်း၍ တာဝန်ရှိသူက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကျေးလက်ဒေသထွက်ကုန်ပစ္စည်းများကို မြို့ပြသို့ ပို့ဆောင်ရာတွင် အဓိကကျသည့် လမ်းဖြစ်သည့်အတွက် တံတားလုပ်ငန်းများ အမြန်ဆုံးစတင်ဆောင်ရွက်ရန် မှာကြားပြီး လက်ရှိတံတား၏ ကြံ့ခိုင်မှုနှင့် ယာယီဘေလီတံတားထိုးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ငမိုးရိပ်ချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသည့် ဘေလီတံတားဟောင်းကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

ငါးဆူတောင် - ကြာအင်း - ကမ်းနီ ကျေးလက်လမ်းသည် ဒေသထွက်ကုန်များကို မြို့ပြသို့ ပို့ဆောင်ရာတွင် အဓိကကျသည့် လမ်းတစ်လမ်းဖြစ်ပြီး ကျေးရွာ ကိုးရွာ ၊ အိမ်ခြေ ၃၉၄၅ နှင့် လူဦးရေ ၁၆၄၁၂ ဦးကို အကျိုးပြုမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်မြို့ပြလူထုရထားပို့ဆောင်ရေးစီမံကိန်းအကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ ပထမအကြိမ်အစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၄

ရန်ကုန်မြို့ပြလူထုရထားပို့ဆောင်ရေးစီမံကိန်း အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ယနေ့နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅)တွင် ကျင်းပသည်။

အစည်းအဝေးတွင် ရန်ကုန်မြို့ပြလူထုရထားပို့ဆောင်ရေးစီမံကိန်း (Yangon Urban Mass Rapid Transit – YUMRT) အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပို့ဆောင်ရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဂျပန်နိုင်ငံ၏ အကူအညီဖြင့် အမျိုးသားပို့ဆောင်ရေးပင်မစီမံကိန်းကို ရေးဆွဲပြီး ဦးစားပေးအစီအစဉ်များအတိုင်း အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ တစ်ချိန်တည်းတွင် ရန်ကုန်မြို့တော်၏ မြို့ပြ သယ်ယူပို့ဆောင်ရေးစနစ် ဖွံ့ဖြိုးရေးကို စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် Urban Transport Development Plan in Greater Yangon - YUTRA ကို ဂျပန်နိုင်ငံ၏ အကူအညီဖြင့် ရေးဆွဲခဲ့ပါကြောင်း၊ အဆိုပါနှစ်ရှည်စီမံကိန်းအရ ခေတ်မီလူထုမြို့ပြရထားပို့ဆောင်ရေးစနစ် တောင်-မြောက်လမ်းပိုင်း (ဘူတာကြီး-မင်္ဂလာဒုံလေဆိပ်)နှင့် အရှေ့-အနောက်လမ်းပိုင်း (လှိုင်သာယာ-တိုးကြောင်ကလေး) တို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဂျပန်နိုင်ငံ၏ အကူအညီဖြင့် ကနဦးလေ့လာမှုကို ၂၀၁၆ ခုနှစ် ဩဂုတ်မှ ၂၀၁၇ ခုနှစ် ဩဂုတ်အထိ ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါ အသေးစိတ်လေ့လာမှုဆောင်ရွက်လျက်ရှိပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် ပြီးစီးမည်ဖြစ်ကြောင်းနှင့် နှစ်ကုန်တွင် အပြီးသတ် အစီရင်ခံစာထွက်ရှိမည်ဖြစ်ကြောင်း၊ စီမံကိန်းအားသတ်မှတ်ကာလအတိုင်း အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းကော်မတီ၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေးကော်မတီနှင့် ကားလမ်းကူးနေရာများ၌ ယာဉ်ကြောပိတ်ဆို့မှုဖြေလျှော့ရေးကော်မတီအသီးသီးကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း ရန်ကုန်မြို့၏ ယာဉ်ကြောကျပ်တည်းမှု ဖြေရှင်းရေးလုပ်ငန်းစဉ်များ အောင်မြင်မှုသည် ယခုစီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မှုနှင့် သက်ဆိုင်လျက်ရှိသဖြင့် စီမံကိန်းအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားရရှိရေး၊ လိုအပ်သော မြေယာများ အသုံးပြုခွင့်ရရှိရေးတို့အား ပူးပေါင်းဆောင်ရွက်ပေးပါရန်နှင့် လိုအပ်ချက်များ အကြံပြုပေးကြပါရန် ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ရန်ကုန်မြို့ပြလူထုရထားပို့ဆောင်ရေးစီမံကိန်း အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ၏ ပထမအကြိမ်အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

ရန်ကုန်မြို့ပြလူထုရထားပို့ဆောင်ရေးစီမံကိန်း အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ၏ ပထမအကြိမ်အစည်းအဝေးသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်၊ စက်မှုလက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

နေပြည်တော် မတ် ၄

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ Geneva Call အဖွဲ့မှ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၁၀၀ ကျော် ပေါင်းစည်းနေထိုင်သည့်နိုင်ငံဖြစ်ပါကြောင်း၊ လူမျိုးနွယ်စု အသီးသီးတွင် ကိုယ်ပိုင်ဘာသာစကား၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဝတ်စားဆင်ယင်မှု၊ ကိုးကွယ်ယုံကြည်မှု၊ ရိုးရာဓလေ့ထုံးတမ်းများ၊ ပွဲတော်များနှင့် ရှေးဟောင်းသမိုင်း မှတ်တမ်းဝင် အဆောက်အအုံ၊ ရှေးဟောင်းနေရာဒေသများ၊ ရှေးဟောင်းပစ္စည်းများစသည့် ယဉ်ကျေးမှုအမွေအနှစ်များရှိပြီး အဆိုပါ ယဉ်ကျေးမှုအမွေအနှစ်များသည်လည်း မျိုးနွယ်စုများနှင့်အတူ နိုင်ငံ၏နေရာဒေသအသီးသီးတွင် ပျံ့နှံ့တည်ရှိနေပါကြောင်း။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားလူမျိုးများ၏ စကား ၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာနှင့် သမိုင်းအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မူဝါဒချမှတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေပါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့်ရပိုင်ခွင့်များတွင် **“မိမိတို့၏ ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခွင့်ရှိသည်”** ဟု ပါရှိပါကြောင်း၊ ထိုသို့ပါရှိသည်နှင့်အညီ ယခုကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲသည် တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ဘာသာစကား၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဝတ်စားဆင်ယင်မှု၊ ကိုးကွယ်ယုံကြည်မှု၊ ရိုးရာဓလေ့ထုံးတမ်းများ၊ ပွဲတော်များနှင့်ရှေးဟောင်း သမိုင်းမှတ်တမ်းဝင် အဆောက်အအုံ၊ ရှေးဟောင်းနေရာဒေသများ၊ ရှေးဟောင်းပစ္စည်းများ စသည့်ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းစဉ်များကို သိရှိနားလည်ပြီး လက်တွေ့ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

ယဉ်ကျေးမှု အမွေအနှစ်များတွင် အကောင်အထည်ဖော်ပြနိုင်သော ယဉ်ကျေးမှုအမွေအနှစ်ကို ဒြပ်ရှိ ယဉ်ကျေးမှုအမွေအနှစ် (Tangible Culture Heritage) ဟု ခေါ်ဆိုပြီး မျက်မြင်အားဖြင့် အကောင်အထည် မဖော်ပြနိုင်သော ယဉ်ကျေးမှုအမွေအနှစ်ကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (Intangible Culture Heritage) ဟု ခေါ်ဆိုသတ်မှတ်ကြပါကြောင်း၊ အဆိုပါ ယဉ်ကျေးမှုအမွေအနှစ်များကိုထိန်းသိမ်းခြင်းဖြင့် မြန်မာကိုကမ္ဘာက သိစေရန်အတွက် နိုင်ငံသားအားလုံးကြိုးပမ်းဆောင်ရွက်ရန်လိုအပ်သည်ဟု မှာကြားလိုပါကြောင်း။

အဆိုပါအချက်ကိုနောင်အနာဂတ်မျိုးဆက်သစ်များအနေဖြင့် အထူးသတိထားရမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရှိ ဒြပ်ရှိအမွေအနှစ်များနှင့် တိမ်မြုပ်ပျောက်ကွယ်လုနီးနီး ဖြစ်နေသည့် ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များ၊ မိမိတို့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များကို လက်ဆင့်ကမ်း အမွေအဖြစ် ထိန်းသိမ်းရမည်ဖြစ်ပါကြောင်း၊ ယဉ်ကျေးမှုပျောက်ပါက လူမျိုးပါ ပျောက်သွားမည်ဆိုသည်ကို အမြဲသတိရှိနေရန်လည်းလိုပါကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာမည့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ အကြောင်းအရာများအား ရှင်းလင်းသေချာစွာနားလည်အောင် အပြန်အလှန်ဆွေးနွေးကြပြီး မိမိတို့တာဝန်ထမ်းဆောင်သည့်ဒေသများသို့ ပြန်လည်ရောက်ရှိသည့်အခါ ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်းနှင့် ထိန်းသိမ်းစောင့်ရှောက်နိုင်မည့် နည်းလမ်းများကို ဒေသခံတိုင်းရင်းသားပြည်သူများအား ရှင်းလင်းတင်ပြဆွေးနွေးကြပြီး သက်ဆိုင်ရာအစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ တိုင်းရင်းသား ပြည်သူများပါဝင်သည့် စုပေါင်းအင်အားနှင့် တိုင်းရင်းသားများ၏ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းများတွင် တက်တက်ကြွကြွနှင့် လက်တွေ့အသုံးချဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Geneva Call အဖွဲ့မှ တာဝန်ရှိသူများ၊ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသောအရာထမ်း၊ အမှုထမ်းများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယခုပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ဆွေးနွေးမည်ဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ရန်ကုန်တက္ကသိုလ် သင်္ကြန်အကြိုပွဲတော် ဝိဇ္ဇာမြက်ခင်းပြင်၌ ကျင်းပ

ရန်ကုန် မတ် ၄

ကောဇာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ် သင်္ကြန်အကြိုပွဲတော်ကို ယနေ့နံနက်ပိုင်းက ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာမြက်ခင်းပြင်၌ ကျင်းပခဲ့သည်။ **(အောက်ပုံ)**

ရန်ကုန်တက္ကသိုလ် သင်္ကြန်အကြိုပွဲတော်ကို ရန်ကုန်တက္ကသိုလ် (လှိုင်နယ် မြေ) ဒုတိယပါမောက္ခချုပ် ဒေါက်တာ သောင်းထိုက်နှင့် ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂအဖွဲ့ဝင်များက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ထို့နောက် တက္ကသိုလ် ကျောင်းသူလေးများက သင်္ကြန်ယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

“ကလေးတွေ စနစ်တကျလုပ်ထားတာတွေ့ရတယ်။ အဓိကကတော့ ရန်ကုန်တက္ကသိုလ်ကျောင်းသားကျောင်းသူ အသိုင်းအဝိုင်းပါပဲ။ ဝိဇ္ဇာမြက်ခင်းပြင်မှာ သူတို့ဟာ သူတို့ ကြိုးစားပြီးတော့ စည်စည်ကားကားဖြစ်အောင် လုပ်ထားတယ်။ လှိုင်ဘက်က ကျောင်းသား ကျောင်းသူတွေလည်း ဒီဘက်ကိုလာကြတယ်။ ဒီပွဲကတော့ အမှတ်တရတွေပါပဲ” ဟု ဒုတိယပါမောက္ခချုပ် ဒေါက်တာ သောင်းထိုက်က ပြောကြားသည်။

ယနေ့ ကျင်းပသော ရန်ကုန်တက္ကသိုလ် သင်္ကြန်အကြိုပွဲတော်တွင် ပထမနှစ်မှ နောက်ဆုံးနှစ်အထိ ကျောင်းသားကျောင်းသူများက သင်္ကြန်မိုး၊ နွေဦးကဗျာ၊ ချမ်းပါတယ်၊ ချမ်းတုန်ချမ်း၊ သင်္ကြန်ရေစသော သင်္ကြန်သီချင်းများနှင့်အတူ ယိမ်းအဖွဲ့များက အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ ထို့ပြင် နိုင်ငံကျော် လူငယ်တေးသံရှင်များကလည်း ရန်ကုန်တက္ကသိုလ် သင်္ကြန်အကြိုပွဲတော်ကို ပါဝင်ဆင်နွှဲခဲ့ကြပြီး ခေတ်ပေါ်တေးဂီတဖျော်ဖြေမှုများလည်း ပါဝင်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်၌ ယနေ့ကျင်းပသော သင်္ကြန်အကြိုပွဲတော်သည် တတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး ယခုနှစ်တွင် ထူးခြားမှုအနေဖြင့် သံချပ်အဖွဲ့များထည့်သွင်း ဖျော်ဖြေတင်ဆက်နိုင်ခဲ့သည်။ ကံ့ကော်မျိုးဆက်သံချပ်အဖွဲ့သည် ရန်ကုန်တက္ကသိုလ် ကျောင်းသား ကျောင်းသူများဖြင့် ဖွဲ့စည်းထားသော သံချပ်အဖွဲ့ဖြစ်ပြီး ယခုနှစ်မဟာ သင်္ကြန်ပွဲတော်တွင် ပါဝင်တင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - ထိန်လင်း

✻ *ရှေ့စာမျက်နှာမှ*

အတည်ပြုရခြင်းတို့ ဆောင်ရွက်ပြီး မှသာ ဖော်ထုတ်ဖမ်းဆီးနိုင်ခြင်းများလည်း ရှိပါကြောင်း၊ ထို့အပြင် ကွင်းဆက်တရားခံများအား ဥပဒေနှင့်အညီ တရားစွဲတင်နိုင်ရေး၊ ထိုက်သင့်သည့် ပြစ်ဒဏ်ရရှိရေးတို့အတွက် လိုအပ်သည့်သက်သေအထောက်အထားများရရှိ ရေးကိုလည်း ဆောင်ရွက်ရပါကြောင်း။

တည်ဆဲဥပဒေပြဋ္ဌာန်းချက်များတွင် ကွင်းဆက်တရားခံများကို ပြစ်မှုကျူးလွန်သည့် တရားခံများကဲ့သို့ အပြစ်ပေးအရေးယူရန် သတ်မှတ်ပြဋ္ဌာန်းထားရှိခြင်းကြောင့်သော်လည်းကောင်း၊ ပြဋ္ဌာန်းချက်နှင့်အညီ ကွင်းဆက်တရားခံများကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် ဖမ်းဆီးဖော်ထုတ်လျက်ရှိသည့်အပြင်

ဒုတိယဝန်ကြီး
ဗိုလ်ချုပ်အောင်သူ
ဖြေကြားစဉ်။

ဖောင်းပြင်မဲဆန္ဒနယ်မှ
ဦးထွန်းဝေ
မေးမြန်းစဉ်။

ဒုတိယဝန်ကြီး
ဒေါက်တာရဲမြင့်ဆွေ
ဖြေကြားစဉ်။

ချောက်မဲဆန္ဒနယ်မှ
ဦးဘိုကြီး
မေးမြန်းစဉ်။

ဝေါမဲဆန္ဒနယ်မှ
ဦးတင်ထွေး
အဆိုတင်သွင်းစဉ်။

နိုင်ငံတကာနှင့်လည်း အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် ကွင်းဆက်တရားခံများ ဖမ်းဆီးရမိရေး သီးခြားညွှန်ကြားချက်ထုတ်ပြန်ရန် မလိုအပ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ချောက် မဲဆန္ဒနယ်မှ ဦးဘိုကြီး၏ **မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် ဒေသတွင်းစိမ်းလန်းစိုပြည်မှုကို အထောက်အကူဖြစ်စေရန်အတွက် ရွှေပုံတောင် စိမ်းလန်းစိုပြည်ရေးဧရိယာ အပြင်စည်းနယ်မြေရှိ ယခင်အုတ်ရေကန်များအား ပြုပြင်ခြင်း၊ အုတ်ရေကန်သစ်များ ထပ်မံတည်ဆောက်ခြင်း၊ ရေပိုက်လိုင်းများ ပြန်လည်သွယ်တန်း၍ မြစ်ရေတင်စနစ်ဖြင့် ရေလောင်းစိုက်ပျိုးပြုစု ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်နှင့် ကုန်ကျစရိတ်များသော်လည်း ရှင်သန်ဖြစ်ထွန်းမှုကောင်းသည့် သက်တမ်းရင့် ပျိုးပင်ကြီးများဖြင့် အရေအတွက်များများ စိုက်ပျိုးသွားရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ရွှေပုံတောင်ဒေသသည် ချောက်ရေနံမြေ ဧရိယာဖြစ်ပြီး ၂၀၀၈ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ၁၀ နှစ်အတွင်း နှစ်စဉ်ပျမ်းမျှ မိုးရွာရက် ၄၀ ရက်ကျော်နှင့် မိုးရေချိန် ၂၂ ဒသမ ၉၈ လက်မ၊ ၂၀၁၈ ခုနှစ်တွင် မိုးရွာရက် ၄၄ ရက် ပျမ်းမျှမိုးရေချိန် ၂၆ ဒသမ ၃၇ လက်မရွာသွန်းပြီး ပျမ်းမျှအမြင့်ဆုံး အပူချိန် ၄၁ ဒီဂရီစင်တီဂရိတ်၊ အနိမ့်ဆုံး အပူချိန် ၁၉ ဒီဂရီစင်တီဂရိတ်ရှိသဖြင့် နွေရာသီနှင့် မိုးပြတ်ကာလများတွင် စိုက်ပျိုးပင်များအား ရေလောင်းပြုစုရန် လိုအပ်လျက်ရှိပါကြောင်း။

အပြင်စည်းနယ်မြေ၌ ရေလောင်းစိုက်ပျိုးပြုစုထိန်းသိမ်းရန်အတွက် ရေဂါလန် ၃၀၀၀ ဆံ့ အုတ်ရေကန်များ ပြန်လည်ပြုပြင်ခြင်း၊ ရေဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်အသစ်တစ်လုံး ထပ်မံတည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်းများ ပြန်လည်သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်အတွက် ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ပင်မနှင့် အတွင်းစည်းနယ်မြေ B3 ကုန်းရှိ အုတ်ရေကန်များမှ အပြင်စည်းနယ်မြေရှိ အုတ်ရေကန်များသို့ ပေပေါင်း ၂၀၂၃၅ ပေရှိ အကွာအဝေးကို ရေပိုက်လိုင်းများ သွယ်တန်း၍ အလယ်နေရာတွင် အမြင့်တင်ရေပန့်တစ်လုံးဖြင့် ထပ်ဆင့်တွန်းတင်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အုတ်ရေကန်သုံးလုံး ပြုပြင်ခြင်း၊ အုတ်ရေကန် အသစ်တစ်လုံး တည်ဆောက်ခြင်း၊ ရေပိုက်လိုင်းများ သွယ်တန်းခြင်း၊ ရေပန့်မော်တာနှင့် 200 KVA ထရန်စဖော်မာ တစ်လုံး တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်မည့် ရန်ပုံငွေ ငွေကျပ် ၉၆ ဒသမ ၉၂ သန်းခွင့်ပြုပေးပါရန် တင်ပြတောင်းခံသွားမည် ဖြစ်ပါကြောင်း။

ရေတင်ရေလောင်းလုပ်ငန်းအတွက် ရန်ပုံငွေခွင့်ပြုမိန့်ရရှိခဲ့ပါက အပြင်စည်းနယ်မြေ၌ ကျန်ရှိသည့် မြေဧရိယာ ၂၁၈ ဒသမ ၃ ဧကတွင် တစ်နှစ်လျှင် အပင် ၂၀၀၀၀ နှုန်းဖြင့် ငါးနှစ်အတွင်း အပင်ပေါင်း ၁၀၀၀၀၀ ကို ရေပိုက်လိုင်းများ သွယ်တန်း၍ ရေလောင်းပြုစု ထိန်းသိမ်းစိုက်ပျိုးသွားရန် စီစဉ်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ သန်လျင် မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ်၊ တောင်ကုတ် မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်းနှင့် ကနီ မဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးများဖြစ်သည့် ဗိုလ်ချုပ်အောင်သူနှင့် ဒေါက်တာရဲမြင့်ဆွေတို့က ရှင်းလင်းဖြေကြားကြသည်။

နိုင်ငံ၏ အတိတ်ကာလတစ်လျှောက်လုံးတွင် မြို့ပြနှင့် ကျေးလက်နေ ပြည်သူလူထု၏ လူနေမှုဘဝ လုံခြုံမှုကိစ္စအဝဝကို ရဲတပ်ဖွဲ့ဝင်များကသာ အနီးကပ် တာဝန်ယူကြရ

ထို့နောက် ဝေါ မဲဆန္ဒနယ်မှ ဦးတင်ထွေးက **မြို့ပြများတွင် တရားဥပဒေစိုးမိုးပြီး ပြည်သူလူထု၏ လူနေမှုဘဝ လုံခြုံမှုရှိစေရန် ရာဇဝတ်မှုများ ဖြစ်ပေါ်နေမှုကို ကာကွယ်တားဆီးနိုင်ရန်အတွက် ဦးစားပေးအဆင့်ဖြင့် ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာတွင် ပြည်သူလူထု၏ နေထိုင်သွားလာမှု ဘဝသည် လုံခြုံစိတ်ချရမှုမရှိသည့် အခြေအနေကဲ့သို့ ဖြစ်လာနေပါကြောင်း၊ နိုင်ငံ၏ အတိတ်ကာလတစ်လျှောက်လုံးတွင် မြို့ပြနှင့် ကျေးလက်နေ ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံမှုကိစ္စအဝဝကို ရဲတပ်ဖွဲ့ဝင်များကသာ အနီးကပ် တာဝန်ယူကြရပါကြောင်း။

လူနေထူထပ်သည့် မြို့ပြများတွင် နေထိုင်ကြသည့် ပြည်သူလူထုအတွင်း ရာဇဝတ်မှုများ ပပျောက်ရန် လက်ရှိ မြို့ရွာလုံခြုံရေးကို တာဝန်ယူနေကြသည့် ရဲတပ်ဖွဲ့အင်အားကို တိုးချဲ့ဖွဲ့စည်းဆောင်ရွက်နိုင်သကဲ့သို့ ရဲတပ်ရင်းတွင်ရှိသည့် ရဲအများစုကိုလည်း သက်ဆိုင်ရာ ရဲစခန်းများကို မျှဝေပေးနိုင်သည့် အဆင့်လည်းရှိပါကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ မူရင်းအချက်များကို ကြည့်၍ စီမံဆောင်ရွက်နိုင်သည့် စနစ်လည်း ရှိပါကြောင်း၊ စီမံဆောင်ရွက်နိုင်မည်ဆိုပါက ဒီမိုကရေစီ ကူးပြောင်းရေးကာလသည်လည်း အနေးနှင့်အမြန် လိုချင်သည့် ပန်းတိုင်ကို ပြည်သူများ ခံစားရမည်ဖြစ်ပါကြောင်း။

မြို့ပြများတွင် တရားဥပဒေစိုးမိုးပြီး လူနေမှုဘဝလုံခြုံမှုရှိစေရန် ရာဇဝတ်မှုများဖြစ်ပေါ်နေမှုကို ကာကွယ်တားဆီးနိုင်ရေးအတွက် ဦးစားပေးအဆင့်အဖြစ် စီစဉ်ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရအား လေးစားစွာဖြင့် တိုက်တွန်းပါကြောင်းနှင့် လွှတ်တော်မှ အကြံပြုဆွေးနွေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် အဆိုအား လက်ခံဆွေးနွေးနိုင်ရန်အတွက် ကံမ မဲဆန္ဒနယ်မှ ဦးစိန်ဟန်က ထောက်ခံတင်ပြသည်။

အဆိုနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာ

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းအစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူ မရှိသည့်အတွက် ပြင်ဆင်ချက်ဖြင့် သဘောတူကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို မတ် ၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အေးအေးသန့်(သတင်းစဉ်)

မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာလုပ်ငန်းကော်မတီ၏ မသန်စွမ်းမှုစစ်တမ်းကောက်ယူရေးဆိုင်ရာညှိနှိုင်း

နေပြည်တော် မတ် ၄

မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ မသန်စွမ်းမှုစစ်တမ်းကောက်ယူရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ကမ္ဘာ့လူဦးရေ၏ ၁၅ ရာခိုင်နှုန်းသည် မသန်စွမ်းမှုတစ်မျိုးမျိုးဖြင့် ကြုံတွေ့နေရပြီး မသန်စွမ်းဖြစ်ပွားမှုမှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ပို၍မြင့်မားသည်ကို တွေ့ရှိရပါကြောင်း၊ မသန်စွမ်းမှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ မှန်မှန်ကန်ကန်ရရှိရေး ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေး နည်းဥပဒေအများအရ မသန်စွမ်းသူများလူဦးရေစာရင်းနှင့် လူမှုစီးပွားအခြေအနေ စစ်တမ်းကောက်ယူခြင်းအပါအဝင် မသန်စွမ်းသူများနှင့် သက်ဆိုင်သော သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းကော်မတီက ကြီးမှူး၍ မသန်စွမ်းသူ အရေအတွက်နှင့် မသန်စွမ်းသူများ၏ လိုအပ်ချက်များ ဘဝရှင်သန်နေထိုင်မှုနှင့် ပတ်သက်သည့် အချက်အလက်များ ရရှိနိုင်ရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများ ပီပီပြင်ပြင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်ပြီး ယခုလိုမသန်စွမ်းမှု စစ်တမ်းကောက်ယူရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးပထမအကြိမ်ကို ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း။

ဝိုင်းဝန်းကူညီဆွေးနွေး

စစ်တမ်းကောက်ယူရာတွင် အသုံးပြုနိုင်မည့် မေးခွန်းလွှာများ၊ နယ်ပယ်များ၊ နည်းလမ်းများ၊ တာဝန်များ၊ စစ်တမ်းကောက်ယူရေးဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့ ဖွဲ့စည်းနိုင်ရေးတို့ကို စတင်ဆွေးနွေး ညှိနှိုင်းသွားရမည်ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများအား လူမှုအသိုင်းအဝိုင်းအတွင်း တန်းတူပါဝင်ခွင့်ရရှိရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုတွင် မသန်စွမ်းသူများ၏ အရေးကိစ္စကို ထည့်သွင်းဆောင်ရွက်နိုင်ရေး၊ မသန်စွမ်းသူများအတွက် နည်းပညာပိုင်းဆိုင်ရာ အထောက်အကူပြုစီမံဆောင်ရွက်မှု ပိုမိုမြှင့်တင် ဆောင်ရွက်နိုင်ရေး၊ မသန်စွမ်းသူများ ကြုံတွေ့နေရသောပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိမှု မြှင့်တင်ပေးရေး၊ တန်းတူညီမျှရရှိစေရေး၊ ဥပဒေရေးရာဆိုင်ရာပံ့ပိုးမှုများ ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ မသန်စွမ်းသူများအတွက် အကောင်းဆုံး အကျိုးစီးပွားတို့ကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်ရန်အတွက် မသန်စွမ်းမှု စစ်တမ်းကောက်ယူနိုင်ရေး ညှိနှိုင်းပွဲ အစည်းအဝေးတွင် ဝိုင်းဝန်းကူညီ ဆွေးနွေးဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် Voluntary Service Overseas (VSO) မှ Country Director, Mr. Ben William က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဆွေးနွေးပွဲ၏ရည်ရွယ်ချက်၊ မသန်စွမ်းမှု စစ်တမ်းကောက်ယူရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းခြင်း၊ အဖွဲ့လိုက်ဆွေးနွေးနိုင်ရေးအတွက် ပုံစံများနှင့်ဆွေးနွေးခြင်း၊ Technical Advisory Committee ဖွဲ့စည်းနိုင်ရေးအတွက် ရှင်းလင်းပြောကြားခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

ယင်းနောက် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ထူးခြားသည့်နေ့အပူချိန်

ချောက်မြို့ ညောင်လေးပင်မြို့ ဖြူးမြို့ ကြို့ပင်ကောက်မြို့ ရန်ကုန်(မြို့လယ်)၊ ခရမ်းမြို့ ဘော်လခဲမြို့ မြဝတီမြို့နှင့် ရေးမြို့တို့တွင် ၃၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၀ ဒသမ ၃၂ လက်မနှင့် မချမ်းဘောမြို့တွင် ၀ ဒသမ ၀၈ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

ပြင်ဆင်ဖတ်ရှုပါရန်

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၅ ကော်လံ ၄ ပါ **“အိန္ဒိယနိုင်ငံအစိုးရမှ မြန်မာနိုင်ငံအစိုးရသို့ ဇန်နဝါရီ ၃ ရက်က လွှဲပြောင်းပေးခဲ့သူ ခြောက်ဦးအား ၎င်းတို့၏ မိဘဆွေမျိုးများထံ စနစ်တကျလွှဲပြောင်းပေးအပ်ပြီးဖြစ်”** သတင်း၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ မြန်မာသံရုံး **အစား** အိန္ဒိယနိုင်ငံရှိ မြန်မာသံရုံး ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **သတင်းစဉ်**

ဆေးလူမှုဆက်ဆံရေးလုပ်ငန်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု

ဖေနှင်းငွေ

ဆေးလူမှုဆက်ဆံရေးလုပ်ငန်း နှစ်(၆၀) ပြည့်အထိမ်းအမှတ်အခမ်းအနား ကျင်းပစဉ်။

"ဆေးလူမှုဆက်ဆံရေးလုပ်ငန်းများ ကျယ်ပြန့်တွင်ကျယ်လာသည်နှင့်အမျှ ဆေးကုသခြင်းနှင့်အတူ ဒွန်တွဲဖြစ်ပေါ်နေသော လူနာတို့၏ အခက်အခဲပြဿနာတို့သည်လည်း ပြေလည်မှုရရှိစေမည် ဖြစ်ပါသည်။ ထို့အပြင် လူနာနှင့် မိသားစုတို့တွင်လည်း ကာယသုခ၊ စိတ္တသုခနှင့် လူမှုရေးသုခများကိုပါ ရရှိခံစားနိုင်မှာ အမှန်ပင်ဖြစ်ပါတော့သည်"

ဆေးလူမှုဆက်ဆံရေးလုပ်ငန်းဆိုသည်မှာ နိုင်ငံတော်ပိုင် ပြည်သူ့ဆေးရုံကြီးများတွင် ဆေးကုသမှုခံယူနေကြသော လူနာများအနက်မှ ဆေးဘက်ဆိုင်ရာ လူမှုရေးပြဿနာများ ရင်ဆိုင်တွေ့ကြုံနေရသော လူနာများ၏ အခက်အခဲများကို ကူညီဖြေရှင်းပေးရသော လူမှုရေးလုပ်ငန်းတစ်ခု ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ကုသထောက်ကူပြုဌာနခွဲတွင်ရှိသော လုပ်ငန်းဌာနစိတ်တစ်ခု ဖြစ်ပါသည်။

ဆေးရုံတက်လူနာ၏ လူမှုရေးအခက်အခဲ ကူညီပေးရန် ရည်ရွယ်

လုပ်ငန်း၏အဓိကဦးတည်ချက်မှာ ဆေးရုံတက်၍ ကုသမှုခံယူနေသော လူနာတို့တွင် တွေ့ကြုံခံစားနေရသော ဆေးဘက်ဆိုင်ရာ လူမှုရေးအခက်အခဲ ပြဿနာများကို ကူညီဖြေရှင်းပေးရန်ဖြစ်သည်။ ဆေးဘက်ဆိုင်ရာ လူမှုရေးပြဿနာဟု ဆိုရာတွင် မကျန်းမမာဖြစ်ခြင်းနှင့် ဆက်စပ်လျက် ဒွန်တွဲဖြစ်ပေါ်နေသော အခက်အခဲပြဿနာများကို ဆိုလိုခြင်းဖြစ်ပါသည်။ အဆိုပါ ပြဿနာများကို ကူညီဖြေရှင်းပေးခြင်းအားဖြင့် ဆေးကုသမှုလုပ်ငန်းများ ပိုမိုထိရောက်၍ ကုသရေးလုပ်ငန်းများ တိုးတက်အောင်မြင်ရေးကို အထောက်အကူပြုနိုင်ပါသည်။ ထို့အပြင် ဆေးကုသမှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၏ လုပ်အားများ၊ နိုင်ငံတော်၏ဘဏ္ဍာငွေများ၊ ဆေးနှင့်ဆေးပစ္စည်းကိရိယာများ အလဟဿ ဆုံးရှုံးမှုများကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။ ရောဂါဝေဒနာခံစားနေရသော လူနာများကိုယ်တိုင်လည်း ကိုယ်ကျန်းမာခြင်း၊ စိတ်ကျန်းမာခြင်းသာမက လူမှုရေးဆိုင်ရာကျေနပ်မှုများကိုပါ ဆေးကုသမှုခံယူနေစဉ်အတွင်း ရရှိစေနိုင်မှာဖြစ်ပါသည်။

ဆေးလူမှုဆက်ဆံရေးလုပ်ငန်း သမိုင်းအစသည် ၁၈၉၆ ခုနှစ်တွင် အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့ရှိ ကလေးဆေးရုံကြီးတစ်ခုတွင် မွေးရာပါရောဂါများကြောင့် လူမှုရေးဒုက္ခများခံစားနေရသည့် မွေးကင်းစကလေးငယ်များအား ပြုစုစောင့်ရှောက်ရေးအတွက် ဝန်ထမ်းတစ်ဦးကို တာဝန်ပေးဆောင်ရွက်ခဲ့ရာမှ အစပြုခဲ့ပါသည်။ ထို့နောက် ၁၉၀၄ ခုနှစ်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ဘွဲ့လွန်ဆေးပညာသင် ဆေးရုံရှိ ကလေးလူနာခန်း၌ ကလေးလူနာတို့အား ကူညီစောင့်ရှောက်ပေးရန် ဆေးလူမှုဆက်ဆံရေးမှူးတစ်ဦး ခန့်အပ်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် သိရှိမှုနည်းပါးနေဆဲဖြစ်

နောက်ပိုင်းကာလများ၌ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဖွံ့ဖြိုးပြီးနိုင်ငံများတွင်သာမက ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ပါ ဆေးလူမှုဆက်ဆံရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင်လည်း ဆေးလူမှုဆက်ဆံရေးလုပ်ငန်းကို ၁၉၅၇ ခုနှစ်တွင် ရန်ကုန်ဆေးရုံကြီး၌ စတင်ထူထောင်လုပ်ကိုင်ခဲ့ပါသည်။ ထိုစဉ်က "လူထုဆက်ဆံရေးဌာန"ဟု အမည်တွင်ခဲ့ပါသည်။ ယခုအခါ မြန်မာနိုင်ငံတွင် ဗဟိုအဆင့်ဆေးရုံ ကြီးများ၊ အထူးကုနှင့်အထွေထွေရောဂါကုဆေးရုံကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်များအတွင်းရှိ ခုတင် ၁၀၀ နှင့်အထက် ဆေးရုံများတွင် ဆေးလူမှုဆက်ဆံရေးဝန်ထမ်းများ ခန့်အပ်၍ လုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံရှိ ဆေးလူမှုဆက်ဆံရေးလုပ်ငန်းသည် နှစ်ပေါင်းအားဖြင့် အနှစ် ၆၀ ကျော် ကြာခဲ့ပြီဖြစ်ပါသည်။ သို့သော်လည်း ပြည်သူလူထုအတွင်း၌မူ ဆေးလူမှုဆက်ဆံရေးလုပ်ငန်းနှင့် ပတ်သက်၍ သိရှိမှုနည်းပါးနေဆဲဖြစ်ပါသည်။ တစ်ခါတစ်ရံတွင် ကျန်းမာရေးဝန်ထမ်းချင်းပင်လျှင် ဆေးလူမှုဆက်ဆံရေးလုပ်ငန်းကို မသိရှိသူများ ရှိနေပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ ဆေးလူမှုဆက်ဆံရေးဌာန၏ ဖွဲ့စည်းပုံအရ ဝန်ထမ်းအင်အားနည်းပါးခြင်း၊ ချို့တဲ့နွမ်းပါးလူနာများ အသုံးပြုရန်အတွက် ခွင့်ပြုထားသော ရန်ပုံငွေ (ဘတ်ဂျက်) နည်းပါးခြင်း၊ ဆေးလူမှုဆက်ဆံရေးဝန်ထမ်းများ၏ အရည်အသွေးတိုးတက်မြင့်မားရေးဆိုင်ရာ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းများ နည်းပါးခြင်းတို့ကြောင့်လည်း ဖြစ်နိုင်ပါသည်။ ယခုအခါ နိုင်ငံတော်အစိုးရမှ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် ဆေးလူမှုဆက်ဆံရေးဌာနများ၊ ဆေးလူမှုဆက်ဆံရေးဝန်ထမ်းများကို နှစ်စဉ်တိုးချဲ့ခန့်ထားပေးလျက်ရှိလာသည်။ ဆေးရုံခုတင်အလိုက် ချို့တဲ့နွမ်းပါးလူနာများအသုံးပြုရန်အတွက် ရန်ပုံငွေ (ဘတ်ဂျက်)များကိုလည်း တိုးမြှင့်ခွင့်ပြုချထားပေး လျက်ရှိပါသည်။

ခရီးစရိတ်များပါ ထောက်ပံ့ပေးရခြင်းများရှိ

လူနာတို့အတွက် ဆေးလူမှုဆက်ဆံရေးဝန်ထမ်းများ ကူညီဆောင်ရွက်ပေးရသော လုပ်ငန်းများတွင် ငွေရေးကြေးရေးချို့တဲ့ခြင်းနှင့် ပတ်သက်သော ပြဿနာသည် အများဆုံးဖြစ်ပါသည်။ တချို့သော လူနာများသည် ဆေးကုသမှုပြီးဆုံး၍ ဆေးရုံဆင်းခွင့်ရပြီးနောက် နေရပ်ပြန်ရန် ခရီးစရိတ်များ မရှိတော့သည့်အတွက် ဆေးလူမှုဆက်ဆံရေးဌာနမှ ထောက်ပံ့ပေးရခြင်းများရှိပါသည်။ ထို့အပြင် ဆေးရုံတက်နေစဉ်အတွင်း၌လည်း ဆေးရုံ၌ မရှိသော ဆေးဝါးများ၊ အဝတ်အထည်၊ အစားအာဟာရများ၊ ရောဂါအခြေအနေအရ လိုအပ်သော အထောက်အကူပစ္စည်းများ (ဥပမာ- ချိုင်းထောက်၊ ဝှီးချဲ) စသည်တို့ ဝယ်ယူသုံးစွဲရန်အတွက် ငွေကြေးအဆင်မပြေသည့် အခက်အခဲပြဿနာများလည်း ပါဝင်သည်။ အဆိုပါ အခက်အခဲပြဿနာများကို နိုင်ငံတော်မှ ချို့တဲ့နွမ်းပါးလူနာများ အသုံးပြုရန်အတွက် ခွင့်ပြုထားသော သက်ဆိုင်ရာ (ဘတ်ဂျက်) ခေါင်းစဉ်မှသော်လည်းကောင်း၊ တခြားအလှူရှင်များမှ ထောက်ပံ့ကူညီသော အလှူငွေများမှသော်လည်းကောင်း လိုအပ်သော လူနာများအကျိုးရှိစေရန် ဆေးလူမှုဆက်ဆံရေး ဝန်ထမ်းများက လုပ်ထုံးလုပ်နည်းများနှင့်အညီ ကူညီဆောင်ရွက်ဖြေရှင်းပေးရပါသည်။

တချို့သော လူနာများသည် မိမိတို့ရရှိခံစားရသော ရောဂါဝေဒနာများကြောင့် မိသားစုအတွင်း၌သော်လည်းကောင်း၊ အိမ်ထောင်ရေးအခြေအနေ၌သော်လည်းကောင်း နောက်ဆက်တွဲပြဿနာများ ဖြစ်ပေါ်လာတတ်ပါသည်။ ဥပမာ- HIV/ TB ကဲ့သို့သော ကူးစက်ရောဂါများ ဖြစ်ပါသည်။ ထိုကဲ့သို့သော အခြေအနေများတွင် ဆေးလူမှုဆက်ဆံရေး ဝန်ထမ်းများမှ ကာယကံရှင်လူနာကိုသော်လည်းကောင်း၊ လူနာ၏မိသားစုဝင်များကိုသော်လည်းကောင်း၊ အခြားဆက်နွယ်ပတ်သက်သူတို့ကိုသော်လည်းကောင်း ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးအားပေးခြင်းများ ပြုလုပ်ပေးရပါသည်။ ထို့အပြင် လိုအပ်ပါက လူနာအား အခြားသက်ဆိုင်ရာ ဆေးရုံ၊ ဌာနများတွင် ဆက်လက်ဆေးကုသမှုခံယူနိုင်ရန် အတွက်လည်း ကူညီဆောင်ရွက်ပေးရပါသည်။

စွန့်ပစ်မွေးကင်းစနှင့် သက်ကြီးရွယ်အိုများကို ကူညီပေးရ

တစ်ခါတစ်ရံတွင် အခြေအနေအကြောင်းအမျိုးမျိုးကြောင့် ဆေးရုံပေါ်၌ မိဘကစွန့်ပစ်ခဲ့သော ကလေးငယ်များအား ယာယီထိန်းသိမ်းစောင့်ရှောက်မှုပေးခြင်း၊ မွေးစားလိုမှုရှိပါက တရားဝင်အမွေစားအမွေခံ ရရှိစေနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊ သို့မဟုတ် အခြားသင့်လျော်သော အစိုးရဌာန၊ ဂေဟာတစ်ခုခုနှင့် ညှိနှိုင်း၍ နေရာချထားပေးခြင်းများ ဆောင်ရွက်ပေးရပါသည်။ ထို့အပြင် ခိုကိုးရာမဲ့ ဆေးရုံဆင်း သက်ကြီးရွယ်အိုလူနာများနှင့် အခြေအနေမဲ့လူနာများအား ဘိုးဘွားရိပ်သာများ၊ ပြုစုစောင့်ရှောက်ရေးဂေဟာများသို့ လူမှုရေးအသင်းအဖွဲ့အစည်းများနှင့် ချိတ်ဆက်ညှိနှိုင်း၍ ပြန်လည်နေရာချထားပေးသည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်ရပါသည်။

တစ်ခါတလေတွင်လည်း တချို့သောလူနာတို့သည် ဆေးရုံဆင်းခွင့်ရချိန်တွင် ဆေးရုံမဆင်းလိုသူများ၊ ဆေးရုံဆင်းရန် ငြင်းဆန်နေသူများအား အတွေးအခေါ် အသိအမြင်များ မှန်ကန်မှုရှိလာစေရန် ဆွေးနွေးခြင်း၊ ဆေးရုံဆင်းနိုင်ရန် ကူညီပေးရခြင်းများလည်း ရှိပါသည်။ ထို့အပြင် လူမှုဘဝပြဿနာအမျိုးမျိုးတို့ကြောင့် မိမိကိုယ်ကို သေကြောင်းကြံစည်သူများ၊ တရားမဝင် ကိုယ်ဝန်ဖျက်မိသူများ၊ မွေးကင်းစကလေးငယ်များကို စွန့်ပစ်ရန်ကြံရွယ်သူများအား အသိအမြင်မှန်ကန်လာစေရန် ဆွေးနွေးပညာပေးရခြင်းများလည်း ပြုလုပ်ပေးရပါသည်။ အချို့သော အမျိုးသမီးများနှင့် ကလေးငယ်များသည် အကြမ်းဖက်ခံရသည့် အခြေအနေများကြောင့် ဆေးရုံသို့ရောက်ရှိလာတတ်ပါသည်။ ထိုအခါမျိုးတွင် ထိရောက်သော အရေးယူဆောင်ရွက်မှုများပေးနိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ညွှန်းပို့ပေးခြင်း၊ ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးပေးခြင်း၊ ငွေကြေးထောက်ပံ့ပေးမှုများ ရရှိနိုင်စေရန် ဆေးလူမှုဆက်ဆံရေးဝန်ထမ်းများက ကူညီဆောင်ရွက်ပေးရပါသည်။ ထို့အပြင် သဘာဝဘေးအန္တရာယ်တစ်ခုခု ကျရောက်၍သော်လည်းကောင်း၊ အရေးပေါ်အခြေအနေတစ်ခုခု ဖြစ်ပေါ်၍သော်လည်းကောင်း၊ လူနာများအစုလိုက်၊ အပြုံလိုက် ဆေးရုံသို့ ရောက်ရှိလာသည့်အချိန်တွင် လူနာများ၏ ကိုယ်ရေးအချက်အလက်များ၊ ဖြစ်စဉ်အကျဉ်းတို့အား ရရှိနိုင်သမျှ မေးမြန်းစာရင်းပြုစု၍ အချိန်နှင့်တစ်ပြေးညီ တာဝန်ရှိသူအဆင့်ဆင့်ထံသို့ တင်ပြအစီရင်ခံရပါသည်။

ထို့အပြင် လူနာများအတွက်လိုအပ်ပါက သွေးလှူရှင်များ ရှာဖွေပေးခြင်း၊ သေဆုံးသူများ၏ မျက်ကြည်လွှာများ စုဆောင်းပေးခြင်း၊ လှူဒါန်းနိုင်ရန်အတွက်လည်း စီစဉ်ဆောင်ရွက်ပေးခြင်းများ ပြုလုပ်ပေးရပါသည်။ တစ်ခါတစ်ရံတွင် အချို့သောလူနာများသည် ဆေးရုံတက်ရောက်နေစဉ်အတွင်း စာမေးပွဲများဖြေဆိုရန် အကြောင်းများရှိလာတတ်ပါသည်။ ထိုအခါမျိုးတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကဲ့သို့သော အခြေခံပညာစာမေးပွဲများမှစ၍ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံဆိုင်ရာစာမေးပွဲများအထိ လူနာများအဆင်ပြေစွာ ဝင်ရောက်ဖြေဆိုနိုင်ရန်အတွက် ဆေးလူမှုဆက်ဆံရေးဝန်ထမ်းများက သက်ဆိုင်ရာပညာရေးဌာနများနှင့် ညှိနှိုင်းကာ ဆေးရုံဖြေစာစစ်ဌာနများ ဖွင့်လှစ်၍ စီစဉ်ဆောင်ရွက်ပေးရပါသည်။

ဆေးကုသခြင်းနှင့်အတူ ဒွန်တွဲဖြစ်ပေါ်သော ပြဿနာများ ပြေလည်လာ

ထို့အပြင် ၂၀၁၆ ခုနှစ် အစိုးရသစ်တက်လာသည့်အချိန်၌ ပထမရက် ၁၀၀ စီမံချက်အတွင်းတွင် ဆေးလူမှုဆက်ဆံရေးဌာနအား လုပ်ငန်းစီမံချက်နှစ်ခု အကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်ခဲ့ပါသည်။ ပထမအချက်မှာ နိုင်ငံတော်ပိုင် ပြည်သူ့ဆေးရုံကြီးများတွင် လူနာကြိုဆိုလက်ခံရေးဆိုင်ရာဝန်ထမ်း (Receptionists) များ ခန့်အပ်၍ ဆေးရုံသို့လာရောက်ပြသသော ပြင်ပလူနာများအား ၎င်းတို့ အကျွမ်းတဝင်မရှိသည့် နေရာများအား လမ်းညွှန်ပေးခြင်း၊ လိုအပ်ပါက လိုက်ပါပို့ဆောင်ပေးခြင်းများ ပြုလုပ်ပေးရန် ညွှန်ကြားခဲ့ပါသည်။ ဒုတိယအချက်မှာ ဆေးကုသမှုပြီးဆုံး၍ ဆေးရုံမှဆင်းခွင့်ရသောလူနာများအား ဆေးရုံတက်နေစဉ်အတွင်း အဆင်ပြေမှု ရှိ မရှိတို့အား သိရှိနိုင်ရန်အတွက် D/C parade ခေါ် လူနာနှင့် လူနာရှင်တို့ထံမှ အကြံပြုချက်များ၊ စိတ်ခံစားချက်များအား မှတ်တမ်းရယူ၍ လိုအပ်ပါက တာဝန်ရှိသူများ ထံသို့ ပြန်လည်တင်ပြပြီး ဖြည့်ဆည်းဆောင်ရွက်ပေးရန်တို့ဖြစ်ပါသည်။ ဤသည်တို့မှာ လူနာတို့နှင့်ပတ်သက်၍ ဆေးလူမှုဆက်ဆံရေးဝန်ထမ်းများ နေ့စဉ်ကူညီဆောင်ရွက် ဖြေရှင်းပေးနေရသော ဆေးလူမှုဆက်ဆံရေးလုပ်ငန်းများပင် ဖြစ်ပါသည်။ အဆိုပါ လူနာများ၏ ဆေးဘက်ဆိုင်ရာလူမှုရေး အခက်အခဲပြဿနာများကို ဆေးလူမှုဆက်ဆံရေးဝန်ထမ်းများမှ သတ်မှတ်ထားသော မူဘောင်များနှင့်အညီ ကူညီဆောင်ရွက်ဖြေရှင်းပေးလျက်ရှိပါသည်။

ထိုကဲ့သို့သော ဆေးလူမှုဆက်ဆံရေးလုပ်ငန်းများ ကျယ်ပြန့်တွင်ကျယ်လာသည်နှင့်အမျှ ဆေးကုသခြင်းနှင့်အတူ ဒွန်တွဲဖြစ်ပေါ်နေသော လူနာတို့၏ အခက်အခဲပြဿနာတို့သည်လည်း ပြေလည်မှုရရှိစေမည် ဖြစ်ပါသည်။ ထို့အပြင် လူနာနှင့် မိသားစုတို့တွင်လည်း ကာယသုခ၊ စိတ္တသုခနှင့် လူမှုရေးသုခများကိုပါ ရရှိခံစားနိုင်မှာ အမှန်ပင် ဖြစ်ပါတော့သည်။

(မှီငြမ်း ။ ။ ဦးထိန်မြင့် (ဆေးလူမှုဆက်ဆံရေးအရာရှိ)၏ ဆေးလူမှုဆက်ဆံရေးလုပ်ငန်းဆိုင်ရာ သိမှတ်စရာ အဖြာဖြာ.. စာအုပ်)

အပူပိုင်းသစ်တော ကြိုးဝိုင်းများ၏ ဂေဟစနစ်နှင့် ဒေသအတွင်း ကုန်ထုတ်လုပ်မှုမြှင့်တင်ရေး စီမံကိန်း စတင်ခြင်းဆိုင်ရာ ရှင်းလင်းပွဲ ကျင်းပ

မိတ္ထီလာ မတ် ၄

မိတ္ထီလာခရိုင်တွင် အလယ်ပိုင်းဒေသ အပူပိုင်းသစ်တောကြိုးဝိုင်းများ၏ ဂေဟစနစ်နှင့် ဒေသအတွင်းကုန်ထုတ်မှုမြှင့်တင်ရေးစီမံကိန်း စတင်ခြင်းဆိုင်ရာ ရှင်းလင်းပွဲကို ယမန်နေ့က မိတ္ထီလာမြို့ ပေါက်ချောင်းရပ်ကွက်ရှိ Hotel Htila Lake View တွင် ကျင်းပသည်။

အဆိုပါ ရှင်းလင်းပွဲတွင် အလယ်ပိုင်းဒေသ အပူပိုင်းသစ်တောကြိုးဝိုင်းများ၏ ဂေဟစနစ်နှင့် ဒေသအတွင်း ကုန်ထုတ်မှုမြှင့်တင်ရေး စီမံကိန်းအကြောင်းကို အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန စီမံကိန်း ဒါရိုက်တာ ဦးဇော်ဝင်း(၉)ညွှန်ကြားရေးမှူးက ရှင်းလင်းပြောကြားသည်။

အဆိုပါစီမံကိန်းကို မယ်ညိုတောင်သစ်တောကြိုးဝိုင်းနှင့် အနီးပတ်ဝန်းကျင်ရှိ မလှိုင်မြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်မှ ညောင်ပင်သာ၊ ဘဏ္ဍာစိုး ၊ ကံရွာ၊ နတ်စင်ကုန်း၊ ငါးတပုံ၊ မြောင်းတော်လှ၊ ပင်းတလဲ၊ ကုန်းကန်၊ သဖန်းပင်၊ လေးမျက်နှာ၊ တဲစု ၊ မကျီးစု ၊ တောင်ဆည်၊ တောင်ညို ၊ သံဘို စသောကျေးရွာပေါင်း ၂၄ ရွာတွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်း၍ Global Environment Facility (GEF) ၏ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၉ သိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ချမ်းသာ (မိတ္ထီလာ)

❀ ကျောဖုံးမှ

ထို့နောက် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော **တံတားကြီးများ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်း**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ ဆိုသည်မှာဟူ၍ ပြင်ဆင်ထားသဖြင့် အဓိပ္ပာယ်ပြည့်စုံမှုရှိသည့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ပြဋ္ဌာန်းဖော်ပြရန် ဆွေးနွေးတင်ပြ

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်မိုးသွင်က အပိုဒ် ၂(ဂ)တွင် ဒေသဆိုင်ရာ အစိုးရအဖွဲ့ဆိုသည်မှာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့ကို ဆိုသည်ဟု အမျိုးသားလွှတ်တော်က အတည်ပြုပေးထားပါကြောင်း၊ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်တွင် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ ဆိုသည်မှာဟူ၍ ပြင်ဆင်ထားသဖြင့် အဓိပ္ပာယ် ပြည့်စုံမှုရှိသည့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ပြဋ္ဌာန်းဖော်ပြရန် ဆွေးနွေးတင်ပြအပ်ပါကြောင်း။

ဒုတိယဝန်ကြီး ဦးဆက်အောင် ဖြေကြားစဉ်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း မေးမြန်းစဉ်။

အပိုဒ် ၂(ဃ)တွင် အမျိုးသားလွှတ်တော်က တာဝန်ခံဝန်ကြီးဌာနဆိုသည်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနကိုဆိုသည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ပြည်သူ့လွှတ်တော်က ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာနကို ဆိုသည်ဟု ပြင်ဆင်ထားသဖြင့် ဤဥပဒေနှင့်စပ်လျဉ်း၍ တာဝန်ခံဆောင်ရွက်ရမည့် ဝန်ကြီးဌာနကို ဖော်ပြရာတွင် အဓိပ္ပာယ်ပေါ်လွင်မှုရှိစေသည့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ပြဋ္ဌာန်းဖော်ပြရန် ဆွေးနွေးတင်ပြအပ်ပါကြောင်း။

ဆက်လက်၍ အပိုဒ်၂(င)တွင် ဝန်ကြီးဌာနဆိုသည်မှာ တံတားကြီးတည်ဆောက်ထိန်းသိမ်းထားသည့် ဆက်စပ်ဝန်ကြီးဌာနကိုဆိုသည်ဟု အမျိုးသားလွှတ်တော်က ပြဋ္ဌာန်းထားပါကြောင်း၊ ပြည်သူ့လွှတ်တော်က သက်ဆိုင်ရာဝန်ကြီးဌာန ဆိုသည်မှာ တံတားကြီး တည်ဆောက်ပြုပြင်ထိန်းသိမ်းထားသည့် ဆက်စပ်ဝန်ကြီးဌာနကို ဆိုသည်ဟု ပြင်ဆင်ထားသဖြင့် အဓိပ္ပာယ်လေးနက် ကျစ်လျစ်မှုရှိသည့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ပြဋ္ဌာန်းရန် တင်ပြအပ်ပါကြောင်း။

ထို့ပြင် အပိုဒ် ၂(စ)တွင် သက်ဆိုင်ရာ ဦးစီးဌာနဆိုသည်မှာ ဝန်ကြီးဌာနက တံတားကြီးများနှင့်စပ်လျဉ်း၍ တာဝန်ပေးအပ်ထားသည့် ဦးစီးဌာနကို ဆိုသည်ဟု အမျိုးသားလွှတ်တော်က ပြဋ္ဌာန်းထားပါကြောင်း၊ ပြည်သူ့လွှတ်တော်က ဦးစီးဌာနဆိုသည်မှာ ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနက တံတားကြီးများနှင့် စပ်လျဉ်း၍ တာဝန်ပေးအပ်ထားသည့် ဦးစီးဌာနကိုဆိုသည်ဟု ပြင်ဆင်ထားသဖြင့် အပိုဒ် ၂(င)ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရန်အတွက် အမျိုးသားလွှတ်တော်၏ ပြဋ္ဌာန်းချက်အတိုင်း အတည်ပြုပြဋ္ဌာန်းရန် တင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဖြေကြားစဉ်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း (ကန်တုန်) မေးမြန်းစဉ်။

ပုဒ်မ ၂(ဆ)တွင်လည်း ကော်မတီဆိုသည်မှာ တံတားကြီးတည်ဆောက်ထိန်းသိမ်းထားသည့် သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီကို ဆိုသည်ဟု အမျိုးသားလွှတ်တော်က ပြဋ္ဌာန်းထားပါကြောင်း၊ ပြည်သူ့လွှတ်တော်က ကော်မတီဆိုသည်မှာ တံတားကြီးတည်ဆောက် ပြုပြင်ထိန်းသိမ်းထားသည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့ကို ဆိုသည်ဟု ပြင်ဆင်ထားသဖြင့် အဓိပ္ပာယ်ပြည့်စုံပြီးဖြစ်သည့် အမျိုးသားလွှတ်တော်၏ ပြဋ္ဌာန်းချက်အတိုင်း အတည်ပြုပြဋ္ဌာန်းရန် ဆွေးနွေးတင်ပြအပ်ပါကြောင်း။

ဆက်လက်၍ အခန်း(၉) အထွေထွေပြဋ္ဌာန်းချက် အပိုဒ်(၁၈)တွင် လုံခြုံရေးလိုအပ်ချက်အရ ဆောင်ရွက်ရန်လိုအပ်သော မိုင်းရှင်းခြင်း၊ မိုင်းရှာခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်းနှင့် လုံခြုံရေးစခန်းများချထားခြင်းအား ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဟု အမျိုးသားလွှတ်တော်က အသစ်ဖြည့်စွက်ပြဋ္ဌာန်းထားပြီး ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားပါကြောင်း၊ လုံခြုံရေးလိုအပ်ချက်အရ ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းထားရခြင်းဖြစ်သည့်အတွက် အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် (၁၈)ကို ပြန်လည်ထည့်သွင်းဖော်ပြရန် ဆွေးနွေးတင်ပြအပ်ပါကြောင်း။

ထို့ကြောင့် အမျိုးသားလွှတ်တော်၏အတည်ပြုပြဋ္ဌာန်းချက်အပိုဒ် ၂(ဂ)၊ (ဃ)၊ (င)၊ (စ)၊(ဆ) နှင့် အသစ်ဖြည့်စွက်ချက် အပိုဒ် (၁၈)တို့အား အမျိုးသားလွှတ်တော်မှ ပြဋ္ဌာန်းထားသည့်အတိုင်း အတည်ပြုပြဋ္ဌာန်းရန် တင်ပြအပ်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါ ပြင်ဆင်ချက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ) ဦးမောင်စိုးနှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်တို့က ဆက်လက်ဆွေးနွေးကြသည်။

တစ်မျိုးတည်းသော မြေပုံစနစ်ပြုစုရေးနှင့် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းတို့ကို နှစ်ရှည်စီမံကိန်း ချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး

ဆက်လက်၍ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်း၏ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် မြေယာအုပ်ချုပ်ရေးကဏ္ဍတွင် ပိုမိုထိရောက်စွာနှင့် ရှင်းလင်းလွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် ခိုင်မာမှန်ကန်သော မြေယာဆိုင်ရာ အချက်အလက်များရရှိရေး မြေယာမှတ်ပုံတင်လုပ်ငန်းကို မဖြစ်မနေ ဆောင်ရွက်ရန် လိုအပ်လျက်ရှိရာ ထိုသို့ဆောင်ရွက်ရန် မူလအခြေခံလိုအပ်ချက်ဖြစ်သည့် တစ်မျိုးတည်းသော မြေပုံစနစ်ဖြင့် မြို့မြေ၊ ရွာမြေနှင့် မြေယာအားလုံးကို ပြုစု မှတ်တမ်းတင်ထားနိုင်ရေး ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတကာမှ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်တွင်း/ပြည်ပ ပညာရှင်များ၏ အကူအညီများ ရယူလျက် တစ်မျိုးတည်းသော မြေပုံစနစ်ပြုစုရေးနှင့် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းတို့ကို နှစ်ရှည်စီမံကိန်း ချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်းက ၂၀၁၆ ခုနှစ် ဇန်နဝါရီက ထုတ်ပြန်ခဲ့သည့် အမျိုးသားမြေအသုံးချမှုမူဝါဒ စာအုပ်၏ အပိုဒ် (၂)

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း ဆွေးနွေးစဉ်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်မိုးသွင် ဆွေးနွေးစဉ်။

အခန်း(၁) အပိုဒ် ၁၂(က)တွင် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနနှင့် ဦးစီးဌာနအသီးသီး၏ တည်ဆဲမြေနှင့် သက်ဆိုင်သည့် မှတ်တမ်းများ၊ မြေပုံများနှင့် မှတ်ပုံတင်စနစ်များကို တစ်ပြေးညီ ဖြစ်စေရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် သတင်းအချက်အလက်များ မျှဝေခြင်းဆိုသည့် လုပ်ငန်းစဉ်ပါရှိသကဲ့သို့ အပိုဒ် (ဂ)တွင် မြေအသုံးချခြင်း၊ မြေလုပ်ပိုင်ခွင့်ချထားခြင်းနှင့် အခြားနည်းအသုံးပြုခြင်းတို့နှင့် စပ်လျဉ်း၍ အငြင်းပွားမှုများကို လျှော့ချခြင်းနှင့် မည်သည့်မြေအငြင်းပွားမှုကိုမဆို လွယ်ကူစွာ ဖြေရှင်းနိုင်ရေးတို့ကို ဆောင်ရွက်နိုင်ရန် တိကျသော နယ်နိမိတ်မြေပုံများရေးဆွဲခြင်းနှင့် မြေအမျိုးအစားနှင့် မြေအတန်းအစား သတ်မှတ်သည့်စနစ်များ ထားရှိကျင့်သုံးခြင်း ဆိုသည့် မူဝါဒများချမှတ် ထားသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် အဆိုပါ ကိစ္စရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်အတွက် အဆိုကို လေးနက်စွာထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုကို ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်နန်းမိုးမိုးထွေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း (ခ) ဒေါက်တာအားကာမိုးနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ်တို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို မတ် ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲသွင်

ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက ပြည်ထောင်စုလွှတ်တော် D ဆောင်၊ ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းလေ့လာစိစစ်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးဇော်မင်း၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးလင်း၊ ပူးပေါင်းကော်မတီဝင်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် မတ် ၄

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်၏ မိသားစုဝင် ကိုးဦး၊ ဦးလဂန်ဇယ်ဂျုံး၊ ဝိုင်းမော်မဲဆန္ဒနယ်၏ မိတ်ဆွေများဖြစ်သည့် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် လော်ဝေါ်နှစ်ခြင်းအသင်းတော်မှ လူငယ်များ ၄၁ ဦးတို့သည်လည်းကောင်း။

ဦးအေးမင်းအောင်၊ ပေါင်းတည်မဲဆန္ဒနယ်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များနှင့် မဲဆန္ဒရှင်ပြည်သူများ ၅၂ ဦး၊ ဦးကျော်စိုး၊ ဗန်းမောက်မဲဆန္ဒနယ်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များ ၅၄ ဦးနှင့် ဦးစိုးပိုင်ဌေး၊ မြိတ်မဲဆန္ဒနယ်၏ မိတ်ဆွေများဖြစ်သည့် မြိတ်မြို့ မြင့်မိုရ် ပုဂ္ဂလိကကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၉၉ ဦးတို့သည် လည်းကောင်း စုစုပေါင်း ၂၅၅ ဦးသည် ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်လေ့လာပြီး လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

ပြည်တွင်း၊ ပြည်ပဧည့်သည်

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပသည့်နေ့ရက်မှ ယနေ့အထိ ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာသည့် ဧည့်သည် စုစုပေါင်းမှာ ပြည်တွင်းဧည့်သည် ၄၈၄၁၉ ဦးနှင့် ပြည်ပဧည့်သည် ၂၀၈၀ ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
သတင်းထုတ်ပြန်ချက်အမှတ်၊ ၉ / ၂၀၁၉
၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၄ ရက်)

“တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း”

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေး ဌာန”** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** သို့ ၂၀၁၉ ခုနှစ်၊ မတ်လ ၂ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

စဉ်	သတင်းလက်ခံရရှိမှု	ဖော်ထုတ်ဖမ်းဆီးအရေးယူမှု
၁	တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ မြေနီတောင်ကျေးရွာနေ နိုင်ငယ်နှင့်ဇနီး အေးအေးဝင်းတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၂၄-၂-၂၀၁၉ ရက်နေ့တွင် ကျွန်းစုမြို့နယ်၊ မြေနီတောင်ကျေးရွာနေ နိုင်ငယ်နှင့်ဇနီး အေးအေးဝင်း (ခ)အိအိဝင်း တို့၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းတို့မှာ ပင်လယ်ပြင်သို့ ထွက်သွားသဖြင့် ဝဲကျွန်းကျေးရွာ အနောက်ဘက် ပင်လယ်ကမ်းစပ်၌ စောင့်ဆိုင်းနေစဉ် ဆိုက်ကပ်လာသည့် သစ်သားစက်လှေ(၁)စီးအား ရှာဖွေရာ မြေနီတောင်ကျေးရွာနေ အေးမင်းဦး(ခ)ဆံရှည်(၃၃)နှစ်၊ (ဘ)ဦးကြည်လွင်နှင့် တင်အောင် (၄၀)နှစ်၊ (ဘ)ဦးဖေလှိုင် တို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့် အတူဖမ်းဆီးရမိပြီး အဆိုပါ မူးယစ်ဆေးဝါးများမှာ နိုင်ငယ်နှင့်ဇနီး တို့ထံမှ ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့(၄)ဦးအား နမစ(ကံမော်) မယ(ပ)၃/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။
၂	မော်လမြိုင်မြို့နယ်၊ ဖားအောက်ကျေးရွာ အနောက်ပိုင်းနေ ညီညီဇော်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၂-၃-၂၀၁၉ ရက်နေ့တွင် မော်လမြိုင်မြို့နယ်၊ ဖားအောက်ကျေးရွာ အနောက်ပိုင်း၊ အမှတ်(၉/၆)နေ ညီညီဇော်(ခ) ဝမ်း(၂၉)နှစ်၊ (ဘ) ဦးအောင်သိန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ရိုးရိုးကျေးရွာနေ အောင်စိုးမိုး(၂၅) နှစ်၊ (ဘ)ဦးသောင်းညွန့်တို့အား WY စာတန်းပါစိတ်ကြွဆေးပြားများ၊ ဘိန်းစာရွက်များ၊ ဘိန်းစာရွက်ပြုတ်ရည် များနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ (၂)ဦးအား နမစ (မုပွန်) မယ(ပ) ၁၀/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူ ထားရှိပါသည်။
၃	ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရိပ်သာရပ်ကွက်၊ မေယဝတီ(၁)လမ်းနေ ဝဟက် သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်း ပေးပို့ခြင်း။	၂၄-၂-၂၀၁၉ ရက်နေ့တွင် လှည်းကူးမြို့နယ်၊ ရိပ်သာရပ်ကွက်၊ မေယဝတီ (၁)လမ်းနေ ဝဟက်(ခ)သူရမြင့်(ခ) နိုင်ဦး(၃၆)နှစ်၊(ဘ)ဦးမြင့်ဆွေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (လှည်းကူး) မယ(ပ)၅/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/ ၂၀(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။
၄	ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင်းနှင့် မြို့ပေါ် ရပ်ကွက်များ၌ မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	ယခင်သီတင်းပတ်များ၌ အမှု (၁၁) မှ ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား (၂၀)ဦး၊ မ(၁)ဦး၊ ပေါင်း(၂၁)ဦးတို့အား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲများနှင့် အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူ ထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။ ၂၄-၂-၂၀၁၉ ရက်နေ့တွင် ယခင် ဖမ်းဆီးရမိ အမှုများမှ ကွင်းဆက်သတင်း အရ တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ နယ်မြေ(၇)နေ မျိုးသန်း (၃၆)နှစ်၊ (ဘ)ဦးထွန်းငွေ ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲများနှင့်အတူ ဖမ်းဆီး ရမိသဖြင့် နမစ(တောင်ကြီး) မယ(ပ)၂၀/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)ဖြင့်လည်းကောင်း၊ ကွင်းဆက်စိစစ်ချက်အရ ရွှေတောင်ရပ်ကွက်၊ နယ်မြေ(၉)၊ စံပြလမ်းတွင် စောင့်ကြည့် သတင်းစုံစမ်းနေစဉ် ၎င်းရပ်ကွက်၊ နယ်မြေ (၁၃)နေ စန်းထူးအောင်(ခ)ဖိုးခွား(၂၀)နှစ်၊ (ဘ) ဦးအေးဝင်း အား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တောင်ကြီး) မယ(ပ)၆/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း၊ အလားတူ ၎င်းရပ်ကွက်၊ နယ်မြေ(၄)၊ ဒေါနလမ်းတွင် စောင့်ကြည့် သတင်းစုံစမ်းနေစဉ် နယ်မြေ(၁)နေ ဝင်းကိုထွန်း(ခ) ဂကြီး(ခ) ခေါင်းကြီး(၁၉)နှစ်၊ (ဘ)ဦးထွန်းနိုင်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (တောင်ကြီး) မယ(ပ)၇/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။
၅	ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အုပ်စု(၁၀) တောင်ကုန်းပေါ်တွင် နေ့စဉ်နှင့်အမျှ လူအများ မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကား ပြုလုပ်လျက်ရှိကြောင်းသတင်းပေးပို့ခြင်း။	ယခင်သီတင်းပတ်များ၌ အမှု(၄၄)မှ ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား (၄၅)ဦး၊ မ(၄)ဦး၊ ပေါင်း(၄၉) ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြား များနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။ ၂၅-၂-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ ကွတ်ခိုင်မြို့၊ အမှတ်(၄)ရပ်ကွက်၊ သင်္ချိုင်းကုန်းအနီး စောင့်ကြည့်သတင်း စုံစမ်းနေစဉ်၎င်းမြို့၊ အမှတ်(၈)ရပ်ကွက်နေ ရှိရင်စိမ်း(၃၀)နှစ်၊ (ဘ) ဦးရှိဝမ်ချောက် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကွတ်ခိုင်) မယ(ပ)၂၅/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။
၆	ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရွာငံမြို့နယ်၊ ကျောက်မြောင်းကျေးရွာ၊ အမှတ်(၂) ရပ်ကွက်နေ ဘိုဘိုဇော်သည် မူးယစ် ဆေးဝါးများဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၂၇-၂-၂၀၁၉ ရက်နေ့တွင် ရွာငံမြို့နယ်၊ ကျောက်မြောင်းကျေးရွာ၊ အမှတ်(၂)ရပ်ကွက်နေ ဘိုဘိုဇော်(၃၂)နှစ်၊ (ဘ) ဦးမြင့်မောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိ သဖြင့် မမစ(ရွာငံ) မယ(ပ) ၆/ ၂၀၁၉၊ မူး/ စိတ် ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် ၂-၃-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၅၃၄) မှ ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၇၀၉)ဦး၊ မ(၁၃၄)ဦး၊ ပေါင်း(၈၄၃)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၅၇၄၆.၄၃)ဂရမ်၊ ICE(၆၇.၁၄) ဂရမ်၊ ဘိန်း (၃၈၆၅၆.၉၄)ဂရမ်၊ အဆင့်နိမ့် ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၈၇၉၅.၂၈)ဂရမ်၊ ဘိန်းစာရွက် (၇၃၆၃.၉၉)ဂရမ်၊ ဘိန်းစာရည်(၁.၅)လီတာ၊ စိတ်ကြွ ဆေးပြား(၂၁၇၇၁၅)ပြား၊ ဆေးခြောက်(၆၀၈၇.၂၇)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၃.၄၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၆)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီး အရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက် ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သောသတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့် အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ် ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ်/တိုင်းဒေသကြီး အသီးသီး၌ ဖမ်းဆီးရမိမှုများမှာ ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်၊ ဆင်ကျုံးကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွ ဆေးပြား(၂၂၀၅)ပြား၊ ဘိန်းဖြူ(၁၅.၆)ဂရမ်၊ ဟိုပင်မြို့နယ်၊ သဲဂုဏ်ကျေးရွာလမ်းဆုံ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ တရားခံ အမျိုးသား(၁)ဦး၊ ဆွမ်ပရာဘွမ်မြို့နယ်၊ ဖုန်ကျန်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ အဆင့်နိမ့်ဘိန်း(၉)ဂရမ်၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ထေးသမရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၈)ပြား၊ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ကော့လမု ကျေးရွာအနီး ဇာသပြင်-ကျားကလေးသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက် အရ ကော့လမုကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၄၀၀၀)ပြား၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်ကွက်၊ တောင်ရိုးလမ်း၌ သတင်းအရ Honda Fit ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၈၂)ပြား၊ ဆေးခြောက် (၁၁၂၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ကျိုက်မရောမြို့နယ်၊ ကျောက်တလုံးကျေးရွာအနီး သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၄၁)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရေးမြို့နယ်၊ ဝဲရက်ကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ ဘိန်းစာရွက်(၄၀၀၀)ဂရမ်၊ ကျိုက်ထိုမြို့၊ ဇေယျာမွန်ရပ်ကွက်၊ (၁)လမ်းထိပ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၁၅၄)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့၊ ပြူးမချောင်းအနီး နှစ်နိုင်ငံနယ်စပ်နတ်မြစ်အတွင်း လှည့်ကင်းဆောင်ရွက်စဉ် ဆာလာအိတ်များဖြင့် နတ်မြစ်အား ဖြတ်သန်းကူးခပ်နေသည့် တရားခံ အမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား (၉၆၅၂၅၀)ပြား၊ မင်္ဂလာကြီးချောင်းဝအနီး နှစ်နိုင်ငံနယ်စပ်နတ်မြစ်အတွင်း လှည့်ကင်း ဆောင်ရွက်စဉ် ပလတ်စတစ်ပုံးများဖြင့် နတ်မြစ်အား ဖြတ်သန်းကူးခပ်နေသည့် တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၆၆၃၀၀)ပြား၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ မင်္ဂလာကြီးကျေးရွာ၌ တရားခံအမျိုးသား(၂)ဦး၊ (၄)မိုင် ရပ်ကွက်၊ မကျည်းချောင်းအနီး၌ သတင်းအရ Succeed ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၄)ဦးထံမှ စိတ်ကြွဆေးပြား (၂၅)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ဂုံနားကျေးရွာ၌ တရားခံအမျိုးသား(၇)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၈)ပြား၊ ဆိုင်ကယ် (၁)စီး၊ ရွာသစ်ကေကွက်သစ်အလယ်ကျေးရွာ၌ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၆)ပြား၊ မောင်နီကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၄၈၈၀)ပြား၊ လက်သာအောက်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၄၆၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရွှေဇားအနောက်ရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၈၂)ပြား၊ ဘူးသီးတောင်မြို့နယ်၊ တောင်ဘဇာလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံ အမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၄)ပြား၊ ဆိုင်ကယ်(၁)စီး၊ စစ်တွေမြို့၊ ဆင်းကူးလမ်းရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၂၅၀)ပြား၊ သင်္ကေပြင်ကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၅၃၂)ပြား၊ မော်ဆီးညှာကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၆၃)ပြား၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ နောင်ပယ်တံတားအနီး မိုင်းပျဉ်း- တောင်ကြီးသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၁၅၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ လားရှိုးမြို့နယ်၊ နားဖကျေးရွာအဝင်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၈၀)ပြား၊ ဘိန်း(၂၇၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ သိန္နီမြို့နယ်၊ ပန်လော့ကျေးရွာ တိုးဂိတ်အနီး၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား (၄၀၀)ပြား၊ ဘိန်းဖြူ(၂၂.၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ခုံသာအနောက်ကျေးရွာ လယ်ကွင်း အတွင်း၌ တရားခံအမျိုးသား(၅)ဦးထံမှ စိတ်ကြွဆေးပြား (၄)ပြား၊ ဘိန်းဖြူ(၀.၇)ဂရမ်၊ Tramadol Capsule (၁၀)တောင့်၊ Buprenorphine Tablet (၂)ပြား၊ ဟုမ္မလင်းမြို့နယ်၊ ပေကုန်းကျေးရွာအနီး သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၃၀)ပြား၊ ဘိန်းဖြူ(၂၆)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ထိန်သစ်ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၉၃)ပြား၊ ဆိုင်ကယ်(၁) စီး၊ မြိတ်မြို့၊ လက်မဲ ကျေးရွာအနီး တနင်္သာရီ-မြိတ်သွားကားလမ်းမပေါ်၌ တရားခံအမျိုးသား(၃)ဦးထံမှ ဘိန်းစာမှုန့် (၂၁၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကော့သောင်းမြို့၊ ရွှေဟင်္သာရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၅၀)ပြား၊ မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ ပဒါန်းပျဉ်းဝ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ သတင်းအရ Dyna ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၀၀၀၀၀) ပြား၊ မော်တော်ယာဉ်(၁)စီး၊ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်၊ သီရိမာလာရပ်ကွက်၌ တရားခံ အမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၂၁၂၀)ပြား၊ ဒေါနဘွားရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး (၁) ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၄၃၉၉၀)ပြား၊ ဘိန်းဖြူ (၁၇၈၂)ဂရမ်၊ ချမ်းမြသာစည်မြို့နယ်၊ မြို့ဟောင်းဘူတာရှိ

စာမျက်နှာ ၉ သို့

မြန်မာရွှေ့ပြောင်းအလုပ်သမားများကို ပြန်လည်လွှဲပြောင်းပေးခြင်းနှင့် ပတ်သက်၍ ဆောင်ရွက်သင့်သည့် အစီအမံများ ရေးဆွဲဖော်ထုတ်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၄

တစ်ဖက်နိုင်ငံတွင် အလုပ်လုပ်ကိုင်လျက်ရှိသော ရွှေ့ပြောင်းအလုပ်သမားများကို တစ်ဖက်နိုင်ငံမှ ဖမ်းဆီး၍ မိမိနိုင်ငံအတွင်း ပြန်လည်ပို့ဆောင်မှုများအပေါ် ဆောင်ရွက်သင့်သည့် အစီအမံများ ရေးဆွဲဖော်ထုတ်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အထောက်အကူဖြစ်

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက တစ်ဖက်နိုင်ငံ၌ သွားရောက်အလုပ်လုပ်ကိုင်နေသည့် မိမိတို့နိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားများ နိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသည့်အခါ ပြန်လည်လက်ခံရေးအတွက် အစီအမံများဖော်ထုတ်နိုင်ရန် အစည်းအဝေးပြုလုပ်ရခြင်းဖြစ်ကြောင်း၊ လက်ရှိတွင် မြဝတီ၊ ကော့သောင်းနှင့် တာချီလိတ်မြို့များတွင် ပြန်လည်ဝင်ရောက်လာခြင်းများ နေ့စဉ်ရှိပါကြောင်း၊ ယင်းသို့ ဝင်ရောက်လာရာတွင် တစ်ဖက်နိုင်ငံသို့ တရားမဝင်ရောက်ရှိနေသူ၊ တစ်ဖက်နိုင်ငံသို့ ပြန်လည်ထွက်ခွာလိုသူ၊ မူးယစ်ဆေးဝါးသုံးစွဲနေသူ၊ ပြစ်မှုကျူးလွန်၍ ပြစ်ဒဏ်အမျိုးမျိုးကျခံခဲ့ရသူ၊ ဘဝရပ်တည်ရန်ခက်ခဲသူ၊ နာမကျန်းဖြစ်နေသူများအပြင် တစ်ဖက်နိုင်ငံတွင် အခြေကျနေခဲ့သူများလည်း ရောပါလာကြောင်း၊ ယင်းကိစ္စရပ်များကို သက်ဆိုင်ရာဝန်ကြီး ဌာနများအနေဖြင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မည့်စီမံချက် ရေးဆွဲဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မိမိနိုင်ငံသားများ တစ်ဖက်နိုင်ငံ၌ အလုပ်လုပ်ရာတွင် တရားဝင်လုပ်ကိုင်နိုင်ပါက အလုပ်သမားမိသားစုများအတွက်သာမက နိုင်ငံတော်အတွက်ပါ အကျိုးရှိမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် အထောက်အကူဖြစ်မည်ဖြစ်ကြောင်း ပြောကြားသည်။

လုပ်ငန်းအစီအစဉ်များ ဆွေးနွေး

ထို့နောက် ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတို့မှ ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ရန်ပုံငွေ ထောက်ပံ့ပေးမည့်အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး၊ မူးယစ်ဆေးစွဲနေသူများအား ပြန်လည်ထူထောင်ရေးစခန်း ဖွင့်လှစ်ဆောင်ရွက်နိုင်ရေးအတွက် စီမံချက်များ အမြန်ဆုံးရေးဆွဲဆောင်ရွက်ရေး၊ တစ်ဖက်နိုင်ငံတွင် တရားမဝင် အလုပ်လုပ်ကိုင်လျက်ရှိသော ရွှေ့ပြောင်းအလုပ်သမားများကို တစ်ဖက်နိုင်ငံက ဖမ်းဆီး၍ နိုင်ငံသို့ ပြန်လည်ပို့ဆောင်မှုများအပေါ် စိစစ်လက်ခံရေးလုပ်ငန်းများနှင့် နေရပ်အရောက် ပြန်လည်ပို့ဆောင်ပေးနိုင်မည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးကြသည်။

သတင်းစဉ်

ပဲခူးမြို့အတွင်းရှိ ဆိုင်ကယ်များ၊ ဘေးတွဲဆိုင်ကယ်များ၊ ယာဉ်နံပါတ်မရှိသော စက်တပ်မော်တော်ယာဉ်များအား ထိရောက်စွာအရေးယူပေးရေး တိုင်းဒေသကြီးလွှတ်တော်တွင် တင်သွင်းမေးမြန်း

ပဲခူး မတ် ၄

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီက ကျင်းပရာ ပဲခူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွှန့်ရွှေက ပဲခူးမြို့အတွင်းရှိ ဆိုင်ကယ်များ၊ ဘေးတွဲဆိုင်ကယ်များ၊ ယာဉ်နံပါတ်မရှိသော စက်တပ်မော်တော်ယာဉ်များအား ထိရောက်စွာ အရေးယူပေးရေး ကြယ်ပွင့်ပြမေးခွန်းကို လွှတ်တော်တွင် တင်သွင်းမေးမြန်းသည်။

ယာဉ်မတော်တဆမှုများဖြစ်ပေါ်

ပဲခူးမြို့ပေါ်တွင် ယာဉ်နံပါတ်မရှိ၊ လိုင်စင်မရှိ ပြေးဆွဲနေသော မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ များစွာရှိနေပြီး ယာဉ်မတော်တဆမှုများ ဖြစ်ရာတွင် မောင်းပြေးခြင်းရှိနေ၍ ဖမ်းဆီးရန်ခက်ခဲနေခြင်း၊ မြေသယ်ယာဉ်များ၊ သဲသယ်ယာဉ်များ၊ စပါးခွံ ဖွဲသယ်ယာဉ်များ ဖုံးအုပ်ခြင်းမရှိ မလုံမခြုံ သယ်ယူသွားလာနေခြင်း၊ လိုင်စင်မဲ့ ဆိုင်ကယ် ဘေးတွဲယာဉ်များ၊ ဦးထုပ်မဆောင်းဘဲ ပြေးဆွဲနေသော ဆိုင်ကယ်များကြောင့် နေ့စဉ်နှင့်အမျှ ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်နေခြင်းတို့အား လက်ရှိအရေးယူဆောင်ရွက်နေမှုများမှာ ထိရောက်မှု အားနည်းနေခြင်းကြောင့် မည်ကဲ့သို့ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာရေးအတွက် တိုးမြှင့်ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ၊ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် စတင်ဆောင်ရွက်မည်ကို သိရှိလိုကြောင်း မေးမြန်းသည်။

ယင်းနောက် သက်ဆိုင်ရာ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးလှမျိုးရွှေက လိုင်စင်မဲ့မော်တော်ယာဉ်များအား ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ယနေ့အချိန်ထိ လိုင်စင်မဲ့မော်တော်ယာဉ် ခုနစ်စီးအား ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ မြေသယ်ယာဉ်၊ သဲသယ်ယာဉ်များ၊ စပါးခွံဖွဲသယ်ယာဉ်များမှ ဖုံးအုပ်ခြင်းမရှိ မလုံမခြုံသွားလာနေခြင်းနှင့် ပတ်သက်၍ ၂၀၁၈ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအထိ မော်တော်ယာဉ် ၅၅၇ စီးအား ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ပါကြောင်း။

ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာမှုမရှိသည့် ယာဉ်မောင်းများနှင့် ပြည်သူများအား ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့် ပတ်သက်၍ ပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် ယာဉ်တိုက်မှု ကျူးလွန်သူများကို ကျူးလွန်သောပြစ်မှုနှင့် အမြင့်ဆုံးပြစ်ဒဏ်ရရှိစေရေးအတွက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြထားရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး လှမျိုးရွှေ

ပဲခူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးညွှန့်ရွှေ

ဟိန်းထက်(ပဲခူး)

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအထိ မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

နေပြည်တော် မတ် ၄

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒီဇင်ဘာလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၁၇ ဒသမ ၅၁ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၀၉ ဒသမ ၆၄ သန်း နှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၂၇ ဒသမ ၁၅ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၉၀ ဒသမ ၆၀ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၅၁ ဒသမ ၂၆ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၄၁ ဒသမ ၈၆ သန်းဖြစ်သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒီဇင်ဘာလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၆၆၉ ဒသမ ၀၁ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၂၁၄ ဒသမ ၇၁ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအထိ မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၁၈၀ ဒသမ ၅၆ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၆၈ ဒသမ ၁၇ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၆၄၈ ဒသမ ၇၃ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၇၈၂ ဒသမ ၄၂ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၇၇ ဒသမ ၈၁ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၄၆၀ ဒသမ ၂၃ သန်းဖြစ်သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအထိ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၈၁၀၈ ဒသမ ၉၆ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၈၁၁ ဒသမ ၅၀ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေအစီရင်ခံစာအရ သိရှိရသည်။

သတင်းစဉ်

စာမျက်နှာ ၈ မှ

ရထားတွဲအား သတင်းအရရှာဖွေရာ တရားခံအမျိုးသား(၁)ဦးထံမှ Ethyl Acetate (၃၆၀၀၀)လီတာ၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ မန္တလေး- လားရှိုးသွား အဆန်ရထားပေါ်မှ တင်ဒါ (၁၆၅၀၀)လီတာ၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာ၌ ပိုင်ရှင်မဲ့ Sulphuric Acid (၄၀၀၀)လီတာ၊ ကျောက်ဆည်မြို့ အေးမြကြည်လင်ရပ်ကွက်၌ တရားခံ အမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၅၀)ပြား၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ အောင်မင်္ဂလာအဝေးပြေး ကားဝင်းအတွင်းရှိ အောင်ရတနာကားဂိတ်၌ ရန်ကုန်မှမြိတ်သို့ ခရီးသည်မပါ တန်ဆာခဖြင့် ပို့ဆောင်ရန်အပ်နှံထားသည့် ဂျပ်ဖာအားစိစစ်ခဲ့ရာ ၎င်းဂျပ်ဖာအတွင်းမှ စိတ်ကြွဆေးပြား(၅၀၀၀၀)ပြား၊ ဘိန်းဖြူ(၄)ဂရမ်အား သိမ်းဆည်းရမိသဖြင့် အသွင်ယူဖမ်းဆီးခဲ့ရာ မြိတ်မြို့ အောင်ရတနာကားဂိတ်၌ ဂျပ်ဖာလာရောက်ရွေးယူသည့် တရားခံအမျိုးသား(၁)ဦးနှင့် ၎င်း၏နေအိမ်မှ စိတ်ကြွဆေးပြား(၁၆၅)ပြား၊ ဘိန်းဖြူ(၀.၂)ဂရမ်၊ ဆိုင်ကယ်(၁) စီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ အမှတ်(၆)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၇၃)ပြားအား လည်းကောင်း၊ နိုင်ငံခြားသားများ ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခု ရှိခဲ့ပြီး ရှမ်းပြည်နယ်၊ တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်၌ တရားမဝင် ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသား တရားခံအမျိုးသား(၃)ဦး၊ မြန်မာနိုင်ငံသား တရားခံအမျိုးသား(၁)ဦး၊ ပေါင်း(၄)ဦးထံမှ စိတ်ကြွဆေးပြား (၁၀)ပြား၊ ဆိုင်ကယ်(၂)စီးအား လည်းကောင်း၊ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ်(၃)ခု ရှိခဲ့ပြီး ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ကော့ယက္ခကျေးရွာအနီး ဇာသပြင်-ကျားကလေးသွားကားလမ်းမပေါ်၌ ရပ်တန့်ထားသည့် Vigo ယာဉ်အား သတင်းအရစိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၆၀၀)ပြား၊ ကာဘိုင်သေနတ် (၁)လက်၊ ကျည်အိမ်(၁)ခု၊ ၎င်းကျည်(၁၀)တောင့်၊ ပစ္စတိုသေနတ်(၁)လက်၊ ၎င်းကျည်(၁၀)တောင့်၊ MG-1 လက်ပစ်ဗုံး(၁)လုံး၊ မော်တော်ယာဉ်(၁)စီး၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ဥဒေါင်းကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၇၆)ပြား၊ MG-1 လက်ပစ်ဗုံး(၁)လုံး၊ ဖျူစ်(၁)ခု၊ တစ်တောင့်ထိုး လုပ်သေနတ်(၁)လက်၊ ကာဘိုင်ကျည်(၂)တောင့်၊ ၉ မမ ကျည်(၁၃)တောင့်၊ ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်၊ လွယ်စီတုံကျေးရွာအဝင်၌ သတင်းအရ Mitsubishi Triton ယာဉ်အား ရပ်တန့်စိစစ်ရာ တရားမဝင်ဝင်ရောက် လာသည့် ထိုင်းနိုင်ငံသားတရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ မြန်မာနိုင်ငံသား တရားခံ အမျိုးသား (၁)ဦး၊ အမျိုးသမီး(၁)ဦး၊ စုစုပေါင်း(၄)ဦးတို့အား စိတ်ကြွဆေးပြား အကြေမှုန့်(၅)ဂရမ်၊ ခြောက်လုံးပြူး သေနတ်(၁)လက်၊ ၎င်းကျည်(၆)တောင့်၊ မော်တော်ယာဉ်(၁)စီးအား လည်းကောင်း၊ ထွက်ပြေးသဖြင့် ပစ်ခတ်ဖမ်းဆီးမှုဖြစ်စဉ်(၁)ခုရှိခဲ့ပြီး ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ဝေသာလီကျေးရွာအနီး မောင်တော-အငူမော်ကားလမ်းဘေး၌ ရပ်တန့်ထားသည့် Hino (၆)ဘီးယာဉ်အား စိစစ်ရာ ယာဉ်ကြမ်းခင်းအောက် နှစ်ထပ် အံဝှက်အတွင်း သိုဝှက်ထားသည့် စိတ်ကြွဆေးပြား(၈၇၇၅၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီးအား တွေ့ရှိသိမ်းဆည်းနေစဉ် ယာဉ်အနီးသို့ မောင်းနှင်လာသည့် မသင်္ကာဖွယ် ဆိုင်ကယ်အားစိစစ်ရန် တားဆီးစဉ် ဆိုင်ကယ်ဖြင့်တိုက်၍ ထွက်ပြေးသဖြင့် လိုက်လံပစ်ခတ်ဖမ်းဆီးရာ တရားခံအမျိုးသား (၁)ဦးအားလည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ် (၂၄-၂-၂၀၁၉ ရက်နေ့မှ ၂-၃-၂၀၁၉ ရက်နေ့အထိ)အတွင်း မူးယစ်အမှုပေါင်း(၂၀၈)မှုတွင် တရားခံကျား (၂၉၉)ဦး၊ မ(၂၆)ဦး၊ ပေါင်း(၃၂၅)ဦးကို ဘိန်းဖြူ (၂၀၃၃.၆၃၃)ဂရမ်၊ ဘိန်း(၂၈၅)ဂရမ်၊ စိတ်ကြွဆေးပြား (၁၁၃၆၁၅၀၃.၂၅)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၂၆.၆)ဂရမ်၊ဆေးခြောက်(၁၃၇၈.၇)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၁.၅)ဂရမ်၊ ဘိန်းစာမှုန့် (၂၁၀)ဂရမ်၊ ဘိန်းစာရွက်(၄၀၀၀)ဂရမ်၊ Tramadol Capsule (၁၀)တောင့်၊ Buprenorphine Tablet (၂)ပြား၊ Ethyl Acetate (၃၆၀၀၀)လီတာ၊ Sulphuric Acid (၄၀၀၀)လီတာ၊ တင်ဒါ(၁၆၅၀၀)လီတာ၊ လက်နက်မျိုးစုံ(၄)လက်၊ ကျည်မျိုးစုံ (၄၁)တောင့်၊ ကျည်အိမ်(၁)ခု၊ လက်ပစ်ဗုံး(၂)လုံး၊ ဖျူစ်(၁)ခုတို့ ဖော်ထုတ် သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

ဆက်သွယ်ရန်-

အော်တိုတယ်လီဖုန်းနံပါတ်	-	၀၆၇-၅၉၀၂၀၀
ဖက်စ်ဖုန်းနံပါတ်	-	၀၆၇-၅၉၀၂၃၃
အီးမေးလ်လိပ်စာ	-	**antinarcotics@presidentoffice.gov.mm**

အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မတ် ၄

၂၀၁၈-၂၀၁၉ ပညာသင်နှစ်၊ အခြေခံပညာအဆင့် အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းအတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကို ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနမှ ထုတ်ပြန်လိုက်သည်။

ယမန်နေ့မှအဆက်

အခြေခံပညာဦးစီးဌာန၊ ၂၀၁၉ ခုနှစ်၊ ဒသမတန်း လူရည်ချွန်စာရင်း

စဉ်	အမည်	ကျောင်း	မြို့နယ်	ခရိုင်
၉၄	မယွန်းပွင့်သူ	သမာဓိ(ကပက)	မိတ္ထီလာ	မိတ္ထီလာ
၉၅	မောင်ကျော်မင်းဦး	အထက(၁)ပျော်ဘွယ်	ပျော်ဘွယ်	ရမည်းသင်း
၉၆	မဝင်းမြတ်သန္တာဦး	အထက(၁)ပျော်ဘွယ်	ပျော်ဘွယ်	ရမည်းသင်း
၉၇	မင်းဒေရတ်	အထက(၉)မော်လမြိုင်	မော်လမြိုင်	မော်လမြိုင်
၉၈	မောင်ပြည့်စုံဖြိုး	အထက-ချောင်းဆုံ	ချောင်းဆုံ	မော်လမြိုင်
၉၉	မဆုမြတ်ဦး	အထက(၆)မော်လမြိုင်	မော်လမြိုင်	မော်လမြိုင်
၁၀၀	မသရဖီ	အထက(၁)သံဖြူဇရပ်	သံဖြူဇရပ်	မော်လမြိုင်
၁၀၁	မောင်ရဲလင်းထွန်း	အထက(၂)သထုံ	သထုံ	သထုံ
၁၀၂	မကြယ်စင်လင်းထွန်း	အထက(၂)သထုံ	သထုံ	သထုံ
၁၀၃	မောင်ထက်မြက်အောင်	အထက(၂)စစ်တွေ	စစ်တွေ	စစ်တွေ
၁၀၄	မဆုဝေဖြိုး	အထက(၄)စစ်တွေ	စစ်တွေ	စစ်တွေ
၁၀၅	မောင်ငြိမ်းမင်းလှိုင်	အထက(၁)မြောက်ဦး	မြောက်ဦး	မြောက်ဦး
၁၀၆	မအေးသုမွန်	အထက-ကျောက်တော်	ကျောက်တော်	မြောက်ဦး
၁၀၇	မောင်ဘုန်းမြတ်ဇော်	အထက(၁)ဘူးသီးတောင်	ဘူးသီးတောင်	မောင်တော
၁၀၈	မလင်းအေးမိုရ်	အထက(၁)ဘူးသီးတောင်	ဘူးသီးတောင်	မောင်တော
၁၀၉	မောင်လင်းမြတ်မောင်	အထက(၂)အမ်း	အမ်း	ကျောက်ဖြူ
၁၁၀	မအေးငြိမ်းစံ	အထက(၂)အမ်း	အမ်း	ကျောက်ဖြူ
၁၁၁	မောင်ထက်အောင်ဘုန်းမြတ်	အထက(၁)တောင်ကုတ်	တောင်ကုတ်	သံတွဲ
၁၁၂	မမြပန်းအိမ်	အထက(ခွဲ)မြို့မ	သံတွဲ	သံတွဲ
၁၁၃	မောင်ဇေလင်းမြတ်	အထက(၂)တောင်ဥက္ကလာပ	တောင်ဥက္ကလာပ	အရှေ့ပိုင်း
၁၁၄	မောင်ချမ်းမြေ့ကျော်	အထက(၂)ရန်ကင်း	ရန်ကင်း	အရှေ့ပိုင်း
၁၁၅	မောင်မင်းခန့်	အထက(၂)ဒဂုံမြောက်	ဒဂုံမြောက်	အရှေ့ပိုင်း
၁၁၆	မဆုရည်မွန်	အထက(၃)တာမွေ	တာမွေ	အရှေ့ပိုင်း
၁၁၇	မသိမ့်ဆုဇာဝင်း	အထက(၃)မင်္ဂလာတောင်ညွန့်	မင်္ဂလာတောင်ညွန့်	အရှေ့ပိုင်း
၁၁၈	မခိုင်မွန်	အထက(၄)ပုဇွန်တောင်	ပုဇွန်တောင်	အရှေ့ပိုင်း
၁၁၉	မောင်ကျော်လင်းသန်း	အထက(၄)အလုံ	အလုံ	အနောက်ပိုင်း
၁၂၀	မောင်ခန့်စည်သူ	အထက(၁)လသာ	လသာ	အနောက်ပိုင်း
၁၂၁	မမိုးမြင့်မြတ်	အထက(၁)ဒဂုံ	ဒဂုံ	အနောက်ပိုင်း
၁၂၂	မကြည်ရှင်းခန့်	အထက(၂)စမ်းချောင်း	စမ်းချောင်း	အနောက်ပိုင်း
၁၂၃	မောင်ကောင်းဇင်ဟိန်း	အထက(၁)သန်လျင်	သန်လျင်	တောင်ပိုင်း
၁၂၄	မမေဖြိုးပွင့်	အထက(၂)ကွမ်းခြံကုန်း	ကွမ်းခြံကုန်း	တောင်ပိုင်း
၁၂၅	မောင်ထက်အောင်လှိုင်	အထက(၁)သုံးခွ	သုံးခွ	တောင်ပိုင်း
၁၂၆	မမေသူချစ်	အထက(၄)သန်လျင်	သန်လျင်	တောင်ပိုင်း
၁၂၇	မောင်မင်းဖြိုးသွင်	အထက(၂)မင်္ဂလာဒုံ	မင်္ဂလာဒုံ	မြောက်ပိုင်း

(ဆက်လက်ဖော်ပြပါမည်)

အခြေခံပညာဦးစီးဌာန၊ ၂၀၁၉ ခုနှစ်၊ နဝမတန်း လူရည်ချွန်စာရင်း

စဉ်	အမည်	ကျောင်း	မြို့နယ်	ခရိုင်
၉၄	မငြိမ်းရှင်းသန့်မင်းနိုင်	သမာဓိ(ကပက)	မိတ္ထီလာ	မိတ္ထီလာ
၉၅	မောင်အာကာဖြိုး	ဟိန်း(ကပက)	ရမည်းသင်း	ရမည်းသင်း
၉၆	မရွှန်းလဲ့နဒီဦး	အထက(၁)ပျော်ဘွယ်	ပျော်ဘွယ်	ရမည်းသင်း
၉၇	မောင်မင်းသုမွန်	အထက(၁)မုဒုံ	မုဒုံ	မော်လမြိုင်
၉၈	မောင်လျှမ်းထက်နိုင်	ပါရမီ(ကပက)	မော်လမြိုင်	မော်လမြိုင်
၉၉	မရွှန်းမြင့်မိုးသုန်	ပါရမီ(ကပက)	မော်လမြိုင်	မော်လမြိုင်
၁၀၀	မသက်မွန်ကျော်	အထက(ခွဲ)ကရင်ဝင်းစိန်	ချောင်းဆုံ	မော်လမြိုင်
၁၀၁	မောင်ကျော်ဘုန်းဆက်အောင်	အထက(၂)သထုံ	သထုံ	သထုံ
၁၀၂	မလှယမင်းသူ	အထက-ပေါင်	ပေါင်	သထုံ
၁၀၃	မောင်ဉာဏ်စည်မင်း	အထက(၂)စစ်တွေ	စစ်တွေ	စစ်တွေ
၁၀၄	မခိုင်ချိုငြိမ်း	အထက(၉)မင်းဂံ	စစ်တွေ	စစ်တွေ
၁၀၅	မောင်ဟိန်းထွန်းဇော်	အထက(၁)မြောက်ဦး	မြောက်ဦး	မြောက်ဦး
၁၀၆	မဖြိုးဖြိုးစံ	အထက(၁)မြောက်ဦး	မြောက်ဦး	မြောက်ဦး
၁၀၇	မောင်စိုးဝင်း	အထက(၂)ဘူးသီးတောင်	ဘူးသီးတောင်	မောင်တော
၁၀၈	မလင်းမြတ်မိုး	အထက(၁)ဘူးသီးတောင်	ဘူးသီးတောင်	မောင်တော
၁၀၉	မောင်ဆန်းထူးလွင်	အထက-ဇရပ်ပြင်	ရမ်းဗြဲ	ကျောက်ဖြူ
၁၁၀	မငြိမ်းငြိမ်းယုလှိုင်	အထက-ဇရပ်ပြင်	ရမ်းဗြဲ	ကျောက်ဖြူ
၁၁၁	မောင်ဇေယျာလင်းထွန်း	အထက(၁)တောင်ကုတ်	တောင်ကုတ်	သံတွဲ
၁၁၂	မရည်မွန်လွင်	အထက(ခွဲ)မြို့မ	သံတွဲ	သံတွဲ
၁၁၃	မောင်ဥက္ကာဟန်	အထက(၅)ဗိုလ်တထောင်	ဗိုလ်တထောင်	အရှေ့ပိုင်း
၁၁၄	မောင်ရဲသုလှိုင်	အထက(၂)ရန်ကင်း	ရန်ကင်း	အရှေ့ပိုင်း
၁၁၅	မောင်ထက်ပိုင်လင်း	အထက(၁)မြောက်ဥက္ကလာပ	မြောက်ဥက္ကလာပ	အရှေ့ပိုင်း
၁၁၆	မဆုလှိုင်လှိုင်ထွန်း	အထက(၅)ဗိုလ်တထောင်	ဗိုလ်တထောင်	အရှေ့ပိုင်း
၁၁၇	မခိုင်ယဉ်မင်းသန့်	အထက(၂)ရန်ကင်း	ရန်ကင်း	အရှေ့ပိုင်း
၁၁၈	မဆက်မီမီပိုင်	အထက(၄)သဃ်္ဃန်းကျွန်း	သဃ်္ဃန်းကျွန်း	အရှေ့ပိုင်း
၁၁၉	မောင်ခန့်ညားနန္ဒ	လေ့ကျင့်ရေးအထက်တန်းကျောင်း	ကမာရွတ်	အနောက်ပိုင်း
၁၂၀	မောင်ကောင်းထက်မျိုးတင့်	Great Light (ကပက)	မရမ်းကုန်း	အနောက်ပိုင်း
၁၂၁	မခိုင်သက်ဆုမိုး	အထက(၁)ဒဂုံ	ဒဂုံ	အနောက်ပိုင်း
၁၂၂	မအင်ကြင်းဖြူ	Great Light(ကပက)	မရမ်းကုန်း	အနောက်ပိုင်း
၁၂၃	မမြတ်သီရိသူ	အထက(၂)သန်လျင်	သန်လျင်	တောင်ပိုင်း
၁၂၄	မောင်ဥက္ကာဖြိုး	အထက(၄)သန်လျင်	သန်လျင်	တောင်ပိုင်း
၁၂၅	မထက်ဆုရတီ	အထက(၂)ကွမ်းခြံကုန်း	ကွမ်းခြံကုန်း	တောင်ပိုင်း
၁၂၆	မောင်ဝင်းခန့်မောင်မောင်	အထက(၂)ကျောက်တန်း	ကျောက်တန်း	တောင်ပိုင်း
၁၂၇	မောင်သန့်စည်သူ	အထက(၁)ရွှေပြည်သာ	ရွှေပြည်သာ	မြောက်ပိုင်း

(ဆက်လက်ဖော်ပြပါမည်)

အခြေခံပညာဦးစီးဌာန၊ ၂၀၁၉ ခုနှစ်၊ အဋ္ဌမတန်း လူရည်ချွန်စာရင်း

စဉ်	အမည်	ကျောင်း	မြို့နယ်	ခရိုင်
၁၀၂	မသူသူထက်စံ	အထက-ရင်းငြိမ်	ပေါင်	သထုံ
၁၀၃	မောင်ချမ်းငြိမ်း	အထက(ခွဲ)ပုဏ္ဏားကျွန်း	ပုဏ္ဏားကျွန်း	စစ်တွေ
၁၀၄	မပန်းအိထွန်း	အထက(၉)မင်းဂံ	စစ်တွေ	စစ်တွေ
၁၀၅	မောင်အောင်မြတ်စိုး	အထက(၁)မြောက်ဦး	မြောက်ဦး	မြောက်ဦး
၁၀၆	မသွယ်ဖြိုးထက်	အထက(၁)မြောက်ဦး	မြောက်ဦး	မြောက်ဦး
၁၀၇	မောင်သန့်ဇင်ဖြိုး	အထက(၁)ဘူးသီးတောင်	ဘူးသီးတောင်	မောင်တော
၁၀၈	မထက်စုမွန်	အထက(ခွဲ)အလက(၂)	ဘူးသီးတောင်	မောင်တော
၁၀၉	မောင်ထက်မြက်	အထက(ခွဲ)အလက(၂)	ကျောက်ဖြူ	ကျောက်ဖြူ
၁၁၀	မမဠူဖွေး	အထက(ခွဲ)အလက(၂)	ကျောက်ဖြူ	ကျောက်ဖြူ
၁၁၁	မောင်စိုးကျော်ဖြိုး	အထက(ခွဲ)ဂူတာ	တောင်ကုတ်	သံတွဲ
၁၁၂	မနှင်းသန့်ဖြူ	အထက(၁)တောင်ကုတ်	တောင်ကုတ်	သံတွဲ
၁၁၃	မောင်မြတ်မင်းသန့်	အထက-သုဝဏ္ဏ	သဃ်္ဃန်းကျွန်း	အရှေ့ပိုင်း
၁၁၄	မောင်မင်းဟိန်း	အထက(၂)တောင်ဥက္ကလာပ	တောင်ဥက္ကလာပ	အရှေ့ပိုင်း
၁၁၅	မောင်ထူးမြတ်မောင်	အထက(၃)ဒဂုံမြောက်	ဒဂုံမြောက်	အရှေ့ပိုင်း
၁၁၆	မခင်ရတနာဦး	အထက(၂)တောင်ဥက္ကလာပ	တောင်ဥက္ကလာပ	အရှေ့ပိုင်း
၁၁၇	မနန္ဒာကြည်ဖြူလင်း	လေ့ကျင့်ရေးအလယ်တန်းကျောင်း	ရန်ကင်း	အရှေ့ပိုင်း
၁၁၈	မမေသက်ပန်	အထက(၅)ဗိုလ်တထောင်	ဗိုလ်တထောင်	အရှေ့ပိုင်း
၁၁၉	မောင်ဉာဏ်လင်းထက်	အလက(၁)ဒဂုံ	ဒဂုံ	အနောက်ပိုင်း
၁၂၀	မောင်သာလင်းထက်	ကောင်းထက်ကျော်(ကပက)	ဗဟန်း	အနောက်ပိုင်း
၁၂၁	မခင်နေခြည်သော်	အထက(၂)ဗဟန်း	ဗဟန်း	အနောက်ပိုင်း
၁၂၂	မဆုလင်းလက်နိုင်	အလက(၁)ဒဂုံ	ဒဂုံ	အနောက်ပိုင်း
၁၂၃	မောင်စိုးဝင်းနိုင်	အထက(၂)သုံးခွ	သုံးခွ	တောင်ပိုင်း
၁၂၄	မောင်ဗိုလ်လင်းထွန်း	အလက(ခွဲ)ကွနီး	ကျောက်တန်း	တောင်ပိုင်း
၁၂၅	မရွှေပြည့်လှုံဦး	အထက(၂)သန်လျင်	သန်လျင်	တောင်ပိုင်း
၁၂၆	မမင်းထက်ရည်သွေး	အထက(၂)ကွမ်းခြံကုန်း	ကွမ်းခြံကုန်း	တောင်ပိုင်း
၁၂၇	မောင်အောင်ခန့်ဟိန်း	အထက(၂)မင်္ဂလာဒုံ	မင်္ဂလာဒုံ	မြောက်ပိုင်း

(ဆက်လက်ဖော်ပြပါမည်)

တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၏ အခြေအနေ ဆန်းစစ်လေ့လာချက်အစီရင်ခံစာကို UNDP ထုတ်ပြန်

ရန်ကုန် မတ် ၄

United Nations Development Programme(UNDP)သည် မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၏ ပထမဦးဆုံးသော အခြေအနေ ဆန်းစစ်လေ့လာချက် အချက် (၃၇) ချက်ပါ အစီရင်ခံစာ ထုတ်ပြန်သည့် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ Rose Garden ဟိုတယ်တွင် ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

UNDP ၏ ထုတ်ပြန်မှုတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်လွှတ်တော်များ၏ လွှတ်တော်လုပ်ငန်းဆောင်ရွက်မှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် လွှတ်တော်အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်မှု ၊ ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍများကို လေ့လာထားသည့်အရာများ ပါဝင်ပြီး မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့ရှိ တိုင်းဒေသကြီးနှင့်ပြည်နယ် လွှတ်တော်များကို သွားရောက်၍ လေ့လာဆန်းစစ်ထားခြင်းဖြစ်ကြောင်း သိရသည်။

အစီရင်ခံစာကို မန္တလေးတိုင်းဒေသကြီး ၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ရှိ လွှတ်တော်များမှ ဒုတိယဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများက မိတ်ဆက်ခဲ့ပြီး အစီရင်ခံစာသည် Australia's Department of Foreign Affairs and Trade (DFAT)၊ Swedish International Development Agency (SIDA)နှင့် Department of International Development (DFID) တို့မှ ရန်ပုံငွေ ပံ့ပိုးထားပြီး လွှတ်တော်များနှင့်အတူ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ကိုယ့်ရဲ့စည်းမျဉ်းတာဝန်တွေကို အပြန်အလှန်သိဖို့ လိုအပ်

အစီရင်ခံစာ ထုတ်ပြန်ရသည့် အကြောင်းရင်းနှင့်ပတ်သက်၍ UNDP ၏ ဌာနေကိုယ်စားလှယ် Peter Batchelor က "လွှတ်တော်အချင်းချင်းကြားထဲမှာကျင့်သုံးတဲ့ အကောင်းဆုံး ပုံစံတွေကို လေ့လာတဲ့အပြင် နိုင်ငံတကာမှာကျင့်သုံးတဲ့ အကောင်းဆုံးပုံစံတွေကိုပါ အခြေခံပြီးတော့ ကောင်းမွန်တဲ့ လွှတ်တော်တွေမှာ ကောင်းမွန်တဲ့ ကျင့်သုံးမှုတွေ ဖြစ်လာဖို့ အတွက် ရည်ရွယ်ပြီး လုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်တွေ အချင်းချင်းအကြားမှာ လေ့လာသင်ယူမှုကို အားပေးချင်လို့ပါ။ မူဝါဒချမှတ်ရေးနဲ့ ပတ်သက်ပြီး လွှတ်တော်နဲ့ အစိုးရအနေနဲ့ ကိုယ့်ရဲ့စည်းမျဉ်းတာဝန်တွေကို အပြန်အလှန်သိဖို့ လိုအပ်ပါတယ်။ ဥပဒေပြုရေးက လွှတ်တော်ရဲ့တာဝန်ဖြစ်ပြီး မူဝါဒရေးဆွဲချမှတ်ရေးက အစိုးရရဲ့တာဝန်ပါ။ လွှတ်တော်အနေနဲ့ အစိုးရရဲ့မူဝါဒချမှတ်ရေးကို ကူညီပေးလို့ရပေမယ့် တရားဝင်ပေးအပ်ထားတဲ့ အခန်းကဏ္ဍကတော့ လွှတ်တော်မှာ မရှိပါဘူး။ အဲဒီလိုမျိုး ရှုပ်ထွေးမှု၊ နားမရှင်းမှုတွေ မဖြစ်သင့်ဘူးဆိုတာလည်း အစီရင်ခံစာမှာ ဖော်ပြထားပါတယ်" ဟု ပြောသည်။

ယခုအစီရင်ခံစာသည် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များအားလုံး အနာဂတ်တွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးအတွက် တန်ဖိုးရှိသော ကိုးကားလမ်းညွှန်ချက်တစ်ခု ဖြစ်မည်ဟု မျှော်လင့်ထားကြောင်း၊ လွှတ်တော်တစ်ရပ်၏ ကောင်းမွန်သော ဖွံ့ဖြိုးတိုးတက်မှုပုံစံအား အခြားသော လွှတ်တော်များမှ ထည့်သွင်းစဉ်းစားကာ အလားတူဆောင်ရွက် နိုင်စေရေးအတွက် ဖြစ်ကြောင်း၊ အစီရင်ခံစာအား ပြည်ထောင်စုအဆင့်အထိ အဆင့်ဆင့်တင်ပြသွားရန် UNDP အနေဖြင့် ရည်ရွယ်ထားကြောင်း သိရသည်။

ဘာတွေလုပ်နေသလဲဆိုတာကို အဓိကဆန်းစစ်တာဖြစ်

ညီမျှခြင်းမြန်မာ၏ အမှုဆောင်ဒါရိုက်တာ ဦးအောင်မျိုးမင်းက "အခုဆန်းစစ်လေ့လာမှုက ဘယ်လောက်အထိ အောင်မြင်သလဲဆိုတာကို ဆန်းစစ်တာမဟုတ်ဘူး။ သူတို့ ဘာတွေလုပ်နေသလဲဆိုတာကို အဓိက ဆန်းစစ်တာဖြစ်တယ်။ အစီရင်ခံစာပါ

ညီမျှခြင်းမြန်မာ၏ အမှုဆောင် ဒါရိုက်တာ ဦးအောင်မျိုးမင်း

UNDP ၏ ဌာနေ ကိုယ်စားလှယ် Peter Batchelor

အားကောင်းတာတွေဆိုရင် အခြားပြည်နယ်လွှတ်တော်တွေ လေ့လာလို့ကောင်းတယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ်လွှတ်တော်တွေက သူ့ပြည်နယ်၊ သူ့တိုင်းပဲရှိပြီး လွှတ်တော်တွေကြားထဲမှာ ဆက်သွယ်တာတွေ၊ အတွေ့အကြုံဖလှယ်ကြတာတွေ၊ စိန်ခေါ်မှုကို ဘယ်လိုလုပ်ဆောင်ကြမလဲဆိုတာကို ရှင်းလင်းဖို့အတွက် အခွင့်အလမ်းက တော်တော်နည်းနေတာတွေ့ရတယ်။ ဒါကြောင့် လေ့လာစေချင်လို့ အခုလိုမျိုး ထုတ်ပြန်တာ ဖြစ်ပါတယ်" ဟု ပြောသည်။

အစီရင်ခံစာ မိတ်ဆက်ထုတ်ပြန်ခြင်းအပြီးတွင် မြန်မာနိုင်ငံ ဗဟိုချုပ်ကိုင်မှု လျှော့ချသော အုပ်ချုပ်ရေးစနစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၏ အနာဂတ်အခန်းကဏ္ဍအမည်ဖြင့် ဆွေးနွေးပွဲတစ်ခုပြုလုပ်ခဲ့ပြီး ဆွေးနွေးပွဲတွင် မွန်ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦး၊ ကနေဒါနိုင်ငံ Ontario ပြည်နယ်၏ ယခင်လွှတ်တော်ကိုယ်စားလှယ်နှင့်ဝန်ကြီးဟောင်း Carl Defaria ၊ မြို့ပြတည်ဆောက်ခြင်း- မြို့ပြနှင့် ဒေသဆိုင်ရာ စီမံကိန်းအတွက် မူဝါဒပိုင်းဆိုင်ရာ အင်စတီကျူသုတေသန ခေါင်းဆောင် Mael Raynaud၊ ဒေသဆိုင်ရာ လွှတ်တော်များ အားပေးကူညီရေးအဖွဲ့ (MCERP) ဥက္ကဋ္ဌ ဦးဖေအောင်လင်းတို့က ပါဝင်ဆွေးနွေးခဲ့သည်။

ဖြစ်နေတဲ့အကြောင်းအရာတွေကို ဥပဒေအရ ဘယ်လိုကာကွယ်နိုင်သလဲ

တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များ၏အခြေအနေ ဆန်းစစ်လေ့လာချက်အစီရင်ခံစာတွင်ပါဝင်သူ ဦးအောင်မျိုးမင်းက "အမှန်က လွှတ်တော်ရဲ့တာဝန်က တစ်ဦးချင်းကို ကာကွယ်တာထက် ဖြစ်နေတဲ့ အကြောင်းအရာတွေကို ဘယ်လိုကာကွယ်မလဲ၊ ဥပဒေကို ဘယ်လိုပြဋ္ဌာန်းမလဲဆိုတာ သွားသင့်တယ်။ လွှတ်တော်ကိုယ်စားလှယ်ဆိုတာ ကိုယ့် Constitution ကို ကြည့်ဖို့ လိုအပ်သလို ကိုယ့်ရဲ့ပြည်နယ်နဲ့ တိုင်းဒေသကြီးတစ်ခုလုံးမှာ ဖြစ်နေတဲ့အကြောင်းအရာတွေကို ဥပဒေအရ ဘယ်လိုကာကွယ်နိုင်သလဲ။ ဘယ်လို ဥပဒေလိုအပ်လဲ။ ဒါကို မြင်နိုင်တဲ့ အမြင်ပိုပြီးလိုအပ်တယ်။ အခုဆိုရင် ပြည်ထောင်စုလွှတ်တော်ဆိုရင်တော့ တော်တော်အားကောင်းလာပါပြီ" ဟုပြောသည်။

အလွန်အမင်း ဆင်းရဲမွဲတေမှုများ ပပျောက်စေရန်၊ မညီမျှမှုများလျှော့ချရန်၊ ၂၀၃၀ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်များ အောင်မြင်မှုရရှိစေရန်အတွက် နိုင်ငံအသီးသီးအား ကူညီပံ့ပိုးပေးရန်သည် UNDP ၏ ရည်မှန်းချက်ဖြစ်ပြီး နိုင်ငံပေါင်း ၁၇၀ ကျော်တွင် အစီအစဉ်များ ဆောင်ရွက်နေကြောင်း ထုတ်ပြန်ချက်များအရ သိရသည်။

သတင်း-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-ဖိုးထောင်

ဆဋ္ဌမအကြိမ်မြောက် မြန်မာ-ဂျပန် လူ့အခွင့်အရေးဆွေးနွေးပွဲ တိုကျိုမြို့တွင် ကျင်းပ

နေပြည်တော် မတ် ၄

ဆဋ္ဌမအကြိမ်မြောက် မြန်မာ-ဂျပန် လူ့အခွင့်အရေးဆွေးနွေးပွဲကို မတ် ၁ ရက်က ဂျပန်နိုင်ငံ တိုကျိုမြို့ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် ဂျပန်နိုင်ငံ၊ ကုလသမဂ္ဂရေးရာဆိုင်ရာ ဂျပန်သံအမတ်ကြီးနှင့် ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာဆာတိုအိုတာကာတို့က ပူးတွဲသဘာပတိများအဖြစ်ဆောင်ရွက်ကြပြီး လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို ပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ရခိုင်ပြည်နယ်အရေးကိစ္စ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် ကုလသမဂ္ဂနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကိုလည်း ဆွေးနွေးခဲ့ကြသည်။

အမြဲတမ်းအတွင်းဝန်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပါလီမန်နိုင်ငံခြားရေးရာ ဒုတိယဝန်ကြီး မစ္စတာနိုရီကာဇူဆူဇူကီးအား ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနတွင် တွေ့ဆုံခဲ့ကာ ရခိုင်ပြည်နယ်အတွင်း မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများတွင် ဂျပန်နိုင်ငံမှ ပံ့ပိုးဆောင်ရွက်နေမှုများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ အမြဲတမ်းအတွင်းဝန်သည် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အရှေ့တောင်အာရှဌာန၊ ညွှန်ကြားရေးမှူးချုပ် မစ္စတာ ရှိဂဲကိတာကာဇာကီနှင့် သီးခြားတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ အရာထမ်းများ လိုက်ပါသွားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဘူးသီးတောင်မြို့နယ်၌ မီးဘေးဒုက္ခသည်များအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

ဘူးသီးတောင် မတ် ၄

ဘူးသီးတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရွှေ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစည်သူလွင်တို့ ဦးစီး၍ ဘူးသီးတောင်မြို့နယ် ကွန်တိုင်ကျေးရွာအုပ်စု မောင်နှမ ကျေးရွာ၌ မတ် ၂ ရက်က ဖြစ်ခဲ့သော မီးဘေးဒုက္ခသည်အိမ်ထောင်စု ၁၄ စု၊ လူဦးရေ ၉၅ ဦးတို့အား ယနေ့နံနက်က မောင်နှမကျေးရွာ၌ ထောက်ပံ့ငွေကျပ် ၁၅၉၉၅၀၀ နှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

အဆိုပါထောက်ပံ့ငွေများမှာ အိမ်ထောင်စုတစ်စုလျှင် အိမ်ဆောက်ရန် ငွေကျပ်တစ်သိန်း၊ ဒုက္ခသည်တစ်ဦးလျှင် ဆန်ရိက္ခာဖိုးတစ်ပတ်ငွေကျပ် ၂၁၀၀ နှုန်းဖြင့် အိမ်ထောင်စု ၁၄ စု၊လူဦးရေ ၉၈ ဦးတို့အား ထောက်ပံ့ငွေကျပ် ၁၅၉၉၅၀၀ နှင့် အမျိုးသား အမျိုးသမီးလုံချည်၊ စောင်၊ ခြင်ထောင်၊ ဒန်အိုး၊ ပန်းကန်ပြား၊ တဘက်၊ ဆပ်ပြာ၊ တီရှပ်၊ ဇလုံအစရှိသည့်ပစ္စည်း ၁၅ မျိုး ပါဝင်သော ပလတ်စတစ်ပုံး ၁၄ ပုံးတို့ကို ပေးအပ်ခဲ့ရာ မီးဘေးဒုက္ခသည်များမှ လက်ခံရယူခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒထုတ်ဖော်

တံတားဦး မတ် ၄

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်အတွင်းရှိ ပြည်သူလူထု ၂၀၀ ခန့်မှ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေးအတွက် တံတားဦးမြို့ပေါ်အတွင်း လှည့်လည်၍ ကြွေးကြော်သံများ ပိုစတာများ ကိုင်ဆောင်ပြီး ငြိမ်းချမ်းစွာစီတန်းလှည့်လည်ဆန္ဒထုတ်ဖော်ပွဲကို မတ် ၃ ရက် နံနက် ၉ နာရီ ၁၅ မိနစ်က တံတားဦးမြို့ ဆုံကုန်းရပ် ပိုက်ကျော်ခြင်းကွင်းမှ လမ်းမတော်အတိုင်း ရေလည်ကွေ့ရပ် အိမ်သစ်တန်းရပ်၊ နီပါးတန်းရပ်၊ လွှစဉ်တန်းရပ် အထက ကျောင်းလမ်းမှတစ်ဆင့် ဆုံကုန်းပိုက်ကျော်ခြင်းကွင်းသို့ စီတန်းလှည့်လည်ကာ ဆန္ဒထုတ်ဖော်ကြကြောင်း သိရသည်။

အဆိုပါ ဆန္ဒထုတ်ဖော်ရာသို့ တံတားဦးမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးမင်းမင်းနီ၊ ဦးဝဏ္ဏအောင်နှင့် ပြည်သူလူထုများ ပါဝင်ကြပြီး ဗီနိုင်းဆိုင်းဘုတ်၊ ပိုစတာငယ်များ ကိုင်ဆောင်၍ လှည့်လည် ဆန္ဒထုတ်ဖော်ကြကြောင်း သိရသည်။

ရဲတင့်

အများအားဖြင့် သာယာမည်

နေပြည်တော် မတ် ၄

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

From the People of Japan
UN WOMEN

မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီက ဦးစီးကျင်းပသော
"အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့"
"ခွင့်တူညီရေးစဉ်းစားလို့ စွမ်းရည်မြင့်ရေး အလေးပေးဖို့၊ ပြောင်းလဲမှုကို ဖန်တီးစို့"
"Think equal, build smart, innovate for change"
နေပြည်တော်
၈.၃.၂၀၁၉

ထွန်းဖောင်ဒေးရှင်း စာပေဆုချီးမြှင့်ပွဲ မတ် ၉ ရက်တွင် ကျင်းပမည်

ရန်ကုန် မတ် ၄

(၁၃)ကြိမ်မြောက် ထွန်းဖောင်ဒေးရှင်းစာပေဆု(၂၀၁၈) ချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ အမှတ်(၂) စည်ပင်လမ်းသစ်ရှိ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ၌ မတ် ၉ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သို့ပါ၍ ဆုရရှိသူများအားလုံးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြရန် နှိုးဆော်ထားပြီး စာပေဆုကော်မတီ လိပ်စာ အမှတ် ၂၃/၂၄ ဗဟိုစည်အိမ်ရာ ဗိုလ်ချုပ်အောင်ဆန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၉-၇၃၁၀၄၄၈၇၊ ၀၉-၄၅၁၃၀၃၉၆၉ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

လူငယ်များ အောင်မြင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း ပြည်သူ့စကားဝိုင်း ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)၌ ကျင်းပ

ရန်ကုန် မတ် ၄

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသော သတ္တမအကြိမ်မြောက် လူငယ်များ အောင်မြင်ရေးနှင့် အလုပ်အကိုင်အခွင့် အလမ်းခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို မတ် ၁ ရက်က ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး (၁) လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်း၊ ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) ဒုတိယပါမောက္ခချုပ် ဒေါက်တာသောင်းထိုက်၊ ဒေါက်တာလင်းသိုက်ညွန့်(မြန်မာ့မြေ)၊ Strategy First ဦးဆောင်သူ ဆရာ ဦးအောင်ချစ်ခင်တို့က လူငယ်များ အောင်မြင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သန္တာမေ(ပြန်/ဆက်)

နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

ဂျူဗင်တပ်စ်က နာပိုလီအား ၁၆ မှတ်အထိ ဖြတ်ထားနိုင်

ယမန်နေ့က စီးရီးအေပွဲစဉ် ၂၆ အဖြစ် နာပိုလီနှင့် ဂျူဗင်တပ်စ်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ဂျူဗင်တပ်စ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း ဘီဘီစီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ဂျူဗင်တပ်စ်အသင်းသည် အဆိုပါပွဲ အနိုင်ရရှိခဲ့ခြင်းကြောင့် အမှတ်ပေးဇယားအဆင့် (၂) နေရာမှ နာပိုလီအသင်းအား ၁၆ မှတ်အထိ ဖြတ်တောက်ထားနိုင်ကြောင်း သိရသည်။

နာချိုမွန်ရီရယ်၏ နေရာအား အစားထိုးဖွယ်ရှိ

အာဆင်နယ်အသင်းသည် အသင်းမှ အသက် ၃၃ နှစ်အရွယ် စပိန်ဘယ်နောက်ခံကစားသမား နာချို မွန်ရီရယ်အနေဖြင့် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့သွားပါက အဆိုပါကစားသမား၏ နေရာကို အစားထိုးရန်အတွက် အိုင်းယက်စ်အသင်းမှ အသက် ၂၆ နှစ်အရွယ် အာဂျင်တီးနားကစားသမား နီကိုလပ်စ် တာလီယာ ဖီဂို သို့မဟုတ် ဆဲလ်တစ်အသင်းမှ အသက် ၂၁ နှစ်အရွယ် စကော့တလန်ခံစစ်ကစားသမား တီယာနေအား ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း မေးရာတွင် ဖော်ပြထားသည်။

မန်ယူနှင့် လီဗာပူးတို့ အစ္စကိုအားခေါ်ယူရန် ဆန္ဒပြင်းပြ

မန်ယူနှင့် လီဗာပူးအသင်းတို့သည် ရီးရဲမက်ဒရစ်အသင်းမှ အသက် ၂၆ နှစ်အရွယ် စပိန်ကွင်းလယ်ကစားသမား အစ္စကိုအား ခေါ်ယူရန် ဆန္ဒပြင်းပြနေကြောင်း အီတလီဘက်ကလာသော သတင်းအရင်းအမြစ်တွင် ဖော်ပြထားသည်။

ဂွန်မက်ဂင် (၂၄ နှစ်) အား လက်စတာ ခေါ်ယူလို

လက်စတာစီးတီးနည်းပြသစ် ရော်ဂျာသည် အက်စတွန်ဗီလာအသင်းမှ စကော့တလန်ကွင်းလယ်ကစားသမား ဂွန် မက်ဂင် (၂၄နှစ်) အား ခေါ်ယူလိုနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အင်တာက ခေါ်ယူလိုသည့် ဒါမီယန်

အင်တာမီလန်အသင်းသည် မန်ယူအသင်းမှ အသက် ၂၉ နှစ်အရွယ် အီတလီညာနောက်ခံကစားသမား ဒါမီယန်အား ပေါင် ၉ ဒသမ ၅ သန်းဖြင့် ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ကာရက်စ်ကိုအား အာဆင်နယ် ခေါ်ယူလို

အာဆင်နယ်အသင်းသည် တရုတ်ကလပ် ဒါလီယန် ယီဖန်းအသင်းမှ ဘယ်လ်ဂျီယံ တောင်ပံကစားသမား ကာရက်စ်ကို (၂၅နှစ်) အား ခေါ်ယူလိုနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အောင်ဇော်

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲ တာမွေမြို့နယ် တံခွန်စိုက်ဖလား ဆွတ်ခူး

ရန်ကုန် မတ် ၄

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၄ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပခဲ့ရာ အသင်းလိုက်ပြိုင်ပွဲတွင် တာမွေမြို့နယ်က တံခွန်စိုက်ဆုဖလားကြီးကို ဆွတ်ခူးရရှိသွားကြောင်း သိရသည်။

ပြိုင်ပွဲများအပြီး အလွတ်တန်းပြိုင်ပွဲတွင် စတုတ္ထမှ ဒသမအထိ ဆုရှိသူများ အသက် ၂၀ နှစ်အောက်၊ ၂၅ နှစ်အောက် အလွတ်တန်း အသင်းလိုက်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရှိကြသူများအား မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင် တိုင်းဒေသကြီး စစ်တုရင်ဆပ်ကော်မတီဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်၊ တာမွေမြို့နယ် လွှတ်တော် ကိုယ်စားလှယ်များက ဆုတံဆိပ်နှင့် ငွေသားဆုများချီးမြှင့်ကြသည်။ ဆက်လက်၍ အသင်းလိုက်ပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိသွားသော တာမွေမြို့နယ်အသင်းအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ကိုယ်စား တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် စစ်တုရင်ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်တို့က ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

ယင်းပြိုင်ပွဲတွင် မြို့နယ် ၃၂ မြို့နယ်မှ စစ်တုရင်အားကစားသမား ၁၅၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-အာကာစိုး

✻ ကျောဖုံးမှ

မြန်မာကြက်တောင်လက်ရွေးစင်ကစားသမား သက်ထားသူဇာသည် လာမည့်ဧပြီတွင် ဗီယက်နမ်၌ သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ထိုပြိုင်ပွဲတွင် အာရှနိုင်ငံအသီးသီးမှ ကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

"ဒီပြိုင်ပွဲတွေအတွက် ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် ကစားသမားတွေက ညီမတို့အတွက် စိန်ခေါ်မှုတွေရှိနေတဲ့အတွက်ကြောင့် သေသေချာချာကို လေ့ကျင့်ပြီး ပြင်ဆင်သွားရမှာပါ" ဟု သက်ထားသူဇာက ထပ်မံပြောကြားသည်။ အသက် ၁၉ နှစ်အရွယ် မြန်မာ့ကြက်တောင်မယ် သက်ထားသူဇာသည် ယခုအခါတွင် ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပခဲ့သည် Grade-3 အဆင့်ရှိ ပြိုင်ပွဲများဖြစ်သည့် Future Series မှ Kenya International 2019 ပြိုင်ပွဲ အကောင်းဆုံး ရွှေတံဆိပ်နှင့် Uganda International Series ကြက်တောင်ရိုက်ပြိုင်ပွဲ အကောင်းဆုံး ရွှေတံဆိပ်ဆုများရရှိကာ ကမ္ဘာ့ထိပ်သီးနိုင်ငံများမှ ကြက်တောင်အားကစားမယ်များအကြားတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ထိုပြိုင်ပွဲနှစ်ခုကို ချန်ပီယံဆုများ ဆွတ်ခူးနိုင်ခဲ့သည့်အတွက် ကမ္ဘာ့ကြက်တောင်ရိုက်ကစားသမားများ၏ တစ်ဦးချင်း အဆင့်သတ်မှတ်ချက်တွင် အဆင့် ၁၅၀ အတွင်း ဝင်ရောက်နိုင်ခဲ့ကြောင်း သိရသည်။ သက်ထားသူဇာအနေဖြင့် အဆင့် ၁၀၀ အတွင်းရှိမှသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသော အိုလံပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိရေးအတွက် အာရှနှင့် ဥရောပနိုင်ငံများတွင် ကျင်းပသောပြိုင်ပွဲများသို့လည်း မြန်မာနိုင်ငံကြက်တောင်ရိုက်အဖွဲ့ချုပ်၏ ပြိုင်ပွဲပြက္ခဒိန်အစီအစဉ်တိုင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် သက်ထားသူဇာအား မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ပိုင်နှင့် အမှုဆောင်များ၊ အားကစားနှင့်ကာယပညာ သိပ္ပံ(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများနှင့် ကြက်တောင်အားကစားသမားများက ကြိုဆိုခဲ့ကြသည်။

သတင်းနှင့်ဓာတ်ပုံ-ဗလစိုး

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

MNL ပြိုင်ပွဲ စစ်ကိုင်းအသင်း သရေကျခဲ့၍ ထိပ်ဆုံးနေရာရယူခွင့် ဆုံးရှုံး

မုံရွာ မတ် ၄

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၅) နောက်ဆုံးနေ့ကို ယနေ့ ညနေပိုင်းက မုံရွာကွင်း၌ ကျင်းပရာ စစ်ကိုင်းအသင်းနှင့် ဇွဲကပင်အသင်း တစ်ဂိုးစီသရေကျခဲ့သည်။

စစ်ကိုင်းအသင်းသည် ယခုပွဲအနိုင်ရပါက အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရမည်ဖြစ်သော်လည်း အိမ်ကွင်း၌ သရေကျခဲ့သောကြောင့် ဦးဆောင်ခွင့် ဆုံးရှုံးခဲ့သည်။ စစ်ကိုင်းအသင်းသည် ပြိုင်ပွဲမရပ်နားမီက အိမ်ကွင်း၌ ခြေစွမ်းပြကာ နှစ်ပွဲဆက် ဂိုးပြတ်အနိုင်ရခဲ့သော်လည်း ပြိုင်ပွဲစတင်ချိန်တွင် ပုံစံကောင်းရရန် ခက်ခဲခဲ့ပြီး သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

နှစ်သင်းစလုံး လူစုံထုတ်ကာ ယှဉ်ပြိုင်ခဲ့ပြီး စစ်ကိုင်းအသင်းတွင် နိုင်ငံခြားသားတိုက်စစ်မှူး ဒိုနယ်မပါသောကြောင့် တောင်ပံကစားသမား ဖရိုင်းဒေးကို တိုက်စစ်တွင် အသုံးပြုခဲ့သည်။ ဇွဲကပင်အသင်းသည် အဝေးကွင်းတွင် ရလဒ်ကောင်းရန် ကြိုးပမ်းခဲ့ပြီး ၁၈ မိနစ်တွင် ဂျပန်ကွင်းလယ်ကစားသမား ကင်မ်၏ ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ဂိုးပေးလိုက်ရသောကြောင့် စစ်ကိုင်းအသင်း ချေပဂိုးရရန် ကြိုးစားလာပြီး မိနစ် ၃၀ တွင် ဖရိုင်းဒေးက ခေါင်းတိုက်ကာ ချေပဂိုးပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်ရရန် ကြိုးစားခဲ့ပြီး စစ်ကိုင်းအသင်းက ပိုဖိကစားနိုင်ခဲ့သည်။ စစ်ကိုင်းအသင်းသည် အဆုံးသတ်အားနည်းမှုကြောင့် အိမ်ကွင်း၌ သရေတစ်မှတ်ဖြင့် ကျေနပ်ခဲ့ရသည်။ ဇွဲကပင်အသင်းသည် ဒုတိယမြောက်နိုင်ပွဲရရန် ကြိုးပမ်းခဲ့သော်လည်း တတိယမြောက် သရေပွဲ ထပ်မံကြုံတွေ့ခဲ့သည်။

ပွဲစဉ်(၅) အပြီးတွင် ရန်ကုန်နှင့် ဟံသာဝတီအသင်းက ၁၀ မှတ်စီ၊ ရှမ်းယူနိုက်တက်နှင့် ရေဝတီအသင်းက ကိုးမှတ်စီ၊ စစ်ကိုင်း၊ ရခိုင်နှင့် ရတနာပုံအသင်းတို့က ရှစ်မှတ်စီ၊ ဇွဲကပင်အသင်းက ခြောက်မှတ်၊ မကွေးနှင့် Southern အသင်းက လေးမှတ်စီ၊ ဒဂုံအသင်းက သုံးမှတ်၊ Chinland အသင်းက တစ်မှတ်ရထားသည်။ လက်ရှိချန်ပီယံ ရန်ကုန်အသင်းသည် ဂိုးကွာခြားချက်အသာဖြင့် ထိပ်ဆုံး၌ ပြန်လည်ဦးဆောင်ခွင့် ရခဲ့ပြီး အသင်းများအကြား အမှတ်ကွာဟမှုမရှိခြင်း၊ အသင်းအများစု အမှတ်တူနေခြင်းကြောင့် တစ်ပွဲခြေချော်သည်နှင့် အဆင့်ရပ်တည်မှု ပြောင်းလဲဖွယ်ရှိနေသည်။ MNL အမှတ်ပေးပြိုင်ပွဲကို ပွဲစဉ်(၅)အပြီးတွင် အာရှ ယူ-၂၃ ခြေစစ်ပွဲကြောင့် ထပ်မံရပ်နားမည်ဖြစ်ပြီး မတ် ၃၀ ရက်မှ ပြန်လည်ကျင်းပမည်ဖြစ်သည်။

ညီမြတ်သော်တာ

မြို့နယ်များ၌ မှုခင်းအသိပညာပေးဟောပြော

ဥတ္တရသီရိ

ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိရပ်ကွက် ရွှေသဇင်စျေး၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိန်ဝင်း၊ ဘုရားကုန်းမြို့မ ရဲစခန်းမှူး ဒုရဲမှူး မင်းတင်၊ လူကုန်ကူးမှုတားဆီးရေးရဲတပ်ဖွဲ့၊ မူးယစ်တပ်ဖွဲ့နှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက မှုခင်းအသိပညာပေးယာဉ်ဖြင့် စျေးရောင်း၊ စျေးဝယ်လာသူများကို မတ် ၃ ရက်က မှုခင်းပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဇော်ဘီ**

စေတုတ္တရာ

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်အတွင်း စေတုတ္တရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင် ဦးဆောင်သော တပ်ဖွဲ့ဝင်များက မြို့နယ်ဥပဒေအရာရှိ ဦးကျော်သိန်းဝင်း၊ မြို့နယ်သစ်တောဦးစီးမှူး ဦးမျိုးနိုင်တို့နှင့် ပူးပေါင်း၍ မတ် ၂ ရက်က စေတုတ္တရာမြို့နယ် စင်းချောင်းကျေးရွာ၌ ကျေးလက်ပြည်သူများအား မှုခင်းအသိပညာပေးခြင်းများ ကွင်းဆင်းဟောပြောခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြို့မရပ်ကွက် ဗဟန်း ၃ လမ်း ပအိုဝ်းဓမ္မာရုံ၌ မတ် ၂ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဝင်းက ရပ်ကွက်နေပြည်သူများအား မှုခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းလျော့နည်းပပျောက်ရေး ပညာပေးဟောပြောစဉ်။ (မြန်မာ့အလင်း)

ပုဗ္ဗသီရိမြို့နယ်တွင် ဓားဒဏ်ရာများဖြင့် အမျိုးသားတစ်ဦးသေဆုံးလျက်တွေ့ရှိ

နေပြည်တော် မတ် ၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်တွင် အမျိုးသားတစ်ဦးဓားဒဏ်ရာများဖြင့် သေဆုံးနေသည်ကို ယနေ့နံနက်ပိုင်းက တွေ့ရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၆ နာရီခွဲခန့်က နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ထုံးဖိုမြို့မရဲစခန်းတွင် ဒုရဲအုပ်အောင်မျိုးသူ တာဝန်မှူးတာဝန်ဆောင်ရွက်နေစဉ် မင်္ဂလာဒီပရပ်ကွက် သီရိမင်္ဂလာလမ်းမပေါ်တွင် လူတစ်ဦးသေဆုံးနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ သီရိမင်္ဂလာလမ်း စံချိန်ဟိုတယ်လမ်းညွှန်ဆိုင်းဘုတ်အနောက်ဘက်၊ ပေ ၂၀၀ အကွာ လမ်းမပေါ်တွင် အသက်(၃၅ နှစ်) အရွယ်ခန့်ရှိ အမျိုးသားတစ်ဦးထိုးသွင်းဓားဒဏ်ရာ ပွန်းပဲ့ဒဏ်ရာများဖြင့်သေဆုံးနေသည်ကို တွေ့ရှိရ၍ ရဲဆေးစာဖြင့် နေပြည်တော်ခုတင် ၁၀၀၀ ဆေးရုံကြီးသို့ တင်ပို့ခဲ့သည်။

သေဆုံးသူနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့မှ ဆက်လက်စစ်ဆေးမှုပြုရာတွင် သေဆုံးသူသည် ဖေကမ္ဘာငြိမ်းချမ်း (တေးရေးဆရာ) ၃၆ နှစ် အမှတ်(၇၂) (၅)လွှာ ဓမ္မစိတ္တလမ်း၊ ပုသိမ်ညွန့်စံပြရပ်ကွက် တာမွေမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူဖြစ်ပြီး ပြစ်မှုကျူးလွန်သူအား ဖော်ထုတ်ဖမ်းဆီးရမိရေး ထုံးဖိုမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

မောင်တောမြို့နယ်တွင် မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်

စစ်တွေ မတ် ၄

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အလယ်ရွာတွင် ယနေ့နံနက် ၁ နာရီကျော်က မီးလောင်မှုဖြစ်ပွားရာ နေအိမ်လေးလုံးနှင့် ဆိုင်ခန်းတစ်ခန်း မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာမောင်တောမြို့ အလယ်ရွာနေ မာမတ်အာလာမ်၏ နေအိမ်မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် အနီးရှိ ဝါးထရံသို့ မီးကူးစက်လောင်ခဲ့ပြီး ထိုမှတစ်ဆင့် ဘေးအိမ်များသို့ မီးကူးစက်လောင်ခဲ့ခြင်း ဖြစ်သည်။

မီးလောင်ရာသို့ မောင်တောခရိုင် မီးသတ်ဦးစီးမှူးရုံးမှ မီးသတ်တပ်ဖွဲ့ဝင် များက မီးသတ်ယာဉ် သုံးစီးဖြင့် မီးငြိမ်းသတ်ရာ နံနက် ၃ နာရီ ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ မီးလောင်မှုကြောင့် လူများထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ မီးဘေးသင့်သူ ၂၃ ဦးကို နီးစပ်ရာဆွေမျိုးများနေအိမ်တွင် ယာယီနေရာချထားပေးခဲ့ကြောင်း၊ မီးစတင်လောင်ကျွမ်းရာ နေအိမ်ပိုင်ရှင်အား မောင်တောမြို့မရဲစခန်းက အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဟန်လင်းထက်

မြန်မာ့ရုပ်မြင်သံကြား

၅-၃-၂၀၁၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၉း၁၀ - အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သုမနာဘိဝံသ၊ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့၊ အဖွဲ့ဝင် မေဃဝတီကျောင်းတိုက် လယ်တီကွင်းရပ်၊ ဟင်္သာတမြို့ ဧရာဝတီတိုင်းဒေသကြီးထံမှ နဝဂ်ဥပေါသထသီလ ခံယူဆောက်တည်ခြင်း
၉း၄၀ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၀း၃၀ - ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင် စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ (အင်္ဂလိပ်စာဘာသာရပ်)
၁၂း၃၀ - "စုဒ္ဒသမတိပိဋကဓရတိပိဋက ကောဝိဒ တိပိဋကကမ္ဘောဇ ဆရာတော် ဘဒ္ဒန္တဝီရိယနန္ဒ၏ ထေရုပတ္တိမှတ်တမ်း" (အပိုင်း-၄)
၁၄း၃၀ - Yes or No Talk Show

ညပိုင်း

၁၆း၂၅ - ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု သိကောင်းစရာများ (မြန်မာစာဘာသာရပ်)
၁၈း၂၀ - "ကြယ်ရောင်လမ်း"(၄) (အကယ်ဒမီ မေသန်းနုနှင့် တွေ့ဆုံခြင်း)(အပိုင်း-၂)
၁၈း၄၀ - "တိကျမှန်ကန်တဲ့လုပ်သား အင်အားစစ်တမ်းကောက်ယူစို့"
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ"(အပိုင်း-၈၉)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - "ပညာရေးစကားဝိုင်း" ဆရာ၊ဆရာမများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်း (အပိုင်း-၂)
- အနုပညာခန်းရိပ်သာ "စာရေးဆရာမောင်မိုးသူနှင့် တွေ့ဆုံခြင်း"
- နိုင်ငံခြားဇာတ်လမ်းတွဲ "ရောင်စဉ်ဖြာသောအချစ်" (အပိုင်း-၈)

ဇန်းမော်၊ သာကေတ၊ ဒဂုံဆိပ်ကမ်းနှင့် နောင်ချိုမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၄

ဇန်းမော်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂ ရက် နံနက်ပိုင်းက ဇန်းမော်မြို့နယ် ပါပေါင်းကျေးရွာအုပ်စု ဆင်ကျုံးကျေးရွာနေ မောင်လွင်(ခ)ဝင်းလွင်၏ နေအိမ်ကို ရှာဖွေရာ ဘိန်းဖြူ ၁၅ ဒသမ ၆ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၅ ပြားကို လည်းကောင်း၊ အလားတူ ယင်းနေ့ ညနေပိုင်းက သာကေတနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သာကေတမြို့နယ် စက်မှုလက်မှုရပ်ကွက် ဧရာဝဏ်လမ်း ကျောက်တိုင်ကားမှတ်တိုင်အနီးတွင် မျိုးကြီး မောင်းနှင်ပြီး ရွှေပိုးနှင့် မဆုမွန်လင်းမြင့်တို့လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရန် ရပ်တန့်ခိုင်းစဉ် မဆုမွန်လင်းမြင့်က ယာဉ်ပေါ်မှ အိတ်တစ်အိတ်ကို လွှင့်ပစ်ခဲ့ပြီး မော်တော်ယာဉ်ကို မောင်းနှင်ထွက်ပြေး သွားခဲ့သဖြင့် လိုက်လံရှာဖွေရာ သာကေတမြို့နယ် အနော်မာရပ်ကွက် အထက(၅)ကျောင်းဘေးလမ်းကြားတွင် မဆုမွန်လင်းမြင့်ကို မော်တော်ယာဉ်နှင့် အတူ ဖမ်းဆီးရမိခဲ့ပြီး ယာဉ်အားရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅ ပြား၊ ၎င်းလွှင့်ပစ်ခဲ့သည့် အိတ်အတွင်းမှ ဘိန်းဖြူ ၆ ဂရမ်၊ အိုက်စ် ၁ ဒသမ ၄၅ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၉၄)ရပ်ကွက် ယုဇနဥယျာဉ် အိမ်ရာ ၇ လမ်း တိုက်(၂၃) အခန်း (၃၀၂/ဘီ)ရှိ ၎င်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ ၉၉ ဂရမ်၊ အိုက်စ် ၉ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၃၃ပြားနှင့်ငွေကျပ် ၃၄ သိန်းတို့ကို ထပ်မံသိမ်းဆည်းရမိသည်။**(အောက်ဝဲပုံ)**

ထို့အတူ မတ် ၃ ရက် မွန်းလွဲ ၂ နာရီက မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် မူဆယ်-မန္တလေးသွား ပြည်ထောင်စုကားလမ်း မိုင်တိုင်အမှတ် (၈၀/၄) အနီးတွင် ညီညီအောင်(ခ)သားကြီး မောင်းနှင်လာသည့် တိုယိုတာ ဟိုင်းလပ်အမျိုးအစား မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀၊ မြန်မာငွေကျပ် ၅၀၀၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ရွှေပြည်သာမြို့နယ်တွင် လုယက်မှုများကျူးလွန်ထားသူနှစ်ဦးအား ဖမ်းဆီးရမိ

ရန်ကုန် မတ် ၄

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး အုပ်ချုပ်မှုဌာနခွဲမှ တပ်ဖွဲ့ဝင်များသည် ရွှေပြည်သာမြို့နယ်အတွင်း ခိုး၊ ဆိုး၊ လု၊ နှိုက်သတင်း စုံစမ်းဆောင်ရွက်နေစဉ် မတ် ၂ ရက် နံနက် ၇ နာရီ မိနစ် ၂၀ ခန့်က လုယက်မှုများကျူးလွန်ထားကြောင်း သတင်းအရ ဇင်မင်းဦး (ခ)မွှေးနီနှင့် ဇင်မင်းခန့်(ခ) ကျော်ကြီးတို့ကို ရွှေပြည်သာမြို့နယ် ၁၃ ရပ်ကွက်မြောင်းမြလမ်းမပေါ်တွင် ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖမ်းဆီးရမိသူများအား စစ်ဆေးခဲ့ရာ၎င်းတို့နှစ်ဦးသည် ဇန်နဝါရီလတွင် ရွှေပြည်သာမြို့နယ် စက်မှုဇုန်(၁)စက်ရုံတစ်ခုအနီး စက်ဘီးစီးနင်းလာသူတစ်ဦးထံမှ ဟွာဝေးအမျိုးအစား အဖြူရောင်လက်ကိုင်ဖုန်းတစ်လုံး၊ ဖေဖော်ဝါရီလတွင် ရွှေပြည်သာမြို့နယ် ဗိုလ်ချုပ်လမ်းမပေါ်တွင် စက်ဘီးစီးနင်းလာသူတစ်ဦးထံမှ ဟွန်နာအမျိုးအစားခဲရောင်လက်ကိုင် ဖုန်းတစ်လုံးတို့ကို လုယူခဲ့ကြောင်း၊ ဇင်မင်းခန့်(ခ)ကျော်ကြီးအား ထပ်မံစစ်ဆေးခဲ့ရာ ၎င်းသည်ထွက်ပြေးတိမ်းရှောင်နေသူ ကိုကို (ခ) ကရင်နှင့်အတူ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ရွှေပြည်သာမြို့နယ် ဘုရင့်နောင် လမ်းမကြီးပေါ်တွင် စက်ဘီးစီးနင်းလာသူ တစ်ဦးထံမှ ဆမ်ဆောင်းအမျိုးအစား အနက်ရောင်လက်ကိုင်ဖုန်း တစ်လုံး၊ အမှတ်(၁)ရပ်ကွက်၊ စက်မှု(၁)လမ်းမကြီးပေါ် စက်ဘီးစီးနင်းလာသူ အမျိုးသမီးတစ်ဦးထံမှ ဟွာဝေးအမျိုးအစား အဖြူရောင်လက်ကိုင်ဖုန်းတစ်လုံး၊ ဖေဖော်ဝါရီလတွင် အမှတ်(၂)ရပ်ကွက် ရွှေပြည်သာကွေ့အနီး လမ်းလျှောက်နေသူတစ်ဦးထံမှ ဟွာဝေးအမျိုးအစား အနက်ရောင်လက်ကိုင်ဖုန်း တစ်လုံး၊ ဧပြီလတွင် ရွှေပြည်သာမြို့နယ် (၁၈) ရပ်ကွက် သံချက်ဝန် ဦးညွန့်လမ်း၊ အထည်ချုပ်စက်ရုံအနီး စက်ဘီးစီးနင်းလာသည့် စုံတွဲတစ်တွဲထံမှ ရွှေဆွဲကြိုးတစ်ကုံးတို့အား လုယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းပြီး ပြစ်မှုကျူးလွန်သူ ဇင်မင်းဦး(ခ)မွှေးနီနှင့် ဇင်မင်းခန့်(ခ)ကျော်ကြီးတို့ကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကာ ထွက်ပြေးတိမ်းရှောင်နေသူ ကိုကို(ခ)ကရင်ကို ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိပြီး သက်သေခံပစ္စည်းများနှင့် စပ်လျဉ်း၍ ပိုင်ရှင်များအနေဖြင့် ရွှေပြည်သာမြို့မရဲစခန်းသို့ သွားရောက်စုံစမ်းနိုင်ကြောင်း သိရသည်။

ရဲပြန်ကြား

အမြန်လမ်းတွင် ခရီးသည်တင်မှန်လုံယာဉ်တစ်စီး မီးလောင်

နေပြည်တော် မတ် ၄

မန္တလေးဘက်မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်းယာဉ်အကူအပါအဝင် ခရီးသည် ၄၂ ဦးတင်ဆောင်၍ ထွက်ခွာလာသော ခရီးသည်တင်မှန်လုံယာဉ်သည် ယနေ့ ညနေ ၃ နာရီမိနစ် ၅၀ ခန့်က မိုင်တိုင် ၃၄၆/၅ နှင့် ၆ အကြားအရောက် ယာဉ်နောက်ဘက်ရှိ ဝဲဘက်ကားဘီးဘရိတ်ရှူးအပူလွန်ကဲရာမှ ယာဉ်တစ်စီးလုံးမီးလောင်မှု ဖြစ်ပွားခဲ့သော်လည်း ယာဉ်ပေါ်ပါသူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ယာဉ်မီးလောင်မှုဖြစ်ပွားကြောင်းသတင်းအရ စကားအင်းအမြန်လမ်း ရဲစခန်းမှ စခန်းမှူး ရဲအုပ်သိန်းဇိုလ် ဦးစီးအဖွဲ့သည် အမြန်လမ်းမကြီး မီးသတ်ဖွဲ့ဝင်များနှင့် အတူ သွားရောက်မီးငြိမ်းသတ်ခဲ့ရာ နာရီဝက်အကြာတွင် မီးငြိမ်းသွားကြောင်း သိရသည်။

အဆိုပါ ခရီးသည်တင်ယာဉ် 1F/----အား ကိုကျော်သူ (၃၃ နှစ်) ပုတ်တန်းရပ်ကွက် တောင်ငူမြို့နေသူမောင်းနှင်ခဲ့ခြင်းဖြစ်ပြီး အခင်းဖြစ်နေရာအရောက် မီးလောင်မှုဖြစ်ရာ ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည်များအား အမြန်ဆုံးထွက်ခွာနိုင်ရန် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် တစ်ဦးတစ်ယောက်မှ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း မရှိကြောင်း သိရသည်။

သန်းလွင်

ကန့်ဘလူမြို့နယ်တွင် မီးလောင်မှုဖြစ်ပွားပြီး ကျောင်းသားတစ်ဦး သေဆုံး

ကန့်ဘလူ မတ် ၄

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် လေးလုံ့ရွာသစ်တောတိုက်တွင် မီးလောင်မှုဖြစ်ပွားရာ ပထမတန်းကျောင်းသားတစ်ဦး မီးလောင်သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၃ ရက် ည ၇ နာရီခွဲခန့်က ကန့်ဘလူမြို့နယ်စပါယ်နံ့သာရဲကင်းစခန်းမှ ဒုရဲအုပ် ထွန်းလင်းလင်း ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ကန့်ဘလူမြို့နယ် လေးလုံ့ရွာသစ်တောတိုက်သို့ သွားရောက်စစ်ဆေးရာ ဦးသန်းထွေး၏ နေအိမ်မီးဖိုချောင်မီးကြွင်း၊ မီးကျန်မှတစ်ဆင့် မီးလောင်ပြီး ဒေါ်လှခင်၏အိမ်ကိုပါ ကူးစက်လောင်သွားခဲ့ကြောင်းသိရပြီး ထန်းကုန်းကျေးရွာ မီးသတ်တပ်ဖွဲ့များနှင့် ကျေးရွာသားများက မီးဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြောင်း၊ မီးလောင်မှုကြောင့် နေအိမ်ပေါ်တွင်အိပ်နေသော ဦးသန်းထွေး၏သား ပထမတန်းကျောင်းသား မောင်ပိုပိုချစ်မှာ မီးလောင်သေဆုံးသွားကြောင်း သိရသည်။

လူအောင်(ကသာ)

ပုဏ္ဏားကျွန်းမြို့နယ်၌ မီးလောင်မှုကြောင့် နေအိမ်ခုနစ်လုံး ဆုံးရှုံး

ပုဏ္ဏားကျွန်း မတ် ၄

ပုဏ္ဏားကျွန်းမြို့နယ် ယိုးတရုတ်ကျေးရွာအုပ်စု မှိုဟင်းတောကျေးရွာ၌ မတ် ၃ ရက် ညနေ ၄ နာရီ ၅ မိနစ်ခန့်က ဦးအောင်ရွှေသိန်း(၄၇ နှစ်)၏ နေအိမ်မီးကြွင်းမီးကျန်မှ မီးစတင်လောင်ရာ နေအိမ်ခုနစ်လုံး မီးလောင်ဆုံးရှုံးကြောင်း သိရသည်။

မီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်သန်းထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်နှစ်စီးဖြင့် ကျေးရွာသားများနှင့် ပူးပေါင်းငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ မိနစ် ၅၀ ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် အိမ်ထောင်စုခုနစ်စုမှ လူဦးရေ စုစုပေါင်း ၄၄ ဦး မီးဘေးသင့်ပြီး မီးဘေးသင့်သူများအား ကျေးရွာဘုန်းကြီးကျောင်းတွင် ကူညီစောင့်ရှောက်ပေးထားကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မိုင်းပျဉ်းမြို့နယ်၌ ဘိန်းစိုက်ခင်းများအား ဖျက်ဆီး

နေပြည်တော် မတ် ၄

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းပျဉ်းမြို့နယ် ဟွေမု(၂) ကျေးရွာအနီး၌ အမြင့် နှစ်ပေခွဲခန့်ရှိ ဘိန်းစိုက်ခင်း ၁၁ ဧကခန့်ကို တံတာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က မတ် ၃ ရက်က ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

ကန့်ဘလူမြို့နယ်တွင် လင်မယားချင်းစကားများ ရန်ဖြစ်ရာမှ ဓားခုတ်မှုဖြစ်ပွားပြီးယောက်ျားဖြစ်သူ သေဆုံး

ကန့်ဘလူ မတ် ၄

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကိုးထောင်ဘို့ ကွက်သစ်ရပ်ကွက်တွင် မတ် ၃ ရက် နံနက် ၁၀ နာရီခွဲခန့်က လင်မယားချင်းစကားများ ရန်ဖြစ်ရာမှ ဓားခုတ်မှုဖြစ်ပွားပြီး ယောက်ျားဖြစ်သူမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

အဆိုပါ အခင်းဖြစ်နေရာသို့ ကိုးထောင်ဘို့ ရဲကင်းမှူး ဒုရဲအုပ်အောင်ထွေးနှင့် တပ်ဖွဲ့ဝင်သွားရောက်စစ်ဆေးခဲ့ရာသေဆုံးသူမှာ ဦးမောင်ဌေး (၅၇ နှစ်) ဖြစ်ပြီး ဇနီးဖြစ်သူ ဒေါ်အမာလွင် (၅၂ နှစ်)မှ ထမင်းဟင်းချက်မထားခြင်းနှင့် ပတ်သက်၍ စကားများကာ ဦးမောင်ဌေးက နေအိမ်ရှိ ဓားဖြင့်ခုတ်ရန် ချိန်ရွယ်စဉ် ဒေါ်အမာလွင်က ဓားကို လုယူ၍ ခုတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသို့ ဓားဖြင့် ခုတ်ခံရသဖြင့် ဦးမောင်ဌေးတွင် ဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူ ဒေါ်အမာလွင်ကို ကိုးထောင်ဘို့ရဲကင်းတွင် ဖမ်းဆီးထိန်းသိမ်းထားပြီးကန့်ဘလူမြို့မ ရဲစခန်းကအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

အမေရိကန်ပြည်ထောင်စု အယ်လ်ဘားမားပြည်နယ်၌ လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် ၂၃ ဦးသေဆုံး

အယ်လ်ဘားမား မတ် ၄

အမေရိကန်ပြည်ထောင်စုတောင်ပိုင်း အယ်လ်ဘားမားပြည်နယ်၌ ယမန်နေ့က လေဆင်နှာမောင်းတိုက်ခတ်ခဲ့ရာ ၂၃ ဦးသေဆုံးပြီး သစ်ပင်များအမြစ်မှ ကျွတ်ထွက်သွားခဲ့ကာ နေအိမ်အဆောက်အအုံများနှင့်လမ်းများ ထိခိုက်ပျက်စီးသွားခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

လူ ၂၃ ဦးသေဆုံးခဲ့သည့်အပြင် ထိခိုက်ဒဏ်ရာရရှိသည့် အခြားလူများကို ဆေးရုံသို့ပို့ဆောင်ထားပြီး အချို့မှာဒဏ်ရာပြင်းထန်ကြောင်း သိရသည်။ ပျောက်ဆုံးနေသူများရှိသည့်အတွက် ရှာဖွေရေးဆက်လက်လုပ်ဆောင်နေကြောင်း ဒေသအာဏာပိုင် ဂျေဂျုံးစ်က ပြောကြားခဲ့သည်။ ပျောက်ဆုံးနေသူများရှိသည့်အတွက် သေဆုံးသူအရေအတွက် မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း အာဏာပိုင်တစ်ဦးက ပြောသည်။

သေဆုံးသူများထဲတွင် ကလေးများလည်းပါဝင်ပြီး အသက်ရှစ်နှစ်အရွယ် မိန်းကလေးတစ်ဦးလည်း သေဆုံးခဲ့ကြောင်း သိရသည်။ လေဆင်နှာမောင်းဝင်ရောက်တိုက်ခတ်မှုကြောင့် ဆိုးဆိုးရွားရွားထိခိုက်ပျက်စီးမှုရှိခဲ့ကြောင်း ဂျုံးစ်က ပြောသည်။ အယ်လ်ဘားမားပြည်နယ်ရှိနေအိမ် ၆၀၀၀ ကျော်တို့မှာ လျှပ်စစ်ဓာတ်အားပြတ်တောက်ခဲ့ပြီး အနီးအနားရှိ ဂျော်ဂျီယာပြည်နယ်တွင်လည်း နေအိမ်ပေါင်း ၁၆၀၀၀ ခန့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုဖြစ်ပွားခဲ့သည်ဟု သိရသည်။

အေအက်ဖ်ပီ

လေဆင်နှာမောင်းတိုက်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။

ကာလရှည်စောင့်ဆိုင်းခဲ့သည့် ကုန်သွယ်ရေးသဘောတူစာချုပ် အင်ဒိုနီးရှားနှင့် ဩစတြေးလျ လက်မှတ်ရေးထိုး

မဲလ်ဘုန်း မတ် ၄

ဩစတြေးလျသံရုံးကို ဂျေရုဆလင်သို့ ရွှေ့ပြောင်းမည့် ကင်ဘာရာ၏ အစီအစဉ်နှင့် ပတ်သက်၍ နှစ်နိုင်ငံ သံတမန်ရေးအရ တင်းမာမှုများဖြစ်ပွားခဲ့ပြီး လများစွာအကြာတွင် အင်ဒိုနီးရှားနှင့် ဩစတြေးလျနိုင်ငံတို့သည် ကာလကြာရှည် စောင့်ဆိုင်းခဲ့ရသည့် ကုန်သွယ်ရေးသဘောတူစာချုပ်ကို ယနေ့တွင် လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

သဘောတူစာချုပ် ချုပ်ဆို

အင်ဒိုနီးရှား ကုန်သွယ်ရေးဝန်ကြီး အန်ဂါတီရက်စ်တို လူကီတာနှင့် ဩစတြေးလျလုပ်ဖော်ကိုင်ဖက် ဆိုင်မွန်ဘာမင်ဂမ်တို့သည် ညှိနှိုင်းဆွေးနွေးမှုများ စတင်လုပ်ဆောင်ခဲ့ပြီးနောက် ကိုးနှစ်အကြာခန့်တွင် ဂျကာတာ၌ ဒေါ်လာဘီလီယံများစွာ တန်ဖိုးရှိသည့် သဘောတူစာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။

တိုးမြှင့်တင်ပို့နိုင်

အင်ဒိုနီးရှားနိုင်ငံ၏ မော်တော်ယာဉ်နှင့် အထည်အလိပ်လုပ်ငန်းများကို တိုးတက်လာစေပြီး သစ်များ၊ လျှပ်စစ်ပစ္စည်းများနှင့် ဆေးနှင့် ဆေးပစ္စည်းများ တိုးမြှင့်တင်ပို့နိုင်မည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

အပြည့်အဝမဟုတ်

နှစ်နိုင်ငံကုန်သွယ်ရေးသဘောတူစာချုပ်သည် ၂၀၁၇ ခုနှစ် က အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၇ သန်းဖိုးခန့်ရှိခဲ့သော်လည်း အင်ဒိုနီးရှားသည် ဩစတြေးလျ၏ ၁၃ ခုမြောက် အကြီးဆုံးကုန်သွယ်ရေးမိတ်ဖက်နိုင်ငံဖြစ်ပြီး စီးပွားရေးအရ ဆက်ဆံမှုမှာလည်း အပြည့်အဝမဟုတ်ဟု ရှုမြင်ခဲ့ကြသည်။

သဘောတူစာချုပ်သည်အင်ဒိုနီးရှားနှင့် ဩစတြေးလျနှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍသစ်တစ်ခု ဖွင့်လှစ်လိုက်ခြင်းဖြစ်ကြောင်း ဩစတြေးလျကုန်သွယ်ရေးဝန်ကြီး ဘာမင်ဂမ်က ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**

ထရမ့်နှင့် ကင် ထိပ်သီးအစည်းအဝေး အချည်းနှီးမဖြစ်ခဲ့ဟု ဂျွန်ဘော်လ်တန်ပြော

ဝါရှင်တန် မတ် ၄

အမေရိကန်ပြည်ထောင်စုနှင့် မြောက်ကိုရီးယား နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးတို့ ပြုလုပ်ခဲ့သည့် ထိပ်သီးအစည်းအဝေး ကျင်းပမှု အချည်းနှီးမဖြစ်ခဲ့ကြောင်း အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်က ယမန်နေ့တွင် ပြောကြားလိုက်ကြောင်း သိရသည်။

ထို့ပြင် ဂျွန်ဘော်လ်တန်က မြောက်ကိုရီးယားနိုင်ငံအပေါ် အမေရိကန်၏ အရေးယူပိတ်ဆို့မှုများ ဆက်လက်ပြုလုပ်သွားရန်ရှိကြောင်း ပြောကြားခဲ့သည်။ ဖောက်စ်နယူးစ်သတင်းနှင့် ပြုလုပ်ခဲ့သည့် အင်တာဗျူးတစ်ခုအတွင်း ဂျွန်ဘော်လ်တန်က ထိပ်သီးအစည်းအဝေး အကျိုးမရှိဖြစ်ခဲ့သည်ဆိုသောအချက်ကို လက်မခံကြောင်း ပြောခဲ့သည်။

သမ္မတသည် အမေရိကန်၏ အမျိုးသားအကျိုးစီးပွားကို မြှင့်တင်ရန်နှင့်ကာကွယ်ရန်လုပ်ဆောင်နေသည်ဟု အဓိပ္ပာယ်သတ်မှတ်နိုင်သည့် အောင်မြင်မှုတစ်ခုလို့ ယူဆသည်ဟု ၎င်းက ဆိုသည်။ သို့သော်လည်း မြောက်ကိုရီးယားနိုင်ငံအပေါ် အကြီးအကျယ်ဖိအားပေးမှုများကို ဆက်လက်လုပ်ဆောင်သွားမည့် အစီအစဉ်ရှိသေးကြောင်း၊ နောက်ထပ်မည်သို့ ဆက်ဖြစ်လာနိုင်သည်ကို စောင့်ကြည့်ကြရဦးမည်ဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။ **ဆင်ဟွာ**

အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန် အင်တာဗျူးတစ်ခုကို ပြောကြားနေစဉ်။

ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ဂွာအန်ဂွိုက်ဒို ပြန်ရောက်လာတော့မည့်အတွက် စုဝေးချီတက်ရန် ပြင်ဆင်

ကရာကတ် မတ် ၄

ဗင်နီဇွဲလားနိုင်ငံ၏ ယာယီသမ္မတအဖြစ် မိမိကိုယ်ကိုကြေညာခဲ့သည့် အတိုက်အခံခေါင်းဆောင် ဂွာအန်ဂွိုက်ဒိုသည် လက်တင်အမေရိကမဟာမိတ်များဆီသို့ တစ်ပတ်ကြာခရီးသွားရောက်ခဲ့ပြီးနောက်တွင် ဗင်နီဇွဲလားသို့ပြန်ရန် ပြင်ဆင်လျက်ရှိရာ ၎င်းကို ထောက်ခံသည့် ဗင်နီဇွဲလားပြည်သူများသည် ယနေ့တွင် ဆန္ဒဖော်ထုတ်ရန် လမ်းများပေါ်သို့ ချီတက်စုဝေးခဲ့ကြကြောင်းသိရသည်။

ဂွိုက်ဒိုသည် ဘရာဇီးနိုင်ငံသို့ သွားရောက်ခဲ့ပြီး ဘရာဇီးသမ္မတ ဂျအာ ဘိုလ်စိုနာရိုနှင့် တွေ့ဆုံခဲ့ပြီးနောက် သောကြာနေ့တွင် ပါရာဂွေးနှင့် အာဂျင်တီးနားနိုင်ငံများသို့ သွားရောက်ခဲ့သည်။ ၎င်းကို ယခုလနှောင်းပိုင်းတွင် ချီလီသို့ လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ထားသည်ဟုလည်း သိရသည်။

အတိုက်အခံများဦးဆောင်သည့် အောက်လွှတ်တော်ကို ဦးဆောင်နေသည့် ဂွာအန်ဂွိုက်ဒိုသည် ဇန်နဝါရီ ၂၃ ရက်တွင် မိမိကိုယ်ကို ဗင်နီဇွဲလားနိုင်ငံ၏ ယာယီသမ္မတအဖြစ်ကြေညာကာ ကမ္ဘာကိုအံ့အားသင့်သွားစေခဲ့သည်။ ၎င်းသည် ဇန်နဝါရီ ၁၀ ရက်တွင် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။

ဂွိုက်ဒိုသည် ဗင်နီဇွဲလားသမ္မတ နီကိုလပ်မာဒူရိုကို ဖြုတ်ချကာ ရွေးကောက်ပွဲအသစ်များမကျင်းပမီ အစိုးရအပြောင်းအလဲတစ်ရပ်ကိုထူထောင်ရန် ဆန္ဒပြင်းပြနေသူဖြစ်သည်။ နိုင်ငံတကာထောက်ခံမှု ကြီးကြီးမားမားရရှိနေသည့်အတွက် မစ္စတာဂွိုက်ဒိုအနေဖြင့် ဗင်နီဇွဲလားသို့ ပြန်သွားပြီး ဖိအားပေးမှုများဆက်လက်လုပ်ဆောင်ရမည်ဖြစ်ကြောင်း ၎င်းကိုထောက်ခံသူတစ်ဦးက အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

ဗင်နီဇွဲလားတပ်မတော်၏ ကျောထောက်နောက်ခံပေးမှုကို ရရှိထားသည့် သမ္မတမာဒူရိုကို ရုရှားနှင့် တရုတ်နိုင်ငံကလည်း အခိုင်အမာထောက်ခံပေးလျက်ရှိသည်။ ဂွိုက်ဒိုအနေဖြင့် နိုင်ငံသို့ပြန်လာမည်ဆိုလျှင် တရားဥပဒေကို လေးစားလိုက်နာသင့်ကြောင်းနှင့် တရားဥပဒေအရ ရင်ဆိုင်ရလိမ့်မည်ဖြစ်ကြောင်း မာဒူရိုက ပြီးခဲ့သည့် ရက်သတ္တပတ်က သတိပေးခဲ့ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒို။

ကမ္ဘောဒီးယားနှင့်စင်ကာပူတို့ အကြမ်းဖက်မှုများကို ပူးပေါင်းတိုက်ဖျက်မည်

ဖနွမ်ပင် မတ် ၄

အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုများ နှိမ်နင်းရာတွင် ကမ္ဘောဒီးယားနှင့် စင်ကာပူနှစ်နိုင်ငံတို့ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားရန် နှစ်နိုင်ငံသဘောတူညီလိုက်ကြောင်းဆင်ဟွာသတင်းတစ်ရပ်တွင်ဖော်ပြသည်။

ကမ္ဘောဒီးယားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် စင်ကာပူရဲမင်းကြီး ဟွန်ဝီတက်ခ်နှင့် ကမ္ဘောဒီးယားအမျိုးသားရဲတပ်ဖွဲ့အကြီးအကဲ နက်ဆာဗိုအန်တို့ ပြုလုပ်ခဲ့သည့်အစည်းအဝေးတွင် ထိုသို့ကတိပြုခဲ့ကြခြင်းဖြစ်ကြောင်း အမျိုးသားရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ Chhay Kim Khoeun က ပြောခဲ့သည်။

အကြမ်းဖက်မှုနှင့်နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများကို အတူတကွပူးပေါင်းတိုက်ဖျက်သွားရန် သဘောတူညီမှုရရှိခဲ့ပြီးယင်းကိစ္စသည် စင်ကာပူနှင့် ကမ္ဘောဒီးယားနိုင်ငံများသာမက အခြားသောအာရှနိုင်ငံများအတွက်လည်း ဦးစားပေးဆောင်ရွက်ရမည့်ကိစ္စဖြစ်ကြောင်း ၎င်းက ပြောသည်။ နှစ်နိုင်ငံလုံးမှ ရင်းနှီးမြှုပ်နှံသူများ၊ ခရီးသွားလာသူများနှင့် နိုင်ငံသားများကို ကာကွယ်ပေးမည့် ပိုမိုကောင်းမွန်သည့်ယန္တရားတစ်ခု ထူထောင်သွားရန်လည်း သဘောတူညီခဲ့ကြကြောင်း သိရသည်။ **ဆင်ဟွာ**

တည်ငြိမ်မှုမရှိသေးတဲ့ ဗင်နီဇွဲလားအခြေအနေ

ထွန်းသစ်စ

ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင်ဖြစ်သူ ဂျူအန်ဂွိုက်ဒိုက လက်ရှိသမ္မတ နီကိုလက်စ်မာဒူရိုကို ဆန့်ကျင်ဆန္ဒပြဖို့ တိုက်တွန်းပြောကြားပြီးနောက် ဗင်နီဇွဲလားနိုင်ငံမှာရှိတဲ့ ထောင်ပေါင်းများစွာသော အတိုက်အခံထောက်ခံသူတွေဟာ မတ် ၄ ရက်က နောက်ထပ်တစ်ကြိမ်လမ်းမပေါ်ထွက်ကာ ဆန္ဒပြမှုတွေ ပြုလုပ်ခဲ့ကြပါတော့တယ်။ အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုရဲ့လက်တင်အမေရိကခရီးစဉ်ပြီးနောက်ပိုင်းမှာ အခုလိုမျိုး ဖြစ်ရပ်တွေ ဖြစ်ပေါ်လာတာပဲ ဖြစ်ပါတယ်။

ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒို

“မာဒူရိုက အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုကို ခရီးသွားလာခွင့်တားမြစ်ပိတ်ပင်ချက်ကို ဖောက်ဖျက်မှုနဲ့ ဖမ်းဆီးနိုင်ရေးလုပ်ဆောင်လျက် ရှိပါတယ်။ အကယ်၍ သူ့အနေနဲ့ အဲဒီလိုသာလုပ်လိုက်မယ်ဆိုပါက နိုင်ငံတကာ အသိုင်းအဝိုင်းရဲ့ ရှုတ်ချမှုကို ပြင်းပြင်းထန်ထန် ခံရမှာပဲဖြစ်”

ပြင်းပြင်းထန်ထန်ခံရမယ်

ဗင်နီဇွဲလားနိုင်ငံမှာ ဂျူအန်ဂွိုက်ဒိုဟာ နောက်ထပ်တစ်ကြိမ်ပြည်သူ့ရှေ့ထွက်ပေါ်လာပြီ ဖြစ်ပါတယ်။ အဲဒီလိုထွက်ပေါ်လာတာဟာ လက်ရှိဗင်နီဇွဲလားသမ္မတ မာဒူရိုကို စိန်ခေါ်လိုက်ခြင်းလားဆိုတာကတော့ ဘယ်သူမှမပြောနိုင်ပါဘူး။ မာဒူရိုက အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုကို ခရီးသွားလာခွင့် တားမြစ်ပိတ်ပင်ချက်ကို ဖောက်ဖျက်မှုနဲ့ ဖမ်းဆီးနိုင်ရေး လုပ်ဆောင်လျက်ရှိပါတယ်။ အကယ်၍ သူ့အနေနဲ့ အဲဒီလိုသာ လုပ်လိုက်မယ်ဆိုပါက နိုင်ငံတကာ အသိုင်းအဝိုင်းရဲ့ ရှုတ်ချမှုကို ပြင်းပြင်းထန်ထန်ခံရမှာပဲ ဖြစ်ပါတယ်။

မဟာအမှားကြီး

“တိုင်းပြည်ကို ပြန်လာတော့မယ်လို့ ကျွန်တော်က ကြေညာတော့မှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဗင်နီဇွဲလားပြည်သူတွေကို လှုပ်ရှားတက်ကြွမှုတွေ လုပ်ဆောင်ဖို့ နိုင်ငံအနှံ့ ဆော်ဩထားပါတယ်” လို့ ဂျူအန်ဂွိုက်ဒိုက မတ် ၃ ရက်တွင် တွစ်တာကနေတစ်ဆင့် ပြောပါတယ်။

ဂျူအန်ဂွိုက်ဒိုရဲ့ အမျိုးသမီးက အဲဒီရုပ်သံဖိုင်ကို အင်တာနက်မှာ ဖြန့်ဝေပြီးနောက်ပိုင်းမှာတော့ ဂျူအန်ဂွိုက်ဒိုက မာဒူရိုအစိုးရက ကျွန်တော့ကို ပြန်ပေးဆွဲမှုလုပ်မယ်ဆိုရင် ဒါဟာကြီးမားတဲ့ မဟာအမှားကြီးတစ်ခုပဲလို့ ပြောကြားလိုက်ပါတယ်။

နိုင်ငံတစ်နိုင်ငံဖြစ်

ဗင်နီဇွဲလားနိုင်ငံရဲ့နောက်ကြောင်းကို ပြန်လည်သုံးသပ်မယ်ဆိုရင် ဗင်နီဇွဲလားနိုင်ငံဟာ သမိုင်းကြောင်းမှာ ထီးတည်းကြီးဖြစ်နေတဲ့ နိုင်ငံတစ်နိုင်ငံအနေနဲ့သာမက စီးပွားရေးကျပ်တည်းမှု အဆိုးဆုံးနိုင်ငံတစ်နိုင်ငံအနေနဲ့ ဆယ်စုနှစ်အတော်ကြာ ဖြတ်သန်းခဲ့ရပါတယ်။ ပြည်သူတွေအနေနဲ့လည်း အစာရေစာနဲ့ ဆေးဝါးပြတ်တောက်တာတွေနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး။ ပြည်တွင်းမှာ အကြမ်းဖက်ဆူပူမှုတွေ၊ လူတွေအစုလိုက်နေရပ်မှ ထွက်ခွာတာတွေနဲ့လည်း ယဉ်ပါးနေတဲ့ နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါတယ်။

ဗင်နီဇွဲလားနိုင်ငံဟာ စီးပွားရေးဆိုင်ရာ ယိုယွင်းပျက်စီးနေတဲ့အခြေအနေရှိပြီးတော့ ငွေကြေးဖောင်းပွခြင်း၊ စီးပွားရေးကျဆင်းခြင်း၊ အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ အစားအစာနဲ့ ဆေးဝါးတွေ ပြတ်လပ်ခြင်းစတဲ့ အခြေအနေတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ကုလသမဂ္ဂကတော့ စီးပွားရေးကပ်ဆိုက်နေတဲ့ ဗင်နီဇွဲလားနိုင်ငံက ထွက်ပြေးလာတဲ့ လူဦးရေဟာ ၂၀၁၅ခုနှစ်ကစပြီး ယခုအချိန်အထိ ၂ ဒသမ ၃ သန်းအထိရှိတယ်လို့ သိရပါတယ်။

အဲဒီလိုကြုံတွေ့နေတဲ့နိုင်ငံမှာ မေ ၂၀ ရက်က ကျင်းပခဲ့တဲ့ ဗင်နီဇွဲလားသမ္မတရွေးကောက်ပွဲမှာ ဗင်နီဇွဲလားနိုင်ငံလက်ရှိ သမ္မတ မာဒူရို အနိုင်ရရှိပြီးနောက် ဒုတိယအကြိမ်မြောက် ခြောက်နှစ်တာသက်တမ်းအတွက် ပြန်လည်ရွေးချယ်ခံရကြောင်း အမျိုးသားရွေးကောက်ပွဲကောင်စီက မေ ၂၁ ရက်တွင် ကြေညာခဲ့ပါတယ်။ ရွေးကောက်ပွဲရလဒ်တွေကို အမျိုးသား ရွေးကောက်ပွဲကောင်စီဥက္ကဋ္ဌ တီဘီစေးလူစီနာက မေ ၂၀ ရက် နှောင်းပိုင်းတွင် ကြေညာခဲ့ပါတယ်။

ရင်ဆိုင်ရမှာဖြစ်

ဗင်နီဇွဲလားသမ္မတ ရွေးကောက်ပွဲမတိုင်ခင်ကတောင် အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဥရောပသမဂ္ဂ၊ လက်တင်အမေရိကားနိုင်ငံတွေက မဲရလဒ်အပေါ် အသိအမှတ်မပြုဘူးလို့ ပြောခဲ့ပါတယ်။ ရွေးကောက်ပွဲပြီး ရလဒ်တွေပေါ်လည်း အဲဒီနိုင်ငံတွေက လက်မခံခဲ့ပါဘူး။ ထို့အတူ အဲဒီမဲရလဒ်အပေါ် ဂျူအန်ဂွိုက်ဒိုကလည်း မကျေနပ်ခဲ့ပါဘူး။ ရွေးကောက်ပွဲဟာ တရားမျှတမှုမရှိဘူးလို့ သူက ဆိုပါတယ်။

မာဒူရိုဟာ နိုင်ကောင်းနိုင်ပါလိမ့်မယ်။ ဒါပေမယ့် နိုင်ငံဟာ စီးပွားရေး ပျက်စီးမှုတွေနဲ့ ရင်ဆိုင်နေရတဲ့အတွက် ရှေ့အနာဂတ်မှာ မြို့ပြရဲ့ဆင်းရဲမွဲတေမှုနဲ့ ရင်ဆိုင်ရတော့မှာ ဖြစ်ပါတယ်။

အနိမ့်ဆုံးအဆင့်သို့ကျ

ဗင်နီဇွဲလားနိုင်ငံရဲ့ အသားတင်ထုတ်လုပ်မှု တန်ဖိုးဟာ ဒီနှစ်မှာ ပိုပြီးအားရစရာမရှိကြောင်း အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့က ပြောပါတယ်။

ဗင်နီဇွဲလားနိုင်ငံဟာအမြဲပဲသူ့ရဲ့ဆီပေါ်မှာ မှီခိုနေရကြောင်း၊ သို့သော်လည်း ကုန်ထုတ်လုပ်မှုအပိုင်းမှာ နှစ်ပေါင်း ၃၀ အတွင်း အနိမ့်ဆုံးအဆင့်သို့ ကျဆင်းလာပါတယ်။

အခုအခြေအနေအတိုင်းသာ ဆက်သွားပါက လာမယ့်အနာဂတ်ဖြစ်နိုင်ခြေဟာ ပိုမိုဆိုးဆိုးရွားရွားဖြစ်လာမယ်ဆိုတာ ရှင်းရှင်းလင်းလင်း သိမြင်နိုင်ပါတယ်။ ဘာတွေဖြစ်လာမလဲဆိုတော့ နိုင်ငံရေးတင်းမာမှုတွေ၊ အစွန်းရောက်တော်လှန်မှုများ ပြင်းထန်ခြင်းတွေ၊ ဖိနှိပ်ခြင်းတွေ၊ အပြည်ပြည်ဆိုင်ရာနိုင်ငံတွေရဲ့ ပယ်ချမှုခံရနိုင်ခြင်းတွေ၊ အရေးယူပိတ်ဆို့မှုတွေ၊ စီးပွားရေးကျပ်တည်းမှုတွေ အစုံပါပဲလို့ ဗင်နီဇွဲလားနိုင်ငံအကြောင်း လေ့လာဆန်းစစ်သူ လူစီဗီးဆင့်လီယွန်က ဆိုပါတယ်။

အသိအမှတ်ပြုထား

နောက်ပိုင်းမှာ လက်ရှိ ဗင်နီဇွဲလားသမ္မတကို သဘောမကျတဲ့ အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုဟာ ဗင်နီဇွဲလားအရေးကို ဦးဆောင်ခဲ့ပါတယ်။ သူ့ကိုထောက်ခံသူတွေဟာလည်း သောင်းသောင်းဖြဖြပါပဲ။ အခုတော့ သူ့ကို ဗင်နီဇွဲလား ကြားဖြတ် သမ္မတအဖြစ် နိုင်ငံပေါင်း ၅၀ ကျော်က အသိ အမှတ်ပြုထားတာ ဖြစ်ပါတယ်။

ဥရောပနိုင်ငံအချို့ရဲ့ တောင်းဆိုမှုကို တင်းတင်းမာမာဆန့်ကျင်ဖီဆန်ထားတဲ့ မာဒူရိုက စပိန်ရုပ်မြင်သံကြားတစ်ခုရဲ့ အင်တာဗျူးမှာ သူ့ကိုနုတ်ထွက်ဖို့ တောင်းဆိုနေတဲ့ သူတွေအပေါ် အလျှော့ပေးသွားမှာ မဟုတ်ဘူးလို့ ပြောခဲ့ပါတယ်။

တစ်နေ့တခြားကြီးမားလာ

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မှာကတော့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ရေနံနဲ့ချမ်းသာတဲ့နိုင်ငံများအနက် ဆင်းရဲတွင်းနက်နေတဲ့ ဗင်နီဇွဲလားနိုင်ငံရဲ့ အကျပ်အတည်းတွေနဲ့ပတ်သက်ပြီး စစ်ဘက်ဆိုင်ရာ ကြားဝင်မှုတွေ ဆောင်ရွက်မည့်သဘော ရှိပါတယ်။

အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ်ကလည်း ဗင်နီဇွဲလား အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုကို ဗင်နီဇွဲလားသမ္မတအဖြစ် ကမ္ဘာ့နိုင်ငံအားလုံးက အသိအမှတ်ပြုပေးရန်နှင့် လွတ်မြောက်ရေးဘက်တွင် ရပ်တည်ကြရန် အမေရိကန်ပြည်ထောင်စုက တိုက်တွန်းကြောင်း ပြောကြားလိုက်ပါသေးတယ်။

သို့သော်လည်း စစ်ဘက်ကတော့ သမ္မတ မာဒူရိုကို ဆက်လက်ထောက်ခံသွားမယ်ဆိုတဲ့အကြောင်း ဖွင့်ဟခဲ့ပါတယ်။

နိုင်ငံရေးတင်းမာမှုများ တစ်နေ့တခြားမြင့်မားလာတဲ့ ဗင်နီဇွဲလားနိုင်ငံမှာ လက်ရှိသမ္မတ နီကိုလက်စ် မာဒူရိုနဲ့ ကြားဖြတ်သမ္မတအဖြစ် ကြေညာခဲ့သူ အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုတို့ရဲ့ အာဏာယှဉ်ပြိုင်မှုဟာ တစ်နေ့တခြား ကြီးမားလာနေတယ်ဆိုတာ ငြင်းမရပါဘူး။

ဘာတွေဆက်ဖြစ်လာမလဲ

အခုလည်း အစိုးရရဲ့ ခရီးသွားလာခွင့်ပိတ်ဆို့မှုကို ဂရုမစိုက်ဘဲ ဗင်နီဇွဲလားနိုင်ငံအကျိုးအတွက် နိုင်ငံတကာကို ခရီးဆန့်ခဲ့ပြီး အကူအညီများရရှိရေး ကြိုးစားဆောင်ရွက်ခဲ့တာပဲဖြစ်ပါတယ်။ ဂျူအန်ဂွိုက်ဒိုရဲ့ နောက်ကွယ်မှာ ဗင်နီဇွဲလား ပြည်သူတွေရော၊ နိုင်ငံတကာအထောက်အပံ့တွေရော ရှိနေပါတယ်။ အကယ်လို့သာ မာဒူရိုအနေနဲ့ သူ့ကို အရေးယူမှုတွေ လုပ်မယ်ဆိုရင် နိုင်ငံရဲ့ အခြေအနေဟာ ဆိုးသထက်ဆိုးလာဖို့ပဲ ရှိပါတယ်။ ဗင်နီဇွဲလားနိုင်ငံမှာ ဘာတွေဆက်ဖြစ်လာမလဲဆိုတာကိုတော့ စောင့်ကြည့်သွားရမှာပဲ ဖြစ်ပါတယ်။

ကိုးကား - အေအက်ဖ်ပီ

နိုင်ငံတကာသတင်းတိုထွာ

အမေရိကန်နှင့် တောင်ကိုရီးယားတို့ အသေးစားစစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်သွားမည်

ဝါရှင်တန် မတ် ၄

အမေရိကန်နှင့်တောင်ကိုရီးယားတပ်မတော်တို့သည် နှစ်စဉ်အကြီးအကျယ်ပြုလုပ်လေ့ရှိသည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုအစား အသေးစားလေ့ကျင့်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

တောင်ကိုရီးယားမှ ပူးတွဲကာကွယ်ရေးဦးစီးချုပ်ရုံးအကြီးအကဲ ပတ်ဟန်ကီနှင့် ပေါင်းစပ်တပ်ဖွဲ့အကြီးအကဲ ဗိုလ်ချုပ်ကြီး ရောဘတ်ဘီ အာဘီ အာဘရမ်စ်တို့က စစ်ရေးလေ့ကျင့်မှုဆိုင်ရာ ပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

မဟာမိတ်ဟု အမည်ပေးရသည့် ဒေါင်မန် စစ်ရေးလေ့ကျင့်မှုကို ယနေ့မှစတင်ကာ မတ် ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းဖော်ပြချက်တွင် အသေးစိတ်အချက်အလက်များကို ဖော်ပြထားခြင်းမရှိပေ။ စစ်ရေးလေ့ကျင့်မှုများသည် နှစ်နိုင်ငံအကြား မဟာမိတ်ပေါင်းစည်းမှုကို ရှည်ကြာခိုင်မာစေရန် အရေးကြီးကြောင်း ဖော်ပြခဲ့သည်။ **အင်န်အိတ်ချ်ကေ**

ပါကစ္စတန်နှင့် အိန္ဒိယအကြား တင်းမာမှုများကြောင့် ရပ်နားထားသည့် နယ်စပ်ရထားပြေးဆွဲမှု ပြန်လည်စတင်

အစ္စလာမ္မာဘတ် မတ် ၄

ပြီးခဲ့သည့်လအတွင်း အိန္ဒိယကထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသ၌ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် အိန္ဒိယပြည်သူ့စစ်အဖွဲ့ဝင် ၄၀ ခန့် သေဆုံးခဲ့ပြီးနောက်တွင် တင်းမာမှုများကြောင့် ပါကစ္စတန်နှင့် အိန္ဒိယ နယ်စပ်ကိုဖြတ်ကျော်သည့် ခရီးသည်တင်ရထားပြေးဆွဲမှုကို ရပ်ဆိုင်းထားခဲ့သည်ဖြစ်ရာ ယခုအခါ ပြန်လည်ပြေးဆွဲမှုလုပ်ဆောင်နေပြီဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

ခရီးသည် ၁၅၀ ခန့်ကို တင်ဆောင်လာသည့် Samjhota Express ရထားသည် ပန်ဂျပ်ပြည်နယ် မြို့တော် လာဟိုးရှိ ဘူတာရုံမှ အိန္ဒိယသို့ ယနေ့နံနက်ပိုင်းတွင် ထွက်ခွာသွားခဲ့ကြောင်း ဒေသမီဒီယာက ဖော်ပြခဲ့သည်။

ရထားသည် တနင်္လာနေ့၊ ကြာသပတေးနေ့တို့တွင် အိမ်နီးချင်းနှစ်နိုင်ငံအကြား ပုံမှန်အတိုင်းပြေးဆွဲလျက်ရှိကြောင်း သိရသည်။ ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၈ ရက်တွင် ပါကစ္စတန်နှင့် အိန္ဒိယနှစ်နိုင်ငံအကြားဖြစ်ပွားနေသည့် တင်းမာမှုများကြောင့် ရထားပြေးဆွဲမှုကို ရပ်နားလိုက်ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။

ဆင်ဟွာ

ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် တန့်ယန်းဒေသခံပြည်သူများ တွေ့ဆုံ

တန့်ယန်း မတ် ၄

ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများသည် ယမန်နေ့က တန့်ယန်းမြို့နယ်ခန်းမ၌ ဒေသဖွံ့ဖြိုးရေးအတွက် ပြည်သူများ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီထွေးက ဒေသဆိုင်ရာအချက်အလက်များ ရှင်းလင်းတင်ပြကာ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဦးနေစိုးက သုသာန် မြေကိစ္စရပ်များ မြို့အင်္ဂါရပ်နှင့်မညီသောကြောင့် မြို့အတွက် အကျိုးရှိစေရန် အကောင်အထည်ဖော်ပေးရန်အတွက် ဈေးဟောင်းကို သုသာန်တွင် စည်ပင်သာယာဈေးအဖြစ် ထားရှိပေးရန်နှင့် မြို့ယာဉ်ရပ်နားစခန်းများကို မြို့အထွက်ဘက်တွင် ထားရှိစေလိုကြောင်း၊ နွေရာသီရောက်ရှိလာပြီဖြစ်သဖြင့် မြို့နယ်အတွင်း ရေရရှိရေးအတွက် တင်ပြဆွေးနွေးပြီး ရပ်ကွက်(၂) နေထိုင်သူ ဦးသန်းတင်က ရပ်ကွက်(၂)အတွင်း နေထိုင်လျက်ရှိသော ပြည်သူများအတွက် (၁၀၅)ပုံစံရရှိရေးကိစ္စရပ်များ တင်ပြဆွေးနွေးခြင်း၊ ဦးသန်းရွှေက အခွန်တိုးကောက်ရခြင်းနှင့် ပတ်သက်၍ သိရှိလိုကြောင်း၊ ပေ(၃၀ × ၃၀)အာစီနှစ်ထပ်ဆောက်ပါက အခွန်မည်မျှ ကောက်ခံသွားမည်ကို သိရှိလိုကြောင်း၊ ရပ်ကွက်(၃) ဦးမောင်ငွေက တောင်သူလယ်သမားများ လိုအပ်လျက်ရှိသော မြေစာရင်း(၁၀၅)အိမ်ဂရန်များ ရှိလိုကြောင်း၊ စိုက်ပျိုးတောင်သူများက လယ်ယာမြေပုံစံ (၇)ရရှိရေးအတွက် ဆောင်ရွက်ပေးရန်နှင့် စွန့်လွှတ်မြေများကို တောင်သူများ လက်ဝယ်ရရှိနိုင်ရန် ကွင်းဆင်းဆောင်ရွက်ပေးစေလိုကြောင်း၊ ဦးစိုင်းမျိုးအောင်က ဒေသဖွံ့ဖြိုးရေးအတွက် စီးပွားရေးလုပ်ငန်းများကို ထည့်သွင်းစဉ်းစားပေးရန်နှင့် အစိုးရအဖွဲ့မှ ကူညီစောင့်ရှောက်ပေးရန်၊ မြို့နယ်အခြေခံကျောင်းများမှ မြေယာကိစ္စရပ်များ ရင်ဆိုင်နေရကြောင်း၊ သုံးထပ် သို့မဟုတ် လေးထပ်ဆောင် ဆောက်လုပ်ခွင့်ပြုနိုင်ရန်နှင့် စားသောက်ကုန်ကိစ္စရပ်များ ကြီးကြပ်ဆောင်ရွက်ပေးနိုင်ရန် တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသခံပြည်သူများ၏လိုအပ်ချက်များကို ကဏ္ဍအလိုက်ဖြေရှင်းဆောင်ရွက်ပေးပြီး ဗလာစာအုပ်၊ အားကစားပစ္စည်းနှင့် အလှူငွေများကို ပြည်နယ်လူမှုရေးဝန်ကြီးနှင့် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတို့က ပေးအပ်ရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံယူကြသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်နှင့် တန့်ယန်းဒေသခံပြည်သူများ တွေ့ဆုံစဉ်။

ဆက်လက်၍ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့သည် မြို့အထွက် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး Mothers Love လက်ဖက် စိုက်ပျိုးရေးခြံသို့ သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း (တောင်ကြီး)

ဂွမြို့ နည်းပညာအထက်တန်းကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ပြည်နယ်လူမှုရေးဝန်ကြီး ကြည့်ရှုစစ်ဆေး

ဂွ မတ် ၄

ရခိုင်ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ဂွမြို့ ရဟိုင်ကူးတို့ ကျေးရွာအုပ်စု စည်ပင်ကျေးရွာတွင် ဆောက်လုပ်လျက်ရှိသော စက်မှု/ လက်မှုနည်းပညာ အထက်တန်းကျောင်း ဆောက်လုပ်ပြီးစီးနေမှုအခြေအနေကို ယနေ့နံနက်က ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောင်းဆောင်မှာအာစီ သုံးထပ်ဖြစ်ပြီး အလျား ၁၉၂ ပေနှင့် အနံ ၃၈ ပေရှိကြောင်းနှင့် သဇင်ငြိမ်း ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ဂွမြို့နည်းပညာအထက်တန်းကျောင်း တည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

ကုန်စိမ်းဈေး ပြောင်းရွှေ့ဖွင့်လှစ်ရောင်းချနိုင်ရေး ဈေးသူ ဈေးသားများနှင့် တွေ့ဆုံဆွေးနွေး

မြိတ် မတ် ၄

မြိတ်မြို့ကန်ဖျားရပ်ကွက်ရှိ ကုန်စိမ်းဈေးကို ရှမ်းချောင်းရပ်ကွက်သို့ ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရန် ယမန်နေ့က မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ဈေးသူဈေးသားများအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါဈေးသည် အခြေခံပညာကျောင်းနှင့် ကပ်လျက်ရှိသဖြင့် ဈေးမှ ထွက်သည့် အနံ့ဆိုးများကြောင့် စာသင်ကလေးငယ်များအတွက် ကျန်းမာရေးအန္တရာယ်ရှိသည့်အပြင် သီးနှံများကို တင်သွင်းလာသည့် ကုန်တင်ကားများကြောင့် နေ့စဉ်ယာဉ်ကြောရှုပ်ထွေးမှုများကြုံတွေ့နေရပြီး ရပ်ကွက်နေပြည်သူများနှင့် ကျောင်းသားမိဘများက ဈေးကိုပြောင်းရွှေ့ဖွင့်လှစ်ပေးရန် တင်ပြထားခဲ့ရာ တိုင်းဒေသကြီးလွှတ်တော်တွင် တင်ပြဆွေးနွေးချက်အရ ကန်ဖျားရပ်ကွက်မှ ကလွင်ကျေးရွာအုပ်စု ရှမ်းချောင်းရပ်ကွက်သို့ ပြောင်းရွှေ့ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။ ယခုအခါဈေးအသစ်မှာ ရေ/မီး အစုံဖြင့် အပြည့်အဝတည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုက ပြောသည်။

ယခုပြောင်းရွှေ့ဖွင့်လှစ်မည့် ဈေးအသစ်သည် နေရာကျယ်ဝန်းသည့်အပြင် ကုန်စည်တင်မော်တော်ယာဉ်များ ရပ်နားရန်နေရာ ကျယ်ဝန်းခြင်း၊ ရေမီးအစုံဖြင့် ၂၄ နာရီရောင်းချရန် စီစဉ်ပေးထားသည့်အပြင် ဈေးခုံပိုင်ရှင်များအား ဈေးအသစ်တွင် ဈေးခုံကို ယခင်အကျယ်အဝန်းအတိုင်း အခမဲ့ပြန်လည်အစားထိုးပေးခြင်း ဖြစ်သည်။

ဆွေးနွေးပွဲတွင် ဈေးသူ ဈေးသားများက ပြောင်းရွှေ့ရောင်းချရန် မိမိတို့တွင် အခက်အခဲရှိသဖြင့် မူလဈေးအဟောင်းတွင်ပင် ရောင်းချလိုကြောင်း ပြန်လည်ဆွေးနွေးကြသည်။ ပုံကျကုန်စိမ်းဈေးသည်များကို ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်ရေးအတွက် မဖြစ်မနေ ဈေးအသစ်တွင် ရောင်းချရမည်ဖြစ်ပြီး ကျန်ဈေးဆိုင်ခန်းများတွင် ဆက်လက်ရောင်းချမည့်သူများကို ရောင်းချခွင့်ပေးသွားမည်ဖြစ်သော်လည်း နံနက် ၆ နာရီမှ နံနက် ၁၀ နာရီအထိသာ ရောင်းချခွင့်ပြုတော့မည်ဖြစ်ကြောင်း၊ ဈေးအသစ်တွင် ရောင်းချရန်ဆန္ဒရှိသူများအား မူလအရွယ်အစားအတိုင်း ဆိုင်ခန်းကို အခမဲ့ အစားထိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

တရားရေးဆိုင်ရာ (၁၆) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံထပ်ဆင့်ရှင်းလင်း

ပဲခူး မတ် ၄

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ (၁၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းသည့် အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ယမန်နေ့က ကျင်းပရာ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေက အမှာစကားပြောကြားသည်။

တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်မှ တရားစီရင်ရေးသည် တရားရုံးအဆင့်ဆင့်၏ အမှုများ စစ်ဆေးစီရင်မှု၊ အချိန်နှင့် တစ်ပြေးညီဆောင်ရွက်နိုင်မှု၊ မှန်ကန်မှု၊ မျှတမှု၊ ဘက်မလိုက်မှု၊ အဂတိတရားကင်းစင်မှုတို့သည် အဓိကကျကြောင်း၊ တရားစီရင်ရေးမဏ္ဍိုင်တည့်မတ်ခိုင်မာရေး၊ ဘက်လိုက်မှုကင်းသည့်တရားစီရင်ရေး၊ အဂတိတရားကင်းစင်သည့် တရားစီရင်ရေးဖြစ်ပေါ်ရေး၊ တရားရုံးများရှိ သက်သေခံပစ္စည်းများ စီမံခန့်ခွဲရေးတို့အတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအဆင့်အထိ အဆင့်ဆင့်တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေးသည် နိုင်ငံတော်၏ အခြေခံမှုဖြစ်ပြီး တရားစီရင်ရေးမူတစ်ရပ်လည်းဖြစ်ကြောင်း၊ အဆင့်ဆင့်သော တရားသူကြီးများ၏ ပညာရပ်ဆိုင်ရာကျွမ်းကျင်မှု၊ ကျင့်ဝတ်လိုက်နာမှု၊ လုပ်ငန်းတွင် လုံ့လရှိမှုတို့ဖြင့်သာ လွတ်လပ်သောတရားစီရင်ရေးကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ အမှုအခင်းများကို ဥပဒေနှင့်အညီ တရားမျှတပြီး အချိန်မီဖြေရှင်းပေးရေးနှင့် အထူးမှုခင်းကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်ရေး၊ တရားမျှတမှုနှင့် တရားရုံးသတင်းအချက်အလက်များကို ပြည်သူများလက်လှမ်းမီရေးအတွက် ပိုမိုအလေးထားဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ တရားရုံး၏ အကောင်ဆုံးဂုဏ်သတင်းကို ထိန်းသိမ်းလျက် လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် တရားစီရင်ရေးအပေါ် အများပြည်သူတို့၏ ယုံကြည်ကိုးစားမှု၊ တိုးတက်မြင့်မားလာရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၏ ညွှန်ကြားမှုကို မှာကြားခဲ့သည်။

တိုင်းဒေသကြီးလွှတ်တော်တရားသူကြီးများ၊ ခရိုင်တရားသူကြီးများနှင့် တိုင်းဒေသကြီးအတွင်းရှိ တရားရေးအရာရှိများ စုစုပေါင်း ၁၀၆ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သန့်စင် (ပဲခူး)

မြောက်ဦးမြို့နယ် တိုက်ပွဲရှောင်စခန်းရှိ နေရပ်စွန့်ခွာလာသူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

မြောက်ဦး မတ် ၄

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်ရှိ တိုက်ပွဲရှောင်စခန်းမှ နေရပ်စွန့်ခွာလာသူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းကို ဖေဖော်ဝါရီ ၂၈ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် တိုက်ပွဲရှောင်စခန်းများ ဖွင့်လှစ်ထားသော စေတီတောင်ကျေးရွာ၊ တိမ်ညိုရွာသစ်ကျေးရွာနှင့် အောက်သားကန်ကျေးရွာများရှိ တိုက်ပွဲရှောင်စခန်းများသို့ ခိုလှုံရန် ရောက်ရှိလာကြသော ဆင်အိုးကျေးရွာ၊ ခူလိုင်ကျေးရွာ၊ နေပူခံကျေးရွာနှင့် မကျားဆည်ကျေးရွာများမှ နေရပ်စွန့်ခွာလာသူများအနေဖြင့် လတ်တလောဖြစ်ပွားနေသည့် တိုက်ပွဲများကြောင့် မိမိတို့နေထိုင်ရာဒေသများကို စွန့်ခွာပြီးယာယီနေထိုင်နေကြသော အိမ်ထောင်စု ၉၅ စုမှ လူဦးရေ ၃၈၄ ဦး အတွက် အမျိုးသား၊ အမျိုးသမီးဝတ်တီရှပ် အင်္ကျီ၊ အမျိုးသား၊ အမျိုးသမီးဝတ်လုံချည်၊ မျက်နှာသုတ်ပဝါနှင့် စားနပ်ရိက္ခာ တစ်လစာ ဆန်အိတ် စုစုပေါင်း ၁၁၅ အိတ်ကို တာဝန်ရှိသူများက သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

မြောက်ဦးမြို့နယ် တိုက်ပွဲရှောင်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

ဒီးမော့ဆိုမြို့နယ် တနီးလာလဲကျေးရွာ၌ ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဆောင်ရွက်လျက်ရှိ

လွိုင်ကော် မတ် ၄

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်အတွင်း ကယားပြည်နယ်၏ အထင်ကရ ကန်ခုနစ်ဆင့်အမည်ရှိသည့် သဘာဝ ရေကန်ငယ်များအနီးရှိ ကယားလူမျိုးများ နေထိုင်ရာဒေသ တနီးလာလဲကျေးရွာ၌ ကျေးရွာအခြေပြု ခရီးသွားလုပ်ငန်း ဆောင်ရွက်လျက်ရှိသောကြောင့် အဆိုပါကျေးရွာတွင် နေထိုင်သူများ အပိုဝင်ငွေရရှိနေကြသည့်အပြင် ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေလည်း ရရှိနေကြကြောင်း သိရသည်။

"ကျွန်တော်တို့ တနီးလာလဲကျေးရွာမှာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလက စတင်ပြီး ကျေးရွာအခြေပြု ခရီးသွားလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါတယ်။ လုပ်ငန်းကော်မတီတွေဖွဲ့စည်းပြီး စနစ်တကျ ဆောင်ရွက်လျက်ရှိပါတယ်။ သက်ကြီးရွယ်အို အမျိုးသမီး အမျိုးသားတွေက ကယားရိုးရာတူရိယာ ပစ္စည်းတွေနဲ့ တီးမှုတ်သီဆိုဖျော်ဖြေမှုပေးခြင်း၊ နွားလှည်းအပျော်စီးနိုင်ဖို့ စီစဉ်ဆောင်ရွက်ထားရှိခြင်း၊ ကယားရိုးရာအကနဲ့ဖျော်ဖြေခြင်း၊ ရိုးရာအစားအစာ ချက်ပြုတ်ကျွေးမွေးခြင်း၊ ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုကို လက်တွေ့သရုပ်ပြ ခြင်း၊ ကယားရိုးရာ တောလိုက်နတ်စင်ပူဇော်ပသမှုကိုလေ့လာနိုင်ခြင်း၊ ကယားရိုးရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုမှ ဒူးကွင်းပြုလုပ်ပုံအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြခြင်း၊ ဒူးလေးပစ်ပြခြင်း၊ ကယားရိုးရာ နေအိမ်တည်ဆောက်ပုံကို ပြသခြင်းစတဲ့ ကယားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံတွေကို ပြည်တွင်းပြည်ပခရီးသည်တွေ လေ့လာနိုင်ဖို့ စီစဉ်ထားပါတယ်။ အဲဒီလို အကြောင်းအရာတစ်ခုချင်းအလိုက် လေ့လာကြည့်ရှုခွင့် ရရှိရေးအတွက် ဝန်ဆောင်ခ အသီးသီးသတ်မှတ်ထားရှိပြီး ဝန်ဆောင်ခရရှိသူက ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေအတွက် ၁၀ ရာခိုင်နှုန်းထည့်ဝင်စေပါတယ်။ အကြောင်းအရာတစ်ခုချင်းအလိုက် ကြည့်ရှုလေ့လာခွင့်သတ်မှတ်နှုန်းထားကတော့ ငွေကျပ် ၅၀၀၀ ဖြစ်ပါတယ်။ ယခုအခါမှာ ကျေးရွာအခြေပြု ခရီးသွားလုပ်ငန်းကြောင့် ဒေသခံတွေ အပိုဝင်ငွေရရှိကြသလို ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေလည်းရရှိနေပါတယ်" ဟု တနီးလာလဲကျေးရွာ အခြေပြု ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးတီရယ်က ပြောသည်။

ပြည်ပဧည့်သည်များကို ကယားရိုးရာတူရိယာပစ္စည်းများဖြင့် တီးမှုတ်ဖျော်ဖြေပေးနေစဉ်။

အဆိုပါ တနီးလာလဲကျေးရွာသည် ကယားပြည်နယ်၏ အထင်ကရ ကန်ခုနစ်ဆင့်သဘာဝရေကန်ငယ်များအနီးတွင် တည်ရှိ သောကြောင့် ပြည်တွင်း ပြည်ပ ခရီးသွားများက ကန်ခုနစ်ဆင့်သဘာဝရေကန်ငယ်များရှိရာသို့ အပန်းဖြေလေ့လာရေး ခရီးလာရောက်ရင်း တနီးလာလဲကျေးရွာတွင် ကယားရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ဝင်ရောက် လေ့လာလျက်ရှိကြသည်။ ကယားပြည်နယ်အတွင်း ကယားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကိုလေ့လာနိုင်ရန် ဒီးမော့ဆိုမြို့နယ် တနီးလာလဲကျေးရွာနှင့် ဒေါ်တမကြီးကျေးရွာတို့တွင် လည်းကောင်း၊ ကယန်းရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို လေ့လာနိုင်ရန် အဆိုပါမြို့နယ်အတွင်းရှိပန်ပက်ကျေးရွာအုပ်စုတွင် လည်းကောင်း၊ ကယော ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို လေ့လာနိုင်ရန် ဖရူဆိုမြို့နယ် ခေခိုကျေးရွာတွင်လည်းကောင်း ကျေးရွာအခြေပြု ခရီးသွားလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကြီးမြင့်နိုင်(လွိုင်ကော်)

လယ်ဝေးမြို့နယ်၌ မိရိုးဖလာသက်မွေးဝမ်းကျောင်းအတတ်ပညာများ ပျောက်ကွယ်လုနီးပါးဖြစ်လာ

နေပြည်တော် မတ် ၄

နေပြည်တော် လယ်ဝေးမြို့နယ် မုန်တောကျေးရွာတွင် ယခင်အခါက ဝါးဖြင့်ပြုလုပ်သော မိရိုးဖလာ အိမ်တွင်းမှုလုပ်ငန်းတစ်ခုဖြစ်သည့် လယ်ယာလုပ်ငန်းခွင်သုံး တင်းတောင်း၊ ခွဲတောင်းအမျိုးမျိုးနှင့် ဆန်ကော၊ ဆန်ခါ၊ ထမင်းစားပွဲအုပ်ဆောင်းများ ရက်လုပ်ရသည့်လုပ်ငန်းမှာ တွင်ကျယ်စွာ ထုတ်လုပ်နိုင်ခဲ့သော်လည်း ယနေ့အခါတွင် မျိုးဆက်ပြတ်၍ လက်ဆင့်ကမ်း အမွေဆက်ခံသူ မရှိသလောက် ရှားပါးသွားကြောင်းသိရသည်။

လယ်ဝေးမြို့နယ် မုန်တောကျေးရွာမှ လက်မှုဝါးလုပ်ငန်း။

အဆိုပါ ဝါးဖြင့်ပြုလုပ်သော ပစ္စည်းများကို တင်းဝါးအမျိုးအစားဖြင့် အရွယ်အစားအလိုက် ပြုလုပ်ရခြင်းဖြစ်ပြီး ကြိမ်နှင့်ဝါး နှစ်မျိုးစပ်၍လည်း ထုတ်လုပ်ထားသည်ကို တွေ့ရသည်။

" ကျွန်မတို့ တစ်ရွာလုံးမှာ အခုထိ ဒီလုပ်ငန်းလုပ်တာဆိုလို့ ကျွန်မတို့နဲ့ဆိုရင် နှစ်ဦးပဲရှိတော့တယ်။ နောက်တက်လာတဲ့လူငယ်တွေက ဒီလုပ်ငန်းအပေါ်မှာ စိတ်မဝင်စားကြတော့ဘူး၊ ရွာမှာလည်း လယ်ယာလုပ်ငန်းအပြင် တခြားလုပ်ငန်းပြောင်းပြီး လုပ်ကြတာတွေများတယ်၊ ကျွန်မတို့မိသားစုထဲမှာကိုပဲ လက်ဆင့်ကမ်း သင်ပေးလို့မရတော့ဘူး။ ကျွန်မတို့ ဒီလုပ်ငန်းက ကျွန်မတို့ မမွေးခင် မိဘတွေရဲ့မိရိုးဖလာလုပ်ငန်း တစ်ခုအနေနဲ့ လုပ်ကိုင်ခဲ့တာပါ။ ဒါနဲ့ပဲ မိသားစုအသက်မွေးခဲ့တာပါ" ဟု ဝါးဖြင့်ပြုလုပ်သော ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

ကြိမ်နှင့်ဝါး နှစ်မျိုးစပ်၍ ထုတ်လုပ်ရသည့် နှစ်ထပ်တင်းတောင်းတစ်လုံးလျှင် ငွေကျပ် နှစ်သောင်းခွဲအထိ ရောင်းချရပြီး ယင်းအတွက် တင်းဝါးတစ်လုံးသာ ကုန်ကျကာ ယင်းတင်းဝါးတစ်လုံးလျှင် ငွေကျပ် ၆၀၀ ခန့် ဝယ်ယူရကြောင်း၊ အဆိုပါ လယ်ဝေးမြို့နယ် မုန်တောကျေးရွာမှ ထုတ်လုပ်ထွက်ရှိသည့် ဝါးဖြင့်ပြုလုပ်သော တင်းတောင်း အရွယ်အစားအမျိုးမျိုးနှင့် ဆန်ကော၊ ဆန်ခါတို့ကို လယ်ဝေး၊ ပျဉ်းမနား၊ တပ်ကုန်းမြို့များ အပြင် ရေတာရှည်မြို့တို့မှ လာရောက်ဝယ်ယူကြသည်။

လယ်ဝေးမြို့နယ် မုန်တောကျေးရွာသည် ရန်ကုန်-မန္တလေး လမ်းဟောင်းဘေးတွင် တည်ရှိပြီး အိမ်ခြေ ၃၀၀ခန့်နှင့် လူဦးရေ ၁၀၀၀ ကျော်ခန့် လက်ရှိနေထိုင်လျက်ရှိကြောင်း သိရသည်။

ကိုပေါက် (ဥက္ကာမြေ)

ကုန်ကြမ်းဈေးနှုန်းမြင့်တက်လာပြီး ကုန်ချောဈေးနှုန်းများ ရပ်တန့်နေသဖြင့် ရက်ကန်းလုပ်ငန်းများ လုပ်ကိုင်သူနည်းပါးလာ

မုံရွာ မတ် ၄

ချည်ထုတ်ကုန်ကြမ်း ဈေးနှုန်းများ မြင့်တက်လာသဖြင့် ရက်ကန်းလုပ်ကိုင်သူများနည်းပါးလာကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ဆုံကုန်းကျေးရွာမှ ရက်ကန်းလုပ်ငန်းလုပ်ကိုင်သူများက ပြောသည်။

ချည်ထုတ်ဈေးနှုန်းသည် အိန္ဒိယနိုင်ငံမှ တင်သွင်းရာ ယခင်နှစ်တွင် ၁ ဒသမ ၈၅ ပိဿာရှိချည်ထုပ် တစ်ထုပ်လျှင် ငွေကျပ် ၂၇၀၀၀ ဈေးနှုန်းရှိရာမှ ယခုနှစ်တွင် ငွေကျပ် ၂၉၀၀၀ သို့ မြင့်တက်လာပြီး ရက်ကန်းငှားရမ်းရက်ခ ဈေးနှုန်းများကို လျှော့ချပေးရသဖြင့် ရက်ကန်းသမများလည်း လုပ်ကိုင်မှုနည်းပါးလာသည်။

"ဟိုအရင်တုန်းကတော့ ရက်ကန်းလုပ်ငန်းက လုပ်ကိုင်ရတာ အဆင်ပြေတယ်။ အခုကျတော့ ရက်ကန်းပညာတွေက ပြန့်သွားတာလည်းပါတယ်။ အိန္ဒိယနိုင်ငံကဝင်တဲ့ ချည်ထုတ်ဈေးနှုန်းကလည်း တစ်နှစ်ထက်တစ်နှစ် တက်လာပေမယ့် အထည်ဈေးနှုန်းက ပုံမှန်ပဲဖြစ်နေတော့ လုပ်ကိုင်ရတာ အဆင်မပြေကြတော့ တချို့ဆို တခြားလုပ်ငန်းတွေ ပြောင်းပြီး လုပ်ကြတယ်။ ဒီမှာကျတော့ သီးနှံစိုက်ပျိုးရေးလုပ်တဲ့သူတွေလောက်ပဲ ကျန်တော့တယ်"ဟု ဆုံကုန်းကျေးရွာမှ ရက်ကန်းလုပ်ငန်း လုပ်ကိုင်သူ ဒေါ်အေးရွှေက ပြောသည်။

ကံပြားကျေးရွာအုပ်စုအတွင်းရှိ ပေကုန်း၊ ဆုံကုန်းနှင့် ရွာတော်ကျေးရွာတို့တွင် ယခင်က ရက်ကန်း လုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်သူ များပြားခဲ့သော်လည်း လွန်ခဲ့သည့် ငါးနှစ်ခန့်မှစတင်ပြီး အလုပ်အကိုင်များ အဆင်မပြေမှုများကြောင့် အခြားလုပ်ငန်းများသို့ လုပ်ကိုင်လျက်ရှိရာ လက်ရှိအချိန်တွင် ရက်ကန်းလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်သူ ၁၀ ဦးခန့်သာ ရှိတော့ကြောင်း သိရသည်။

ဝင်းဦး(ဧယျာတိုင်း)

ဆုံကုန်းကျေးရွာမှ ရက်ကန်းလုပ်ငန်းခွင်တစ်ခုကို တွေ့ရစဉ်။

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၄-၃-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၅၃၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၉၂၀၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၅၃၅၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၉၂၀၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)	လက်လီဈေး(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၈၇၅/၉၃၀ ကျပ်	၉၄၀/၉၅၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၈၈၅/၉၄၀ ကျပ်	၉၅၅/၉၇၀ ကျပ်
အောက်တိန်း ၉၂	၆၈၅/၇၄၀ ကျပ်	၇၉၀/၈၂၀ ကျပ်
အောက်တိန်း ၉၅	၇၈၀/၈၃၅ ကျပ်	၈၈၀/၈၉၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၁၅၁၉ ・ ၀
ဥရောပ	တစ်ယူရို	ကျပ် ၁၇၂၂ ・ ၇
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၁၁၂၁ ・ ၄
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ် ၂၀၁၀ ・ ၃
ဂျပန်	၁၀၀ ယန်း	ကျပ် ၁၃၅၇ ・ ၇
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ် ၁၀၇၅ ・ ၀
တရုတ်	တစ်ယွမ်	ကျပ် ၂၂၆ ・ ၇၀
အိန္ဒိယ	တစ်ရူပီး	ကျပ် ၂၁ ・ ၄၃၈
ကိုရီးယား	၁၀၀ ဝမ်	ကျပ် ၁၃၄ ・ ၈၂
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၇၂ ・ ၆၂
ထိုင်း	တစ်ဘတ်	ကျပ် ၄၇ ・ ၇၀၇

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	စိုးစိုးနိုင်
သတင်းထောက်ချုပ်	-	မြင့်ဆွေ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ	-	တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE
www.mdn.gov.mm

မျက်မှောက်ခေတ်သည် ကမ္ဘာ့သမိုင်းတွင် တတိယအကြိမ်မြောက် ပါဝါအရွှေ့အပြောင်းကာလဖြစ်ပြီး စူပါပါဝါအမေရိကန်နှင့် အနောက်နိုင်ငံများမှလွဲ၍ ကျန်နိုင်ငံများ စန်းထသောကာလဟူ၍ အမေရိကန်ဂျာနယ်လစ် ဖာရိဒ်ဇက္ကရီးယားက ဆိုခဲ့ဖူးသည်။ အိန္ဒိယသမုဒ္ဒရာကို မျက်နှာမူသော အိန္ဒိယနိုင်ငံနှင့် ပစိဖိတ်သမုဒ္ဒရာကို မျက်နှာမူသော တရုတ်နိုင်ငံတို့ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်သို့ တက်လှမ်းခဲ့ပြီးနောက်တွင် "သမုဒ္ဒရာနှစ်စင်း သီအိုရီ" ပေါ်ထွက်လာသည်။ အဆိုပါ သီအိုရီသည် စူပါပါဝါနိုင်ငံကြီးနှင့်တကွ ပါဝါနိုင်ငံသစ်များ၊ အင်ဒို-ပစိဖိတ်ရပ်ဝန်းမှ နိုင်ငံများနှင့် အာဆီယံနိုင်ငံများအတွက်သာမက မိမိတို့မြန်မာနိုင်ငံအတွက်ပါ အရေးပါသလို စိတ်ဝင်စားဖွယ်ကောင်းပြီး လေ့လာနားလည်ရန်လိုအပ်သည့်အတွက် စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦး လေ့လာပြုစုရေးသားထားသည့် " သမုဒ္ဒရာနှစ်စင်း သီအိုရီ (သို့မဟုတ်) အင်ဒို- ပစိဖိတ်မဟာဗျူဟာ" ဆောင်းပါးကို အပတ်စဉ် အခန်းဆက်ဆောင်းပါးအဖြစ် ဖော်ပြအပ်ပါကြောင်း။

(စာတည်းအဖွဲ့)

သမုဒ္ဒရာနှစ်စင်း သီအိုရီ (သို့မဟုတ်) အင်ဒို-ပစိဖိတ်မဟာဗျူဟာ

တက္ကသိုလ် ဟန်စိုးဦး

ယခင်အပတ်မှအဆက်

လုံခြုံရေးအရ စိုးရိမ်ပူပန်ရမယ့် အနေအထားမှာရှိတဲ့ နေရာငါးနေရာ

အင်ဒို-ပစိဖိတ်ဒေသအတွင်းမှာ အမေရိကန်နိုင်ငံရဲ့အကျိုးစီးပွားအတွက် စိုးရိမ်ပူပန်ရတဲ့ အနေအထားမှာရှိတဲ့ နေရာငါးနေရာရှိပါတယ်။ အဲဒါတွေကတော့ မြောက်ကိုရီးယားနိုင်ငံ၊ အရှေ့တရုတ်ပင်လယ်အတွင်းမှာ နယ်မြေပိုင်ဆိုင်မှု အငြင်းပွားမှု၊ တောင်တရုတ်ပင်လယ်အတွင်းမှာ နယ်မြေပိုင်ဆိုင်မှု အငြင်းပွားမှု၊ အိန္ဒိယ-ပါကစ္စတန်အားပြိုင်မှု၊ တရုတ်နဲ့ တိုင်ဝမ်အကြား တိုင်ဝမ်ရေလက်ကြားမှာ တင်းမာမှုတို့ပဲ ဖြစ်ပါတယ်။

မြောက်ကိုရီးယား

မြောက်ကိုရီးယားနိုင်ငံမှာ ကင်မ်မိသားစုရဲ့တတိယမြောက်မျိုးဆက်ဖြစ်တဲ့ ကင်မ်ဂျုံအွန်း (Kim Jong-un) ဟာ နိုင်ငံအုပ်ချုပ်မှုအာဏာကို ကောင်းမွန်စွာချုပ်ကိုင်ထားနိုင်ပြီး သူ့အဘိုးနဲ့အဖေ လက်ထက်မှာ မျှော်မှန်းခဲ့တဲ့ အဏုမြူလက်နက်နဲ့ ဒုံးကျည်နည်းပညာပိုင်ဆိုင်နိုင်ဖို့ ကြိုးစားခဲ့ပါတယ်။ မြောက်ကိုရီးယားနိုင်ငံဟာ အဏုမြူလက်နက်ပိုင်ဆိုင်ခြင်းအားဖြင့် နိုင်ငံရေရှည်တည်တံ့ ရပ်တည်နိုင်ဖို့နဲ့ တောင်-မြောက်ကိုရီးယားနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းနိုင်ရေး အတင်းအကျပ် ဖိအားပေးဖို့ ရည်ရွယ်ချက်နဲ့ အဏုမြူနဲ့ဒုံးကျည်အစီအစဉ်တွေကို ဖော်ဆောင်နေခြင်းဖြစ်တယ်လို့ လေ့လာသူတွေက ထောက်ပြကြပါတယ်။ မြောက်ကိုရီးယားနိုင်ငံဟာ တောင်ကိုရီးယားနိုင်ငံအပေါ် ရန်စခြိမ်းခြောက်မှုတွေ ပြုလုပ်ခဲ့သလို အဏုမြူစွမ်းရည် တိုးတက်ပိုင်ဆိုင်လာမှုနဲ့အတူ ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုတွေ ပြုလုပ်ပြီး ဂျပန်နိုင်ငံကို ခြိမ်းခြောက်ကာ အိမ်နီးချင်းနိုင်ငံတွေနဲ့ အမေရိကန် ပြည်ထောင်စုတို့နဲ့ ညှိနှိုင်းသဘောတူညီချက်တွေ ရရှိနိုင်ဖို့ ကြိုးပမ်းနေတယ်လို့ ယုံကြည်နေကြပါတယ်။ မြောက်ကိုရီးယားနိုင်ငံ အဏုမြူလက်နက်မပြန့်ပွားရေးစာချုပ်ကို ၁၉၈၅ ခုနှစ်မှာ ပါဝင်သဘောတူညီခဲ့မှုအပါအဝင် အခြားအဏုမြူဆိုင်ရာ သဘောတူညီချက်တွေမှာ ပါဝင်ခဲ့မှုနဲ့ ၂၀၀၃ ခုနှစ်ကနေ ၂၀၀၉ ခုနှစ်အထိ ခြောက်နိုင်ငံဆွေးနွေးပွဲတွေ ကျင်းပပြုလုပ်ခဲ့မှုတွေဟာလည်း မြောက်ကိုရီးယားနိုင်ငံရဲ့ အဏုမြူနဲ့ ဒုံးကျည်အစီအစဉ်တွေ ရပ်တန့်သွားအောင် စွမ်းဆောင်နိုင်ခဲ့ခြင်း မရှိတာကိုလည်း တွေ့မြင်ခဲ့ကြရပါတယ်။

၂၀၁၃ ခုနှစ်ကနေ စတင်ပြုလုပ်ခဲ့တဲ့ စမ်းသပ်မှုတွေကြောင့် မြောက်ကိုရီးယားနိုင်ငံရဲ့ အဏုမြူနဲ့ ဒုံးကျည်အစီအစဉ်တွေဟာ သိသာထင်ရှားစွာပဲ တိုးတက်မှုတွေရရှိလာခဲ့ပြီး မြောက်ကိုရီးယားအစိုးရဟာ အခြားနိုင်ငံတွေနဲ့ အပေးအယူပြုလုပ်နိုင်တဲ့ အနေအထားအထိ ရောက်ရှိလာပြီလို့တောင် မှတ်ယူခဲ့ပါတယ်။ သတင်းများအရ မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျုံ အွန်းဟာ ကုလသမဂ္ဂရဲ့ဆုံးဖြတ်ချက်တွေကို လျစ်လျူရှုပြီး သူ့ရဲ့အစိုးရသက်တမ်းအတွင်းမှာ အဏုမြူစမ်းသပ်မှု စုစုပေါင်း (၄) ကြိမ်ပြုလုပ်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် စက်တင်ဘာလမှာ မြောက်ကိုရီးယားနိုင်ငံဟာ ပေါက်ကွဲပြင်းအားပမာဏတန်ချိန် ၁၀၀ ကနေ ၁၂၀ ကီလိုတန်အထိရှိတဲ့ ဟိုက်ဒရိုဂျင်ဗုံး စမ်းသပ်မှုကို

အမေရိကန်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံခေါင်းဆောင်များ ၂၀၁၈ ခုနှစ် ဇွန်လအတွင်း စင်ကာပူနိုင်ငံတွင် တွေ့ဆုံခဲ့ကြစဉ်။

ပြုလုပ်ခဲ့ပါတယ်။ အဲဒီနှစ် နိုဝင်ဘာလမှာလည်း အမေရိကန် နိုင်ငံရဲ့ကမ်းခြေအထိရောက်ရှိနိုင်မယ့် အဏုမြူ ထိပ်ဖူးတပ်ဆင်နိုင်တဲ့ ICBM အမျိုးအစား ဒုံးကျည်တစ်စင်းကို စမ်းသပ်ပစ်လွှတ်ခဲ့ပါတယ်။ အဲဒီစမ်းသပ်မှုတွေပြုလုပ်အပြီး ၂၀၁၈ ခုနှစ်၊ နှစ်သစ်ကူးမိန့်ခွန်းပြောကြားရာမှာ ခေါင်းဆောင် ကင်မ်ဂျုံအွန်းက နိုင်ငံရဲ့အဏုမြူတပ်ဖွဲ့တွေဟာ လိုအပ်တဲ့စွမ်းဆောင်ရည်တွေ ရရှိခဲ့ပြီးဖြစ်ကြောင်း၊ နောက်ထပ်စမ်းသပ်မှုတွေ ပြုလုပ်ရန် မလိုအပ်တော့ကြောင်း ထည့်သွင်းပြောကြားခဲ့ပါတယ်။

မြောက်ကိုရီးယားနိုင်ငံရဲ့ ရည်မှန်းချက်တွေ၊ လုပ်ဆောင်ချက်တွေဟာ ဒေသတွင်းမှာရှိတဲ့ အမေရိကန်နိုင်ငံရဲ့မဟာမိတ်တွေဖြစ်ကြတဲ့ ဂျပန်နဲ့ တောင်ကိုရီးယားနိုင်ငံတွေအပေါ် ခြိမ်းခြောက်လျက် ရှိနေပါတယ်။ ၁၉၅၃ ခုနှစ်မှာ တောင်-မြောက်ကိုရီးယား နှစ်နိုင်ငံအကြား အပစ်အခတ်ရပ်စဲမှုပြုလုပ်ပြီးနောက်ပိုင်း မြောက်ကိုရီးယားနိုင်ငံဟာ တောင်ကိုရီးယားနိုင်ငံအပေါ် ခြိမ်းခြောက်မှုတွေ အမျိုးမျိုးပြုလုပ်ခဲ့သလို ဒုံးကျည်တွေကိုလည်း တောင်ကိုရီးယားနိုင်ငံဘက် လှည့်ပြီး ချိန်ရွယ်မှုတွေလည်း ပြုလုပ်ထားပါတယ်။ ဂျပန်နိုင်ငံဆိုရင်လည်း ၁၉၉၈ ခုနှစ်လောက်ကစပြီး မြောက်ကိုရီးယားနိုင်ငံရဲ့ ဒုံးကျည်ပစ်ခတ်တိုက်ခိုက်နိုင်တဲ့ အကွာအဝေးအတွင်း ရောက်ရှိလာခဲ့ပြီး ကျွန်းတစ်ကျွန်းလုံး ရေထဲမြုပ်ပစ်မည်ဟူသော ခြိမ်းခြောက်မှုကိုလည်း ခံထားရပါတယ်။ မြောက်ကိုရီးယားနိုင်ငံက စမ်းသပ်ပစ်လွှတ်တဲ့ဒုံးကျည် အများအပြားဟာလည်း ဂျပန်နိုင်ငံအနားမှာ ကျရောက်လေ့ရှိပြီး နောက်ဆုံးပစ်လွှတ်ခဲ့တာကတော့ ၂၀၁၇ ခုနှစ် ဩဂုတ်လနဲ့ စက်တင်ဘာလအတွင်းတွေမှာ ဖြစ်ပါတယ်။ ဂျပန်ပြည်သူတွေအနေနဲ့လည်း ဒီခြိမ်းခြောက်မှုကို လက်တွေ့ရင်ဆိုင်ခံစားနေကြရတာဖြစ်ပါတယ်။

တည်ငြိမ်အေးချမ်းမှုမရှိတဲ့ ကိုရီးယားကျွန်းဆွယ်ဒေသဟာ တရုတ်နိုင်ငံနဲ့ ရုရှားနိုင်ငံတို့အတွက်လည်း စိန်ခေါ်မှုတွေရှိနေပါတယ်။ အကယ်၍များ မြောက်ကိုရီးယားအစိုးရ ပြိုလဲခဲ့သည်ရှိသော် မြောက်ကိုရီးယားနိုင်ငံမှ ဒုက္ခသည်များ တရုတ်နိုင်ငံတွင်း ဝင်ရောက်ခိုလှုံလာမှု၊ မြောက်ကိုရီးယားနိုင်ငံရဲ့ အဏုမြူလက်နက်များ လုံခြုံစိတ်ချမှုရှိနေစေဖို့ကိစ္စတွေဟာ အရှေ့မြောက်အာရှဒေသအတွက်သာမကပဲ အင်ဒို-ပစိဖိတ်ဒေသကြီးတစ်ခုလုံးအတွက် ကြီးမားတဲ့ခြိမ်းခြောက်မှုတွေ ဖြစ်နေပါတယ်။ မြောက်ကိုရီးယားနိုင်ငံရဲ့ အဏုမြူအစီအစဉ်တွေ၊ ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုတွေအပေါ် အစဉ်တစိုက်ဝေဖန်ပြောကြားလာခဲ့တဲ့ အမေရိကန်နိုင်ငံအတွက်လည်း ဒီအစီအစဉ်တွေဟာ နိုင်ငံအတွက် ခြိမ်းခြောက်မှုလို့ ခံယူထားပါတယ်။ အခုဆိုရင် စုံစမ်းမှုတွေအရ မြောက်ကိုရီးယားနိုင်ငံဟာ အမေရိကန်ရဲ့ ဒေသတွင်းမဟာမိတ်နိုင်ငံတွေကိုသာမက အမေရိကန်နိုင်ငံရဲ့ အနောက်ဘက်ကမ်းခြေအထိတိုင်အောင် ပစ်ခတ်တိုက်ခိုက်နိုင်တဲ့ တာဝေးပစ်ဒုံးကျည်ဖြစ်တဲ့ Hwasong-14 နဲ့ Hwasong-15 တွေကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ပြီးဖြစ်တယ်လို့ ယုံကြည်နေကြပါတယ်။

ကိုရီးယားကျွန်းဆွယ်မှာ ဖြစ်ပေါ်နေတဲ့ကိစ္စတွေဟာ အမေရိကန်နိုင်ငံရဲ့ဒေသတွင်း ဦးဆောင်မှုအခန်းကဏ္ဍကိုလည်း ထိခိုက်စေတယ်လို့ အမေရိကန်နိုင်ငံက ခံယူထားပါတယ်။ မြောက်ကိုရီးယားနိုင်ငံရဲ့ရန်စမှုကို တုံ့ပြန်နိုင်ဖို့ ဂျပန်နိုင်ငံနဲ့ တောင်ကိုရီးယားနိုင်ငံတွေက ရေးဆွဲချမှတ်ထားတဲ့ ကာကွယ်ရေးမဟာဗျူဟာတွေဟာ အမေရိကန်နိုင်ငံရဲ့ ကာကွယ်ရေးစွမ်းအားတွေအပေါ်မှာ ကာလတာရှည် အခြေခံထားခဲ့ကြတာဖြစ်ပါတယ်။ အကယ်၍များ အမေရိကန်နိုင်ငံနဲ့ မြောက်ကိုရီးယားနိုင်ငံအကြား သဘောတူညီချက်တစ်ခုခု ရရှိခဲ့သော် မြောက်ကိုရီးယားနိုင်ငံအနေနဲ့ တာဝေးပစ်ဒုံးကျည်အမျိုးအစားတွေကို ပယ်ဖျက်ပေးပြီး သူ့ဆီမှာ တာတိုပစ်ဒုံးကျည်တွေကိုတော့ ဆက်လက်ထိန်းသိမ်းထားမယ့် အနေအထားမှာရှိပါတယ်။ အဲဒီလို အခြေအနေမျိုး ဖြစ်လာခဲ့ရင် ဂျပန်နိုင်ငံနဲ့ တောင်ကိုရီးယားနိုင်ငံတို့ဟာလည်း လက်နက်အပြိုင်အဆိုင် တပ်ဆင်လာကြမှာ ဖြစ်သလို အမေရိကန်နိုင်ငံက သူတို့အပေါ်ထားရှိတဲ့ ကတိကဝတ်တွေ အပေါ်မှာလည်း ယုံကြည်မှု လျော့နည်းလာကြဖို့ ရှိပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နဲ့ မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျုံအွန်းတို့ ၂၀၁၈ ခုနှစ် ဇွန်လ ၁၂ ရက်နေ့က စင်ကာပူနိုင်ငံမှာ တွေ့ဆုံခဲ့တဲ့ သမိုင်းဝင်ထိပ်သီးဆွေးနွေးပွဲအပြီးမှာ ထုတ်ပြန်ခဲ့တဲ့ ပူးတွဲကြေညာချက်အရ မြောက်ကိုရီးယားနိုင်ငံရဲ့ အဏုမြူအစီအစဉ်တွေ ဖျက်သိမ်းရေး၊ ကိုရီးယားကျွန်းဆွယ်မှာ တင်းမာမှုတွေ လျော့ကျသွားရေး အလားအလာတွေကို ကမ္ဘာ့နိုင်ငံအများအပြားက အနီးကပ်စောင့်ကြည့် လေ့လာလျက်ရှိနေကြပါတယ်။ သို့သော်လည်း ထိပ်သီးဆွေးနွေးပွဲက ထွက်ပေါ်လာတဲ့ရလဒ်တွေကို လက်တွေ့အကောင်အထည်ဖော်မှုက အားရစရာအခြေအနေမှာ မရှိသေးတာကို တွေ့နေရပါတယ်။ ဒါကြောင့် မြောက်ကိုရီးယားနိုင်ငံရဲ့ အဏုမြူလက်နက်ပိုင်ဆိုင်ရေး ဆုံးဖြတ်ချက်၊ ဒေသတွင်းမှာရှိတဲ့ အဓိကနိုင်ငံတွေဖြစ်ကြတဲ့ တောင်ကိုရီးယား၊ ဂျပန်၊ တရုတ်နဲ့ ရုရှားနိုင်ငံတို့ရဲ့ အခန်းကဏ္ဍနဲ့ အကျိုးစီးပွားတွေ၊ အမေရိကန်နိုင်ငံရဲ့ လုံခြုံရေးစတဲ့ စိန်ခေါ်မှုတွေရဲ့ ဗဟိုချက်ဟာဒေသတွင်း ကာကွယ်ရေးမူဝါဒချမှတ်သူတွေအတွက် ဆက်လက်အလေးထားသွားရမယ့် အချက်တွေအဖြစ် ရှိနေဦးမှာဖြစ်ပါတယ်။

အရှေ့တရုတ်ပင်လယ်

ဒေသတွင်းမှာ အမေရိကန်နိုင်ငံရဲ့ လုံခြုံရေးအတွက် ဒုတိယအစိုးရိမ်ရဆုံးကိစ္စအဖြစ် သတ်မှတ်ထားတာက အရှေ့တရုတ်ပင်လယ် ဖြစ်ပါတယ်။ အရှေ့တရုတ်ပင်လယ်အတွင်းမှာ ဂျပန်နိုင်ငံနဲ့ တရုတ်နိုင်ငံအကြား ကာလရှည်ကြာ နယ်မြေပိုင်ဆိုင်မှု အငြင်းပွားနေတဲ့ လူနေထိုင်ခြင်းမရှိတဲ့ ဂျပန်အခေါ် ဆန်ကာကူကျွန်း (တရုတ်အခေါ် ကျောက်ယုကျွန်း) အရေးကိစ္စဟာ မကြာသေးတဲ့ ကာလတွေမှာ တင်းမာမှုတွေ မြင့်တက်ခဲ့ပါတယ်။ အဲဒီ အငြင်းပွား ကျွန်းစုအပေါ်မှာ ဂျပန်နိုင်ငံက ဒုတိယကမ္ဘာစစ်အပြီးကတည်းက ထိန်းသိမ်းထားခဲ့တဲ့အပေါ်မှာလည်း တရုတ်နိုင်ငံက ကန့်ကွက်လျက် ရှိနေပါတယ်။ ဒီအငြင်းပွားမှုမှာ တိုင်ဝမ်လည်းပါဝင်ပတ်သက်နေပြီး ကျွန်းပိုင်ဆိုင်မှုအပေါ်မှာ တရုတ်နိုင်ငံနည်းတူ သူလည်းပိုင်ဆိုင်ကြောင်း ထုတ်ဖော်ပြောကြားထားပါတယ်။ အငြင်းပွားမှုတွေဟာ ၂၀၁၃ ခုနှစ်မှာ ဂျပန်နိုင်ငံက ကျွန်းကို နိုင်ငံပိုင်အဖြစ် သတ်မှတ်ဆောင်ရွက်လိုက်ပြီးနောက်ပိုင်း ပိုမိုမြင့်မားလာခဲ့ပါတယ်။

အဲဒီကျွန်းရဲ့တည်နေရာအရ တရုတ်ပြည်မကြီး၊ တိုင်ဝမ်နဲ့ ဂျပန်က အိုကီနာဝါတို့အကြား နီးကပ်စွာတည်ရှိနေမှုကြောင့် အငြင်းပွားမှုတွေဟာ ပဋိပက္ခအသွင်ပြောင်းသွားနိုင်တဲ့ အန္တရာယ်လည်း ရှိနေပါတယ်။ သမိုင်းကြောင်းအရ ရန်လိုမုန်းတီးမှုတွေရှိနေတဲ့ တရုတ်နိုင်ငံနဲ့ ဂျပန်နိုင်ငံတို့ဟာ သူတို့ရဲ့စီးပွားရေးနဲ့အမျိုးသားရေး အင်အားအတွက် လောင်စာနဲ့စွမ်းအင်တွေကို ပြည်ပနိုင်ငံတွေကနေ အများအပြား တင်သွင်းနေကြရတာ ဖြစ်ပါတယ်။

စာမျက်နှာ ၁၉ သို့

"တည်ငြိမ်အေးချမ်းမှုမရှိတဲ့ ကိုရီးယားကျွန်းဆွယ်ဒေသဟာ တရုတ်နိုင်ငံနဲ့ ရုရှားနိုင်ငံတို့အတွက်လည်း စိန်ခေါ်မှုတွေရှိနေပါတယ်။ အကယ်၍များ မြောက်ကိုရီးယားအစိုးရ ပြိုလဲခဲ့သည်ရှိသော် မြောက်ကိုရီးယားနိုင်ငံမှ ဒုက္ခသည်များ တရုတ်နိုင်ငံတွင်း ဝင်ရောက်ခိုလှုံလာမှု၊ မြောက်ကိုရီးယားနိုင်ငံရဲ့ အဏုမြူလက်နက်များ လုံခြုံစိတ်ချမှုရှိနေစေဖို့ ကိစ္စတွေဟာ အရှေ့မြောက် အာရှဒေသအတွက်သာမကပဲ အင်ဒို-ပစိဖိတ် ဒေသကြီးတစ်ခုလုံးအတွက် ကြီးမားတဲ့ခြိမ်းခြောက်မှုတွေ ဖြစ်နေပါတယ်။ မြောက်ကိုရီးယားနိုင်ငံရဲ့အဏုမြူအစီအစဉ်တွေ၊ ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုတွေအပေါ် အစဉ်တစိုက်ဝေဖန်ပြောကြားလာခဲ့တဲ့ အမေရိကန်နိုင်ငံအတွက်လည်း ဒီအစီအစဉ်တွေဟာ နိုင်ငံအတွက် ခြိမ်းခြောက်မှုလို့ ခံယူထားပါတယ်"

စာမျက်နှာ ၁၈ မှ

အရှေ့တရုတ်ပင်လယ်အတွင်းမှာ တိုင်းတာတွက်ချက်မှုတွေအရ ခန့်မှန်းခြေအားဖြင့် ရေနံစိမ်း စည်ပေါင်း သန်း၂၀၀ ပမာဏရှိတဲ့ ရေနံသိုက်ကြီးတွေ ရှိနေတယ်ဆိုတဲ့ အချက်ဟာ နှစ်နိုင်ငံစလုံးအတွက် ကျွန်းပိုင်ဆိုင်မှုအပေါ် ဘယ်လိုနည်းနဲ့မှ အလျှော့ပေးစရာအကြောင်းတွေ ထွက်ပေါ်လာစရာ မရှိနိုင်ပါဘူး။

အရှေ့တရုတ်ပင်လယ်အတွင်း ဆန်ကာကူကျွန်း (ခေါ်) ကျောက်ယုကျွန်း ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ဂျပန်နှင့် တရုတ်နိုင်ငံအကြား အငြင်းပွားလျက်ရှိသည်။

တောင်တရုတ်ပင်လယ်အတွင်း နယ်မြေပိုင်ဆိုင်မှု အငြင်းပွားမှု အခြေအနေပြ မြေပုံ။

အခုအချိန်အထိတော့ တရုတ်နိုင်ငံဟာ အရှေ့တရုတ်ပင်လယ်အတွင်းမှာ နယ်မြေပိုင်ဆိုင်မှု အငြင်းပွားမှုနဲ့ပတ်သက်ပြီး ဂျပန်နိုင်ငံနဲ့သော်လည်းကောင်း၊ အမေရိကန်နိုင်ငံနဲ့သော်လည်းကောင်း၊ စစ်ရေးအရ ပဋိပက္ခဖြစ်စေမယ့် ဆောင်ရွက်မှုမျိုးပြုလုပ်တာမျိုးမရှိတာကိုလည်း တွေ့မြင်နိုင်ပါတယ်။ တရုတ်နိုင်ငံရဲ့ ကိုင်တွယ်ဆောင်ရွက်မှုနည်းလမ်းက အငြင်းပွားနေတဲ့ ကျွန်းရဲ့အနီးတစ်ဝိုက်ကို တရုတ်ရေတပ်မတော်ရဲ့ သင်္ဘောတွေစေလွှတ်ခြင်းဖြင့် ဂျပန်နိုင်ငံက ကျွန်းအပေါ်မှာ အုပ်ချုပ်ရေးအရ ထိန်းချုပ်ထားနိုင်ခြင်းမရှိအောင် ဆောင်ရွက်ခြင်းဖြင့် ဂျပန်နိုင်ငံအပေါ် အမြင့်ဆုံးဖိအားပေးတဲ့ နည်းလမ်းကို အသုံးပြုလျက်ရှိပါတယ်။ သို့သော်လည်းတရုတ်-ဂျပန် နှစ်နိုင်ငံအကြားမှာ ၂၀၁၈ ခုနှစ် မေလအတွင်း ကျွန်းကိစ္စနဲ့ပတ်သက်ပြီး အထင်အမြင် လွဲမှားမှုတွေကတစ်ဆင့် ပဋိပက္ခအဆင့် မရောက်ရှိစေရေးအတွက် ဆက်သွယ်ရေးလုပ်ငန်းစဉ်တစ်ရပ် ထူထောင်နိုင်ခဲ့ခြင်းကြောင့် ဆန်ကာကူကျွန်းကိစ္စဟာ နှစ်နိုင်ငံအကြားမှာ သိပ်စိုးရိမ်စရာမရှိတဲ့ တင်းမာမှုတစ်ခုအဖြစ်သာ ရေရှည်ဆက်လက်တည်ရှိနေမယ့်သဘောမှာရှိပါတယ်။

သို့သော်လည်း အကယ်၍ တရုတ်နိုင်ငံက လက်ရှိအနေအထားကနေ ပြောင်းလဲသွားစေဖို့ တစ်ဖက်သတ်ဆောင်ရွက်လာခဲ့မယ်ဆိုရင် ဂျပန်နိုင်ငံကလည်း ပြင်းထန်စွာ တုံ့ပြန်လာမယ့် အခြေအနေမှာရှိတဲ့အတွက် ဒေသတွင်းပဋိပက္ခအဖြစ် လျင်မြန်စွာရောက်ရှိလာပြီး အမေရိကန်နိုင်ငံရဲ့ ပါဝင်လာမှုကိုလည်း ဖြစ်ပေါ်လာစေမှာဖြစ်ပါတယ်။ ဒေသတွင်းမှာရှိတဲ့ ကျန်နိုင်ငံတွေအနေနဲ့ပဋိပက္ခမှာ ပါဝင်လာမယ့်အနေအထားမှာ မရှိသော်လည်း ပဋိပက္ခကနေ ထွက်ပေါ်လာမယ့် စီးပွားရေးနဲ့ ကုန်သွယ်ရေးအကျိုးဆက်တွေကိုတော့ မျှဝေခံစားကြရမှာ မလွဲမသွေဖြစ်ပါတယ်။ အမေရိကန်နိုင်ငံကတော့ ဆန်ကာကူကျွန်းကို ဂျပန်နိုင်ငံက ထိန်းချုပ်ထားတဲ့အတွက် ဒီကျွန်းဟာ အမေရိကန်-ဂျပန်နှစ်နိုင်ငံအကြား ချုပ်ဆိုထားတဲ့ အပြန်အလှန်အကာအကွယ်ပေးရေးဆိုင်ရာစာချုပ် (Mutual Security Treaty) နဲ့ အကျုံးဝင်တယ်လို့ ခံယူထားပါတယ်။ ဒါကြောင့် ကျွန်းပိုင်ဆိုင်မှု အငြင်းပွားမှုကနေ ဖြစ်ပေါ်လာနိုင်တဲ့ စစ်ပွဲတွေဟာ ဒီစာချုပ်ပါ ကတိကဝတ်တွေကို စမ်းသပ်မှုတွေဖြစ်လာနိုင်ပါတယ်။

တောင်တရုတ်ပင်လယ်အတွင်း တရုတ်နိုင်ငံ၏ နောက်ဆုံးပေါ် ဗုံးကြဲလေယာဉ်တစ်စင်း ဖြတ်ကျော်ပျံသန်းနေပုံ။

တောင်တရုတ်ပင်လယ်

ဒေသတွင်းမှာ အမေရိကန်နိုင်ငံရဲ့ လုံခြုံရေးအတွက် တတိယအစိုးရိမ်ရဆုံးကိစ္စကတော့ တောင်တရုတ်ပင်လယ်အရေးကိစ္စဖြစ်ပါတယ်။ ၁၉၆၉ ခုနှစ်မှာ လေ့လာတွေ့ရှိချက်အရ တောင်တရုတ်ပင်လယ်ဟာ ရေနံစိမ်း စည်ပေါင်း ၁၁ ဘီလီယံပမာဏရှိတဲ့ ရေနံသိုက်ကြီးတွေနဲ့ သဘာဝဓာတ်ငွေ့ ၁၉၀ ထရီလီယံ ကုဗပေရှိနိုင်ကြောင်း သိရှိလာခဲ့ပြီးနောက်ပိုင်း တောင်တရုတ်ပင်လယ်အတွင်းမှာ နယ်မြေပိုင်ဆိုင်မှု အငြင်းပွားမှုတွေဟာ အရှိန်မြင့်မားလာခဲ့ပါတယ်။ ဒီစွမ်းအင်ပမာဏဟာ ဒေသတွင်းမှာ စွမ်းအင်လုံခြုံမှုကို ပေးစွမ်းနိုင်တဲ့ အနေအထားမှာရှိတာကြောင့် ထုတ်ယူသုံးစွဲနိုင်ဖို့ နည်းလမ်းတွေလည်း ရှာဖွေလာကြပါတယ်။ တရုတ်နိုင်ငံဟာ တောင်တရုတ်ပင်လယ်အတွင်းမှာ သူတို့ပိုင်ဆိုင်ကြောင်းကြေညာထားတဲ့နယ်မြေကို အစက်အပြောက်မျဉ်း ကိုးစက်နဲ့သတ်မှတ်ထားပြီး တရုတ်သမ္မတ ရှီကျင့်ဖျင်ကလည်း တရုတ်နိုင်ငံရဲ့သမိုင်းကြောင်းအရ ပိုင်ဆိုင်လာခဲ့တဲ့ ပိုင်နက်နယ်မြေကို တစ်လက်မမှ စွန့်လွှတ်သွားမည်မဟုတ်ကြောင်း ပြောကြားထားရှိပါတယ်။ တောင်တရုတ်ပင်လယ်အတွင်းမှာ စပရက်လေကျွန်းစု (Spratley Islands) နေရာဟာ တရုတ်၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နဲ့ မလေးရှား လေးနိုင်ငံစလုံးက ပိုင်ဆိုင်ကြောင်း ကြေညာထားတဲ့ အတွက် တင်းမာမှုအမြင့်ဆုံးနေရာ တစ်နေရာဖြစ်ပါတယ်။

အခုလို နယ်မြေပိုင်ဆိုင်မှု အငြင်းပွားနေကြတဲ့နိုင်ငံတွေရဲ့ ကာကွယ်ရေးစွမ်းအားတွေကို နှိုင်းယှဉ်ကြည့်ရင် တရုတ်နိုင်ငံဟာ အဘက်ဘက်ကသာလွန်နေတာကိုလည်း တွေ့မြင်နိုင်ကြပါတယ်။ တောင်တရုတ်ပင်လယ်အတွင်းမှာ မိမိတို့ပိုင်ဆိုင်မှုကို ပိုမိုခိုင်မာလာစေဖို့ ကျွန်းစုတွေ၊ သဲသောင်ပြင်တွေမှာ နိုင်ငံအချို့ဟာ တည်ဆောက်မှုများပြုလုပ်ခြင်း၊ သင်္ဘောအပျက်များ ကမ်းထိုးခြင်းတို့ကို ပြုလုပ်လေ့ရှိကြပါတယ်။ တရုတ်နိုင်ငံဟာ အငြင်းပွားသန္တာကျောက်တန်း အချို့အနီးမှာ ပမာဏကြီးမားတဲ့လူလုပ်ကျွန်းတုတွေ တည်ဆောက်ပြီး အဲဒီကျွန်းတွေအပေါ်မှာ လေယာဉ်ပြေးလမ်းများ တည်ဆောက်ခြင်း၊ ထောက်လှမ်းရေး ရေဒါစနစ်များ တပ်ဆင်ခြင်း၊ စစ်လေယာဉ်များ၊ ဒုံးကျည်များ တပ်ဆင်ခြင်းတို့ကို ပြုလုပ်ခဲ့တယ်ဆိုပြီး အနောက်နိုင်ငံတွေက ကန့်ကွက်လျက်ရှိပါတယ်။ ၂၀၁၈ ခုနှစ် မေလအတွင်း အဆိုပါလူလုပ်ကျွန်းများအပေါ်မှာ တရုတ်နိုင်ငံက တာဝေးပုံးကြဲလေယာဉ်အမျိုးအစားဖြစ်တဲ့ H-6K လေယာဉ်ကို စမ်းသပ်ဆင်းသက်ခဲ့တယ်လို့လည်း ပြောကြားခဲ့ကြပါတယ်။

တရုတ်နိုင်ငံဟာ တောင်တရုတ်ပင်လယ်အတွင်းမှာ နိုင်ငံအားလုံးနဲ့သက်ဆိုင်တဲ့ ကိစ္စတစ်ခုအဖြစ် ပေါ်ထွက်လာခြင်းမှ ရှောင်ရှားနိုင်ဖို့ နယ်မြေအငြင်းပွားနေတဲ့ နိုင်ငံတစ်နိုင်ငံချင်းနဲ့လည်း နှစ်နိုင်ငံချင်း သဘောတူညီမှုရရှိအောင် ဖိအားပေး ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါတယ်။ အပြည်ပြည်ဆိုင်ရာဥပဒေတွေကို အသုံးချပြီး အငြင်းပွားမှုတွေကို ဖြေရှင်းဖို့ ကြိုးပမ်းမှုတွေဟာလည်း အချည်းနှီးသာဖြစ်ကြောင်း တွေ့မြင်ခဲ့ကြရပြီးဖြစ်ပါတယ်။ အသိသာအထင်ရှားဆုံး ဥပမာကတော့ ၂၀၁၆ ခုနှစ် ဇူလိုင်လအတွင်း နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့မှာ အခြေစိုက်တဲ့ အမြဲတမ်းအနုညာတခုံရုံး (Permanent Court of Arbitration) က ကုလသမဂ္ဂပင်လယ်ပြင်ဥပဒေကွန်ဗင်းရှင်းနဲ့အညီ ဖြေရှင်းခဲ့ရာမှာ တရုတ်နိုင်ငံရဲ့ အစက်အပြောက်မျဉ်း ကိုးခုနဲ့ သမိုင်းကြောင်းအရ နယ်မြေပိုင်ဆိုင်ကြောင်းကြေညာရန် အခွင့်အရေးမရှိကြောင်း ဆုံးဖြတ်ခဲ့မှုဖြစ်ပါတယ်။ တရုတ်နိုင်ငံကတော့ ဒီအမှုကိစ္စရဲ့တရားဝင်မှုအပေါ် ငြင်းဆန်ခဲ့ပြီး ခုံရုံးရဲ့ ကြားနာမှုတွေမှာ မပါဝင်ခဲ့သလို ဆုံးဖြတ်ချက်ကိုလည်း ငြင်းပယ်ခဲ့ပါတယ်။

တောင်တရုတ်ပင်လယ်မှာ နယ်မြေပိုင်ဆိုင်မှုအငြင်းပွားနေတဲ့အရေးကိစ္စဟာ နိုင်ငံအများအပြားပါဝင်နေပြီး အဲဒီနိုင်ငံတွေဟာ မိမိတို့ရဲ့ အကျိုးစီးပွား၊ ပိုင်ဆိုင်မှုနဲ့ အရင်းအမြစ်တွေအတွက် အလျှော့မပေးနိုင်ကြခြင်းကြောင့် အမယ်ဘုတ်ရဲ့ချည်ခင်လို ရှင်းရခက်နေပါတယ်။ အဲဒီအထဲကမှ တရုတ်နိုင်ငံဟာ အင်အားသာလွန်မှုကို အသုံးပြုပြီး လက်ရှိအနေအထားကလည်း ပြောင်းလဲအောင်၊ ပဋိပက္ခလည်း မဖြစ်ပွားအောင် ထိန်းညှိဆောင်ရွက်နေတာကို တွေ့နိုင်ပါတယ်။ တစ်ချိန်တည်းမှာပဲ တရုတ်နိုင်ငံဟာ ဒေသတွင်းက နိုင်ငံတွေနဲ့လည်း နှစ်နိုင်ငံချင်းအလိုက် ညှိနှိုင်းဖြေရှင်းခြင်းဖြင့် အာဆီယံအသင်းကြီးကိုလည်း သူ့ရဲ့အစီအစဉ်တွေကို ကန့်ကွက်လာမယ့် အုပ်စုတစ်စုဖြစ်မလာစေရေးကိုလည်း ဆောင်ရွက်နေပါတယ်။

စင်ကာပူနိုင်ငံနဲ့ မလေးရှားနိုင်ငံအကြားက မလက္ကာရေလက်ကြားဟာ တောင်တရုတ်ပင်လယ်နဲ့ အိန္ဒိယသမုဒ္ဒရာကို ဆက်သွယ်ပေးထားတဲ့ ပင်လယ်ရေကြောင်းသွားလာမှုအတွက် အသက်သွေးကြောကြီးဖြစ်ပါတယ်။ ဒေသရဲ့ ကုန်သွယ်မှုနဲ့ စွမ်းအင်တင်ပို့မှုပမာဏအများအပြားဟာ မလက္ကာရေလက်ကြားကို ဖြတ်သန်းသွားလာနေရပါတယ်။ ဒါကြောင့် ဒီနေရာမှာ မတည်မငြိမ်မှုတွေ ဖြစ်ပွားလာခဲ့ရင် အင်ဒို-ပစိဖိတ်ဒေသကြီးတစ်ခုလုံးအတွက် စီးပွားရေးနဲ့ ကုန်သွယ်ရေးအရ သိသာထင်ရှားတဲ့ အကျိုးဆက်တွေ မလွဲမသွေပေါ်ပေါက်လာမှာဖြစ်ပါတယ်။ အကယ်၍ ဒေသအတွင်းမှာ မတည်မငြိမ်ဖြစ်လာခဲ့သော် နိုင်ငံအနီးတစ်ဝိုက်က ရေလမ်းကြောင်းတွေအတွင်းမှာ အမေရိကန်နဲ့ မဟာမိတ်နိုင်ငံတွေရဲ့ စစ်သင်္ဘောတွေ လွတ်လပ်စွာ သွားလာလှုပ်ရှားလို့မရအောင် ပိတ်ဆို့ထားနိုင်တဲ့စွမ်းရည်ရရှိလာစေဖို့ တရုတ်နိုင်ငံက ကြိုးပမ်းလျက်ရှိပါတယ်။ ဒါကြောင့် တောင်တရုတ်ပင်လယ်အတွင်းမှာ တရုတ်နိုင်ငံက တည်ဆောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေတာဟာ အမေရိကန်နိုင်ငံရဲ့ အင်ဒို-ပစိဖိတ်ဒေသအတွင်း ဆက်လက်တည်ရှိမှုကို ခြိမ်းခြောက်လျက်ရှိတယ်လို့ အမေရိကန်နိုင်ငံက ယူဆပါတယ်။ ဒါ့ထက်ဆိုးတာက ဒေသတွင်းမှာရှိနေကြတဲ့ အမေရိကန်ရဲ့ မဟာမိတ်နိုင်ငံတွေရဲ့အမြင်မှာ အမေရိကန်ပြည်ထောင်စုရဲ့ နှေးကွေးပြီး နိုင်ငံရေး သဘောတရားပိုဆန်တဲ့ တုံ့ပြန်မှုတွေဟာ ဒီခြိမ်းခြောက်မှုကိုဖြေရှင်းနိုင်ဖို့ မလုံလောက်ဘူးလို့ ထင်မြင်ယူဆနေကြခြင်းဖြစ်ပါတယ်။

အမေရိကန်နိုင်ငံကတော့ တောင်တရုတ်ပင်လယ်အတွင်း နယ်မြေအငြင်းပွားမှုတွေမှာ ဘယ်သူ့ဘက်မှ မလိုက်သလို အပြည်ပြည်ဆိုင်ရာ ဥပဒေတွေဖြစ်စေ၊ နိုင်ငံတကာခုံရုံးရဲ့ဆုံးဖြတ်ချက်တွေကိုဖြစ်စေ အကောင်အထည်ဖော်ဖို့လည်း မဟုတ်ဘူးလို့ ပြောကြားထားပါတယ်။ လောလောဆယ် အနေအထားအရတော့ တောင်တရုတ်ပင်လယ်အတွင်းမှာ ပဋိပက္ခတွေဖြစ်ပွားလာဖို့ အခြေအနေတွေ မရှိသော်လည်း လက်ရှိအနေအထားကိုပြောင်းလဲဖို့ ကြိုးပမ်းအားထုတ်မှုတွေအပေါ် အမေရိကန်ပြည်ထောင်စုရဲ့ တုံ့ပြန်မှုဟာ ဖိလစ်ပိုင်နိုင်ငံအပါအဝင် သူ့ရဲ့ ဒေသတွင်း မဟာမိတ်တွေအပေါ် ပေးထားတဲ့ ကတိကဝတ်တွေ၊ လွတ်လပ်ပြီးပွင့်လင်းတဲ့ အင်ဒို-ပစိဖိတ်ဒေသ ဖြစ်လာစေရေးအတွက် ပေးထားတဲ့ ကတိကဝတ်တွေအပေါ် မေးခွန်းထုတ်လာကြမယ့် အနေအထားမှာ ရှိနေပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

ယခုဆောင်းပါးတွင် ဖော်ပြထားသည့်အချက်အလက်များသည် စာရေးသူအပါအဝင် လူပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ရပ်၏ သဘောထားအမြင်ကို ထင်ဟပ်ခြင်းမရှိဘဲ သက်ဆိုင်ရာနိုင်ငံများ၏ မူဝါဒများ၊ အယူအဆများကို လေ့လာရေးသားထားခြင်းသာဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

(စာရေးသူ)

မင်္ဂလာမူဆယ် နှစ်လည်မဂ္ဂဇင်း အမှတ် (၃) ထုတ်ဝေအောင်မြင်ခြင်းအထိမ်းအမှတ် စာရေးဆရာများအား ဂုဏ်ပြု

မူဆယ် မတ် ၄

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင်မူဆယ်မြို့၌ မင်္ဂလာမူဆယ်နှစ်လည်မဂ္ဂဇင်း အမှတ်(၃)ထုတ်ဝေအောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မူဆယ်မြို့နယ်အတွင်းရှိ စာရေးဆရာများအား ဂုဏ်ပြုပွဲကို ယမန်နေ့က ခန့်မူဆယ်နယ်ပူးစတားလိုက်ဆောက်လုပ်ရေးကုမ္ပဏီအစည်းအဝေးခန်းမဆောင်၌ ကျင်းပခဲ့သည်။

အဆိုပါဂုဏ်ပြုပွဲကို မူဆယ်မြို့နယ်အတွင်းရှိ စာရေးဆရာများ၊ သတင်းစာဆရာများ၊ ကာတွန်းပန်းချီနှင့် ဓာတ်ပုံဆရာများ တက်ရောက်ခဲ့သည်။ အဆိုပါမဂ္ဂဇင်းသည် မူဆယ်ခရိုင်အတွင်းရှိ စီးပွားရေး၊လူမှုရေး၊ ဒေသဖွံ့ဖြိုးရေး၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများအပါအဝင် သုတရသစုံပါဝင်ပြီး နှစ်စဉ်ထုတ်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သန့်ဇင် (မူဆယ်)

စစ်ကိုင်းမြို့၌ ဂျပန်-မြန်မာ အသေးစား၊အလတ်စား စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပ

စစ်ကိုင်း မတ် ၄

စစ်ကိုင်းမြို့တွင် ဂျပန်-မြန်မာ အသေးစား၊ အလတ်စား စီးပွားရေးဆိုင်ရာ ဆွေးနွေးဖလှယ်ပွဲ အခမ်းအနားကို မတ် ၂ ရက်က စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့ကြောင်း စစ်ကိုင်းခရိုင်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (SDCCI) မှ သိရသည်။

အဆိုပါ ဆွေးနွေးပွဲကို စစ်ကိုင်းခရိုင် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းမှ ကြီးမှူး၍ ကျင်းပခြင်းဖြစ်ပြီး ဆွေးနွေးပွဲတွင် ခရီးသွားလုပ်ငန်းနှင့်ပတ်သက်သည့်ကဏ္ဍ၊ ငွေကြေးထောက်ပံ့မည့်လုပ်ငန်းနှင့် ပတ်သက်သည့်ကဏ္ဍ၊ စိုက်ပျိုးရေးနှင့် ပတ်သက်သည့် နည်းပညာကဏ္ဍ၊ ဒေသဆိုင်ရာစွမ်းအင်နှင့် ပတ်သက်သည့်ကဏ္ဍ၊ ပညာရေးကဏ္ဍ စသည့်ကဏ္ဍများကို စစ်ကိုင်းမြို့မှ လုပ်ငန်းရှင်များနှင့် ဂျပန်နိုင်ငံမှ လုပ်ငန်းရှင်များက ဆွေးနွေးဖလှယ်ခဲ့ကြောင်း သိရသည်။

စီးပွားရေးအခွင့်အလမ်းတွေ ပေါ်ပေါက်စေချင်

"စစ်ကိုင်းခရိုင်ကို ဖွံ့ဖြိုးတိုးတက်စေချင်ပါတယ်။ အဓိကကတော့ စီးပွားရေးအခွင့်အလမ်းတွေ ပေါ်ပေါက်စေချင်လို့ပါ။ စစ်ကိုင်းက ကုန်သည်ကြီးတွေကို တွေ့ဆုံဆွေးနွေးပြီးတော့မှ စီးပွားရေးအလားအလာတွေ တိုးတက်ဖို့ စီစဉ်ကျင်းပရခြင်းဖြစ်ပါတယ်။ ဆွေးနွေးပွဲမှာ ခရီးသွားလုပ်ငန်းတွေ၊ ငွေကြေးထောက်ပံ့မယ့် လုပ်ငန်းတွေ၊စိုက်ပျိုးရေးနဲ့ ပတ်သက်တဲ့ နည်းပညာကဏ္ဍတွေ၊ ဒေသဆိုင်ရာ စွမ်းအင်နဲ့ ပတ်သက်တာတွေ၊ပညာရေးနဲ့ ပတ်သက်တဲ့ကဏ္ဍတွေ ဆွေးနွေးကြမှာ ဖြစ်ပါတယ်" ဟု ခရိုင်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ ဦးမြင့်သန်းက ပြောသည်။

ဆွေးနွေးပွဲသို့ ဂျပန် - မြန်မာစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (JMEIC) မှ တာဝန်ရှိသူများ၊ ခရိုင်အတွင်းရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ စစ်ကိုင်းမြို့အတွင်းရှိ တက္ကသိုလ်များမှ ပါမောက္ခများ၊ စစ်ကိုင်းမြို့ရှိ လုပ်ငန်းရှင်များ စသည့်ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

ကိုမင်း (အင်းတော်)

ရခိုင်တိုင်းရင်းသားတို့ ဌာနေ စစ်တွေခရိုင်သို့

မောင်သာ(ရှေးဟောင်းသုတေသန)၊ ဓာတ်ပုံ ဇေယျာထွန်း(Sterling Travels and Tours)

ယဉ်ကျေးမှု အစဉ်အလာကြီးမားခဲ့သည့် ရခိုင်တိုင်းရင်းသားများ နေထိုင်သည့် ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ပိုင်းတွင် တည်ရှိသည်။ သမိုင်းတစ်လျှောက် မြန်မာဘုရင်များနှင့် ခေတ်ပြိုင်နန်းပြိုင် မြို့ပြများတည်ထောင်ခဲ့သည့် ရခိုင်ပြည်နယ်တွင် ဒြပ်ရှိ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များစွာ ကျန်ရှိနေသည့်အနက် မြောက်ဦး ရှေးဟောင်းနယ်မြေကို ယူနက်စကို အဖွဲ့သို့ ကမ္ဘာ့ အမွေအနှစ်ဒေသအမည်စာရင်း တင်သွင်းရန် နိုင်ငံတော်အစိုးရက စီစဉ်လျက်ရှိသည်။

ရခိုင်ပြည်နယ်ကို ခရိုင် ငါးခရိုင်၊ မြို့နယ် ၁၇ မြို့နယ်ဖြင့် ဖွဲ့စည်းထားကာ ပြည်နယ်မြို့တော်သည် စစ်တွေမြို့ဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာခဲ့သဖြင့် ယခင်က ရေလမ်းဖြင့်သာ အဓိက သွားရောက်နိုင်သည့် ရခိုင်ပြည်နယ်သို့ ယခုအခါတွင် ကုန်းလမ်းခရီးဖြင့် လျင်မြန်လွယ်ကူစွာ သွားရောက်နိုင်ကြပြီဖြစ်သည်။ စစ်တွေနှင့် သံတွဲမြို့သို့ ယခင်ကပင် လေကြောင်းခရီးဖြင့် သွားလာနိုင်ခဲ့သည်။

ပြည်နယ်မြို့တော် စစ်တွေ

ပြည်ထဲရေးဝန်ကြီးဌာန၏ မှတ်တမ်းများအရ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲဖြစ်ပွားပြီးနောက်၁၈၂၆ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်တွင် ရခိုင်ဒေသသည် ဗြိတိသျှတို့ လက်အောက်သို့ ကျရောက်ခဲ့သည်။ ဗြိတိသျှတို့သည်အစောပိုင်းတွင် မြောက်ဦး၌ အခြေချကာ အုပ်ချုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့သော်လည်း ၁၈၃၆ ခုနှစ်တွင် အချက်အချာပိုမိုကောင်းမွန်သည့် စစ်တွေမြို့သို့ ပြောင်းရွှေ့ရုံးစိုက်ခဲ့သည်။

စစ်တွေမြို့သည် ကုလားတန်မြစ်ဝနှင့် မယူမြစ်ဝတို့ ဆုံသည့် နေရာတွင်ရှိသဖြင့် ပင်လယ်လေ ကောင်းစွာရရှိပြီး စစ်ရေးအရ အချက်အချာကျသည့် နေရာလည်းဖြစ်သည်။ ရှေးယခင်က စစ်တွေမြို့နေရာတွင် စခန်းချခဲ့သည့် စစ်တဲကြီးကို အစွဲပြု၍ စစ်တဲမှ စစ်တေး၊ စစ်တွေဟု အဆင့်ဆင့်ပြောင်းလဲခဲ့သည်ဟု ဆိုသည်။ စစ်တွေမြို့၏ အနောက်ဘက် နှစ်မိုင် အကွာ၌ အာကျပ်တော်ကုန်းရှိသဖြင့် ဗြိတိသျှတို့သည် စစ်တွေမြို့ကို ထူထောင်ပြီးနောက် အာကျပ်(ဗုပဘေ) ဟု ခေါ်ဆိုခဲ့ကြသည်။

စစ်တွေမြို့နယ်သည် အရှေ့မှ အနောက်သို့ ၉ ဒသမ ၈၈ မိုင်၊ တောင်မှမြောက်သို့ ၁၃ ဒသမ ၂၄ မိုင်ရှည်လျားပြီး စစ်တွေမြို့၏ အကျယ်အဝန်းသည် ခြောက်စတုရန်းမိုင်ဖြစ်သည်။ စစ်တွေမြို့၏ အရှေ့ဘက်တွင် ပေါက်တောမြို့နယ်နှင့် ကုလားတန်မြစ်၊ အနောက်ဘက်နှင့် တောင်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ မြောက်ဘက်တွင် ပုဏ္ဏားကျွန်းမြို့နယ်နှင့် ရသေ့တောင် မြို့နယ်တို့ တည်ရှိနေသည်။

စစ်တွေမြို့နယ်သည် တောင်ကုန်းတောင်တန်းများမရှိသည့် မြေမျက်နှာပြင်ညီညာသည့် ပင်လယ်ကမ်းခြေ ဒေသ ဖြစ်ကာ ပင်လယ်ရေမျက်နှာပြင် အထက် ၁၅ ပေသာမြင့်သည်။ ပူအိုက်စွတ်စိုသော ရာသီဥတုရှိပြီး လေးနှစ်အတွင်း ဆောင်းရာသီတွင်အနိမ့်ဆုံး အပူချိန်သည် ၁၃ ဒသမ ၇ ဒီဂရီ စင်တီဂရိတ်ဖြစ်၍ နွေရာသီ အမြင့်ဆုံးအပူချိန်သည် ၃၄ ဒသမ ၅ ဒီဂရီ စင်တီဂရိတ်ဖြစ်သည်။ စစ်တွေမြို့နယ်တွင် နှစ်စဉ် မိုးရေချိန် လက်မ ၂၀၀ ကျော်ရွာသွန်းခဲ့သော်လည်း ၂၀၁၇ ခုနှစ်တွင် မိုးရေချိန် ၄၈ လက်မသာ ရွာသွန်းခဲ့သည်။

၂၀၁၇ ခုနှစ် မတ်လတွင် ထုတ်ပြန်သည့် စာရင်းများအရ စစ်တွေမြို့နယ်ကို ရပ်ကွက် ၃၃ ခု၊ ကျေးရွာအုပ်စု ၂၇ အုပ်စု၊ ကျေးရွာ ၈၇ ရွာဖြင့် ဖွဲ့စည်းထား၍ မြို့နယ် လူဦးရေ ၂၂၉၃၇၆ ဦးအနက် ရခိုင်တိုင်းရင်းသားများက ၁၃၆၈၆၉ ဦးရှိကာ အများဆုံးဖြစ်သည်။

စစ်တွေမြို့တွင် လေယာဉ်ကွင်းတစ်ခု၊ ရဟတ်ယာဉ်ကွင်း ခြောက်ခုနှင့် သင်္ဘောဆိပ်များရှိကာ လေယာဉ်ကွင်းရှိသော မြို့များသို့ လေယာဉ်ဖြင့် သွားရောက်နိုင်သကဲ့သို့ ရေကြောင်းခရီးဖြင့် ရေမိုင် ၈၀ ကွာဝေးသည့် ဘူးသီးတောင်၊ ရေမိုင် ၄၀ ကွာဝေးသည့် ရသေ့တောင်၊ မြောက်ဦး၊ မင်းပြား၊ ရေမိုင် ၁၆ မိုင်ကွာဝေးသည့် ပုဏ္ဏားကျွန်း၊ ရေမိုင် ၁၂၈ မိုင်ကွာဝေးသည့် ကျောက်ဖြူ၊ ရေမိုင် ၂၂၄ မိုင်ကွာဝေးသည့် တောင်ကုတ်၊ မာန်အောင်၊ ရေမိုင် ၁၇၆ မိုင်ကွာဝေးသည့် ရမ်းဗြဲ၊ ရေမိုင် ၇၀ ကွာဝေးသည့်ကျောက်တော်၊ ရေမိုင် ၆၄ မိုင်ကွာဝေးသည့် မြေပုံနှင့်ရေမိုင် ၁၆ မိုင်ကွာဝေးသည့် ပေါက်တောမြို့တို့သို့ သွားရောက်နိုင်သည်။ ယခုအခါတွင်ရန်ကုန်မြို့မှ ၅၃၄ မိုင်ကွာဝေးသည့် စစ်တွေမြို့သို့ မော်တော်ကားဖြင့် တိုက်ရိုက်သွားနိုင်ပြီဖြစ်သည်။

စီးပွားရေးကောင်းမွန်သော စစ်တွေမြို့တွင် အဓိက ရောင်းဝယ်ဖောက်ကားနေသည့် ဈေးကြီး နှစ်ခုမှာ ဆိုင်ခန်း ၈၂၆ ခန်းရှိသည့် မြို့မဈေးကြီးနှင့် ဆိုင်ခန်း ၁၄၄ ခန်းရှိသည့် မေယုဈေးတို့ဖြစ်ကြသည်။

စစ်တွေမြို့၌ စစ်တွေတက္ကသိုလ်၊ စစ်တွေနည်းပညာတက္ကသိုလ်နှင့် စစ်တွေကွန်ပျူတာ တက္ကသိုလ်တို့ကို ဖွင့်လှစ်ထားကာ မြို့နယ်အတွင်း၌ အထက်တန်းကျောင်း ရှစ်ကျောင်း၊ အထက်တန်းကျောင်းခွဲ ခြောက်ကျောင်း၊ အလယ်တန်းကျောင်း ခြောက်ကျောင်း အပါအဝင် အလယ်တန်းကျောင်းခွဲများ၊ မူလတန်းကျောင်းများ၊ မူလတန်းလွန်ကျောင်းများ၊ မူလတန်းကြို ကျောင်းများကို ဖွင့်လှစ်ထားသည်။

မြို့နယ်အတွင်းနေထိုင်ကြသည့် ပြည်သူများအား ခုတင် ၅၀၀ ဆံ့ ပြည်နယ်အစိုးရဆေးရုံကြီးနှင့် ၁၆ ခုတင်ဆံ့ ဆေးရုံတစ်ရုံ၊ အနာကြီးရောဂါ၊ အဆုတ်ရောဂါနှင့်ငှက်ဖျား ရောဂါကုဆေးခန်းသုံးခန်း၊ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၄ ခုတို့က ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

စစ်တွေမြို့နယ်အတွင်း ဘုရားစေတီ ၁၀ ဆူ၊ ဘုန်းကြီးကျောင်း ၁၇၂ ကျောင်း၊သီလရှင်ကျောင်း လေးကျောင်း ရှိကာ ၂၀၁၇ ခုနှစ် စာရင်းများအရ ရဟန်းအပါး ၁၀၃၀၊ သာမဏေ ၁၆၉၉ ပါးနှင့် သီလရှင် အပါး ၂၄၀ သီတင်းသုံးလျက်ရှိနေသည်။ စစ်တွေကန်တော်ကြီး၊ ကိုးနဝင်း အေးစေတီ၊ လက်ဝဲ သလုံးတော်ဓာတ်စေတီ၊ လောကနန္ဒာစေတီ၊ သကျမုနိ သံကျောင်း ဘုရားကြီးနှင့် အတုလမာရဇိန် ပြည်လုံးချမ်းသာ ဘုရားတို့သည် အထင်ရှားဆုံးဖြစ်သည်။ စစ်တွေမြို့ ရှုခင်းသာနေရာတွင် မြန်မာနိုင်ငံ၏ ပထမဆုံးမီးပြတိုက်မျှော်စင်ကို ၁၈၄၄ ခုနှစ်တွင်တည်ဆောက်ခဲ့သည်။

စစ်တွေသည် ရခိုင်ပြည်နယ်မြို့တော်ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ကာ အခြေခံအဆောက်အအုံများ ပြည့်စုံသဖြင့် ရခိုင်ပြည်နယ်၏ အစည်ကား အဖွံ့ဖြိုးဆုံးမြို့ဖြစ်ပေသည်။

ပုဏ္ဏားကျွန်း

စစ်တွေခရိုင်ကို စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်နှင့် ပေါက်တောမြို့နယ်များဖြင့် ဖွဲ့စည်းထားရာ ပုဏ္ဏားကျွန်းမြို့နယ်သည် ကုလားတန်မြစ်၏ လက်ဝဲဘက်တွင်တည်ရှိသည်။ ပုဏ္ဏားကျွန်းသည် စစ်တွေမှ မော်တော်ကားလမ်းဖြင့် ၂၁ မိုင်သာ ကွာဝေးသည်။

ရှေးအခါက မြောက်ဦးမှ အခါတော်ဆက် ပုဏ္ဏားများကို အမျိုးရောယှက်မှုမရှိစေရန် နေထိုင်ခွင့်ပြုခဲ့သည့် နေရာသည် ပုဏ္ဏားကျွန်းဟု အမည်တွင်ခဲ့သည်ဟု ဆိုကြသည်။ပုဏ္ဏားကျွန်းသည် ရခိုင်ဘုရင်များ လက်ထက်က ဦးရာဇ်တောင်မြို့ဟု ထင်ရှားခဲ့ကာ ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲပြီးဆုံးပြီး ခရစ်နှစ် ၁၈၇၇ ခုနှစ်၊ ဧပြီလ ၁ ရက်တွင် ရသေ့တောင်မြို့နယ်ခွဲဖြစ်ခဲ့ပြီး ၁၉၀၁ ခုနှစ် ဇူလိုင်လ ၁ ရက်တွင် ကျောက်တော်မြို့နယ်ခွဲဖြစ်ခဲ့သည်။ ထိုစဉ်က ပုဏ္ဏားကျွန်းသည် ဦးရာဇ်တောင် စေတီတော်ခြေရင်းရှိ မင်းဂံနှင့် နတ်ဆိတ်မ ရွာအနီး၌ တည်ရှိခဲ့သည်။

ဦးရာဇ်တောင်မြို့သည် ၁၈၆၈ ခုနှစ် အောက်တိုဘာလ ၂၃ ရက် (မြန်မာသက္ကရာဇ် ၁၂၃၀ ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၉ ရက်)တွင် မုန်တိုင်းဒဏ်ကြောင့် များစွာပျက်စီးခဲ့သဖြင့် ယခု ပုဏ္ဏားကျွန်းမြို့နေရာသို့ ပြောင်းရွှေ့ခဲ့သည်။

ပုဏ္ဏားကျွန်းမြို့နယ်သည် အရှေ့မှ အနောက်သို့ ၂၁ မိုင်၊ တောင်မှမြောက်သို့ ၅၅ မိုင်ရှည်လျားကာ ပုဏ္ဏားကျွန်းမြို့၏ အကျယ်အဝန်းသည် သုည ဒသမ ၅၂ စတုရန်းမိုင်သာရှိသည်။ ပုဏ္ဏားကျွန်းမြို့၏ အရှေ့ဘက်တွင် ပေါက်တောမြို့နယ်နှင့် မြောက်ဦးမြို့နယ်၊ အနောက်ဘက်တွင် ရသေ့တောင်မြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်၊ တောင်ဘက်တွင် စစ်တွေမြို့နယ်၊ မြောက်ဘက်တွင် ရသေ့တောင်မြို့နယ်တို့ တည်ရှိနေသည်။

ပုဏ္ဏားကျွန်းသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၀ မြင့်၍ မြို့နယ်မြောက်ပိုင်းသည် ကုန်းမြင့်ဒေသဖြစ်၍ မြို့နယ်တောင်ပိုင်းသည် မြေပြင် ညီညာသော လွင်ပြင်ဒေသဖြစ်သည်။ မြို့နယ်၏ ရာသီဥတုသည် ပူအိုက်စွတ်စိုသည့် မုတ်သုံ ရာသီဖြစ်ကာ အပူချိန်သည် ၁၃ ဒီဂရီ စင်တီဂရိတ်နှင့် ၃၆ ဒီဂရီစင်တီဂရိတ်အကြားဖြစ်သည်။

၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ထုတ်ပြန်သည့် စာရင်းများအရ ပုဏ္ဏားကျွန်းမြို့နယ်ကို ရပ်ကွက် လေးခု၊ ကျေးရွာအုပ်စု ၉၂ အုပ်စု၊ ကျေးရွာ ၁၉၃ ရွာဖြင့် ဖွဲ့စည်းထားကာမြို့နယ် လူဦးရေ ၂၁၃၇၈၄၅ ဦးအနက် ရခိုင်တိုင်းရင်းသားများက ၁၂၂၀၇၀ ရှိကာ အများဆုံးဖြစ်ပြီး မြို့နယ်လူဦးရေ ၉၈ ရာခိုင်နှုန်းသည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။

မြို့နယ်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန် ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံ တစ်ရုံနှင့် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ နှစ်ရုံ ဖွင့်ထားသည်။ ထို့အတူ အထက်တန်းကျောင်း ငါးကျောင်း၊ အထက်တန်းကျောင်းခွဲ ခုနစ်ကျောင်း အပါအဝင် အခြေခံပညာကျောင်းများကိုလည်း ဖွင့်လှစ်ထားသည်။

ပုဏ္ဏားကျွန်းမြို့နယ်အတွင်း၌ ဘုရားစေတီ ၁၁၅ ဆူ၊ ဘုန်းကြီးကျောင်း ၁၈၆ ကျောင်း၊သီလရှင်ကျောင်း ရှစ်ကျောင်းရှိကာ ၂၀၁၇ ခုနှစ် စာရင်းများအရ ရဟန်း ၃၈၈ ပါး၊ သာမဏေ ၄၆၅ ပါးနှင့် သီလရှင် ၃၃ ပါး သီတင်းသုံးလျက်ရှိနေသည်။ ပုဏ္ဏားကျွန်းမြို့နယ်တွင် စေတီရင်းကျေးရွာရှိ ဦးရာဇ်တောင်တော်စေတီ၊ ရွာဟောင်းရပ်ကွက်ရှိ စမြို့တော်ဓာတ်စေတီနှင့် ဂူဝဘုရားတို့သည် ထင်ရှားကြသည်။

ရသေ့တောင်

စစ်တွေမြို့၏ တောင်ဘက်တွင်တည်ရှိသည့် ရသေ့တောင်မြို့နယ်ကို ခရစ်နှစ် ၁၈၆၃ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ မြို့၏ မြောက်ဘက်ရှိ တောင်တွင် ရှေးအခါက ရသေ့ကိန်းအောင်းနေထိုင်ခဲ့ခြင်းကို အစွဲပြုလျက် ရသေ့တောင်ဟု အမည်တွင်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ် ဇူလိုင်လ ၂၅ ရက်တွင် ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်တို့ကို နယ်ခြားခရိုင် အုပ်ချုပ်ရေး အောက်သို့ ထည့်သွင်းခဲ့ပြီး ရသေ့တောင်မြို့နယ်အတွင်းမှ ကျေးရွာအုပ်စု ၂၉ အုပ်စုကို လွှဲပြောင်းပေးခဲ့ပြီး ၁၉၇၂ ခုနှစ်တွင် ယင်းကျေးရွာအုပ်စုများကို ရသေ့တောင်မြို့နယ် အောက်သို့ ပြန်လည်ထည့်သွင်းခဲ့သည်။

လက်ရှိရသေ့တောင်မြို့နယ်သည် အရှေ့မှ အနောက်သို့ ၁၂ မိုင်နှင့် တောင်မှမြောက်သို့ ၃၄ မိုင်ရှည်လျားကာ ရသေ့တောင်မြို့မှာမူ ၁ ဒသမ ၇၃ စတုရန်းမိုင်ကျယ်ဝန်း၍ အရှေ့ဘက်တွင် ပုဏ္ဏားကျွန်းမြို့နယ်၊ အနောက်ဘက်တွင် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်၊ တောင်ဘက်တွင် စစ်တွေမြို့နယ်၊ မြောက်ဘက်တွင် ဘူးသီးတောင်မြို့နယ်နှင့် နယ်နိမိတ်ဆက်စပ်နေသည်။ ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ထုတ်ပြန်သည့် စာရင်းများအရ ရသေ့တောင်မြို့နယ်ကို ရပ်ကွက် လေးခု၊ ကျေးရွာ အုပ်စု ၈၈ အုပ်စု၊ ကျေးရွာ ၁၉၆ ရွာဖြင့် ဖွဲ့စည်းထားကာ မြို့နယ် လူဦးရေ ၁၃၆၇၁၆ ဦးအနက် ရခိုင်တိုင်းရင်းသား ဦးရေသည် မြို့နယ်လူဦးရေ၏ ၉၂ ဒသမ ၁၉ ရာခိုင်နှုန်းဖြစ်သည့် ၁၂၅၇၉၅ ဦးဖြစ်သည်။ ရသေ့တောင်မြို့နယ်တွင် ဗုဒ္ဓဘာသာ ကိုးကွယ်သည့် လူဦးရေသည် ၁၂၇၃၁၇ ဦးဖြစ်သည်။

ရသေ့တောင်မြို့သည် မယူမြစ်ဝမှ မိုင် ၂၀ အကွာ လက်ယာဘက်ခြမ်းတွင်တည်ရှိပြီး မယူမြစ်သည် ရသေ့တောင်မြို့နယ်အတွင်း မြောက်မှတောင်သို့ ဖြတ်သန်းကာ ဘင်္ဂလားပင်လယ်အော်အတွင်းသို့ စီးဝင်လျက်ရှိသည်။ ရသေ့တောင် မြို့နယ်တွင်အငူမော်ကမ်းခြေနှင့် ဒုံးပိုက်ကမ်းခြေတို့ ရှိသော်လည်း ခရီးသွားများ လာရောက်လည်ပတ်မှု နည်းပါးသည်။

မြို့နယ်အတွင်း၌ အစိုးရအထက်တန်းကျောင်း ရှစ်ကျောင်း၊ အထက်တန်းကျောင်းခွဲ ငါးကျောင်း၊ အလယ်တန်းကျောင်း လေးကျောင်း၊ အလယ်တန်းကျောင်းခွဲ ၁၇ ကျောင်း အပါအဝင် အခြေခံပညာသင်ကျောင်းများ၊ ၂၅ ခုတင်ဆံ့ မြို့နယ်ဆေးရုံ၊ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ သုံးရုံတို့ ဖွင့်လှစ်ထားသည်။ဗုဒ္ဓဘာသာဆိုင်ရာ သာသနိက အဆောက်အအုံများဖြစ်သည့် ဘုရား၊ စေတီ၊ ပုထိုး ၈၇ ဆူနှင့် ဘုန်းကြီးကျောင်း ၂၀၀ ရှိကာ ရဟန်း ၃၁၅ ပါး၊ သာမဏေ ၄၆၁ ပါးနှင့် သီလရှင် အပါး ၂၀ သီတင်းသုံးလျက်ရှိသည်။

ရသေ့တောင်မြို့နယ်အတွင်း ထင်ရှားသည့် ဘုရား၊ စေတီ၊ ပုထိုးများတွင် ရသေ့တောင်မြို့ပေါ်ရှိ စေတီတောင်ဘုရား၊ ကဿပညီနောင် ရှင်တစ်ထောင်ဘုရားနှင့် သာစည်ထောင့်ကျေးရွာမှ ဗုဒ္ဓပါဒ ခြေတော်ရာစေတီတို့ ပါဝင်သည်။

ရသေ့တောင်မြို့နယ်နေပြည်သူများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းဖြင့် အဓိက အသက်မွေးကြကာ လမ်းပန်းဆက်သွယ်မှုခက်ခဲမှုများရှိနေသေးသဖြင့် စီးပွားရေး ဖွံ့ဖြိုးမှုနည်းပါးသည့် မြို့နယ်တစ်ခုဖြစ်ပေသည်။

ပေါက်တော

စစ်တွေမြို့၏ အရှေ့ဘက်တွင်တည်ရှိသည့် ပေါက်တောမြို့ကို ခရစ်နှစ် ၁၇၈၈ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ပြည်ထဲရေးဝန်ကြီးဌာန မှတ်တမ်းများအရ ရမ္မာဝတီ၊ ဇင်းချောင်းကျေးရွာမှ ရွာစားဦးစံဖြူအောင်နှင့် ဇနီး ဒေါ်မိလှမေသည် သရွဲကျေးရွာမှ ဦးမြဖော်အောင်၏ စားကျက်မြေကို ရခိုင်ဒင်္ဂါးငွေ ၃၀ ဖြင့်ဝယ်ယူကာ စားကျက်အတွင်း၌ ပေါက်ရောက်နေသည့် ပေါက်ပင်များကို ရှင်းလင်းကာ မြန်မာသက္ကရာဇ် ၁၁၄၆ ခုနှစ်(ခရစ်နှစ် ၁၇၈၈ ခုနှစ်) တွင်သရွဲပေါက်တောရွာကို တည်ခဲ့သည်။

ယင်းနေရာ၌ ပေါက်ပင်များသည် တောသဖွယ်ဖြစ်နေခဲ့သဖြင့် ပေါက်တောဟု အမည်တွင်ခဲ့သည်။

ဗြိတိသျှအစိုးရသည် ရေလမ်းအချက်အချာကျသည့် သရွဲပေါက်တောရွာကို ခရစ်နှစ် ၁၈၉၈ ခုနှစ်တွင် မြို့ပိုင်ရုံးထိုင်သည့် မြို့ဟု သတ်မှတ်၍ ပေါက်တောမြို့ဟု ခေါ်တွင်ခဲ့သည်။ တော်လှန်ရေးကောင်စီ အစိုးရလက်ထက် ၁၉၇၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်တွင် ပေါက်တောကို (ခ) အဆင့်မြို့နယ်အဖြစ် သတ်မှတ်ခဲ့သည်။

ပေါက်တောမြို့နယ်သည် အရှေ့မှ အနောက်သို့ ၁၉ မိုင်၊ တောင်မှ မြောက်သို့ မိုင် ၄၀ ရှည်လျား၍ ပေါက်တောမြို့မှာမူ သုည ဒသမ ၁၄ စတုရန်းမိုင်သာ ကျယ်ဝန်းသည်။ပေါက်တောမြို့သည် စစ်တွေမြို့နယ်နှင့် ပုဏ္ဏားကျွန်းမြို့နယ်၏ အရှေ့ဘက်၊ မင်းပြားမြို့နယ်၏ အနောက်ဘက်၊ မြောက်ဦးမြို့နယ်၏ တောင်ဘက်တွင်တည်ရှိနေသည်။ပေါက်တောမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၁၁ ပေသာမြင့်ကာ မြို့နယ်တောင်ဘက်ပိုင်းသည် ဘင်္ဂလားပင်လယ်အော်နှင့် ထိဆက်နေပေသည်။

ပေါက်တောမြို့နယ်ကို ရပ်ကွက် ငါးရပ်ကွက်၊ ကျေးရွာအုပ်စု ၅၃ အုပ်စု၊ ကျေးရွာ ၁၇၇ ရွာဖြင့် ဖွဲ့စည်းထားကာ မြို့နယ် လူဦးရေ ၁၈၇၀၀၀ အနက် ၁၅၄၃၂၆ ဦးသည် ရခိုင်တိုင်းရင်းသားများဖြစ်ကြပြီး မြို့နယ် လူဦးရေအများစုသည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။ ပေါက်တောမြို့ပေါ် ရပ်ကွက်အသီးသီးတွင် နေထိုင်သူ ဦးရေသည် ၁၈၈၀၄ ဦးသာရှိသည်။

ပေါက်တောမြို့နယ်တွင် ၂၅ ခုတင်ဆံ့ အစိုးရဆေးရုံတစ်ရုံနှင့် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တစ်ရုံ ဖွင့်လှစ်ထားသည်။ ဒေသနေ ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်ရန် အစိုးရအထက်တန်းကျောင်းငါးကျောင်း၊ အထက်တန်း ကျောင်းခွဲ ခုနစ်ကျောင်း၊ အစိုးရအလယ်တန်းကျောင်း ခုနစ်ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၂၇ ကျောင်း အပါအဝင် အခြေခံ ပညာကျောင်းများကို ဖွင့်လှစ်ထားသည်။

ပေါက်တောမြို့နယ်တွင် ဘုရားစေတီ ၂၉ ဆူနှင့် ဘုန်းကြီးကျောင်း ၂၄၄ ကျောင်းရှိပြီး ရဟန်း ၃၃၉ ပါး၊ သာမဏေ ၄၃၂ ပါးနှင့် သီလရှင် အပါး ၂၀ သီတင်းသုံးလျက်ရှိသည်။ မြို့နယ်အတွင်းရှိ ထင်ရှားသည့် ဘုရားစေတီများတွင် မြေငူကျွန်းရှိ ဆံတော်ရှင်စေတီ၊ အနောက်ပိုင်းရပ်ကွက်ရှိ လည်ရိုးတော်ဓာတ်စေတီ၊ တောင်ညိုရှိ တောင်ညို လိုဏ်ဂူဘုရား၊ ကျောက်စုရှိ ဝမ်းတော်ဓာတ်စေတီတို့ ပါဝင်သည်။

ပေါက်တောမြို့သည် ကျွဲကူးမြစ်၏ လက်ဝဲဘက်ကမ်းတွင် တည်ရှိ၍ မြို့၏ တောင်ဘက်တွင် ဖရုံကာကျွန်း သုံးကျွန်း အပါအဝင် ကျွန်း ရှစ်ကျွန်းရှိသည်။

မြန်မာနိုင်ငံ၏ အနောက်မြောက်ယွန်းယွန်းတွင်တည်ရှိသည့် စစ်တွေခရိုင်သည် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ခဲ့ပြီးနောက် အကြောင်းကိစ္စမျိုးစုံဖြင့် သွားရောက်ကြသူများတိုးတက်များပြားလာခဲ့သည်။ အထူးသဖြင့် မြောက်ဦး ရှေးဟောင်းမြို့တော်သို့ သွားရာက်ကြသူများသည် စစ်တွေမြို့သို့ ဝင်ရောက်လေ့ရှိကြကာ ရခိုင်တိုင်းရင်းသားများ၏ ယဉ်ကျေးမှု အမွေအနှစ်များကို လေ့လာနိုင်ကြပေသည်။ ∎

“စစ်တွေမြို့သည် ကုလားတန်မြစ်ဝနှင့် မယူမြစ်ဝတို့ဆုံသည့် နေရာတွင်ရှိသဖြင့် ပင်လယ်လေ ကောင်းစွာရရှိပြီး စစ်ရေးအရ အချက်အချာကျသည့် နေရာလည်းဖြစ်သည်။ ရှေးယခင်က စစ်တွေမြို့နေရာတွင် စခန်းချခဲ့သည့် စစ်တဲကြီးကို အစွဲပြု၍ စစ်တဲမှ စစ်တေး၊ စစ်တွေဟု အဆင့်ဆင့်ပြောင်းလဲခဲ့သည်ဟု ဆိုသည်”

ငါးမွေးမြူရေးဆိုင်ရာ ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်း ဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

ငါးမွေးမြူရေးဆိုင်ရာဥပဒေကြမ်း
(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊)
၁၃၈၀ ခုနှစ်၊ လ ရက်
၂၀၁၉ ခုနှစ်၊ လ ရက်

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ငါးမွေးမြူရေးဆိုင်ရာ ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ငါး**ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင်သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်း တစ်ပိုင်းတွင်သော်လည်းကောင်း ရေထဲ၌ နေထိုင်ကျက်စားသည့် ရေသတ္တဝါအားလုံး၊ ယင်းတို့၏ ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များကိုဆိုသည်။ ယင်းစကားရပ်တွင် ရေတွင်ပေါက်ပွားသည့်အပင်များနှင့် ယင်းတို့၏ အပင်ပေါက်များ၊ မျိုးစေ့များလည်းပါဝင်သည်။

(ခ) **ငါးလုပ်ငန်း**ဆိုသည်မှာ ငါးနှင့်ပတ်သက်သောလုပ်ငန်းများကို စနစ်တကျ စီမံခန့်ခွဲရန်၊ စီးပွားဖြစ်လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းဆီးခြင်း၊ သားဖောက်ခြင်း၊ မွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း စသည့် လုပ်ငန်းများလည်း ပါဝင်သည်။

(ဂ) **ငါးမွေးမြူခြင်း**ဆိုသည်မှာ သဘာဝရေထုအတွင်းတွင်ဖြစ်စေ၊ ပြုပြင်ဖန်တီးထားသည့် ရေထုအတွင်းတွင်ဖြစ်စေ၊ မွေးမြူခြင်းနည်းစနစ်အမျိုးမျိုးဖြင့် ငါးမျိုးပွားများစေခြင်း၊ ငါးသားပေါက်စုဆောင်းခြင်း၊ ငါးများကို အဆင့်ဆင့်ကြီးပြင်းအောင် မွေးမြူထုတ်လုပ်ခြင်းကိုဆိုသည်။

(ဃ) **ငါးလုပ်ငန်းရေပြင်**ဆိုသည်မှာ ရေအစဉ်အမြဲတည်ရှိသည်ဖြစ်စေ၊ ရေယာယီတည်ရှိသည်ဖြစ်စေ ငါးများနေထိုင်ကျက်စား ပေါက်ဖွားကြီးပြင်းရာရေပြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်းအိုင်တို့ကိုဆိုသည်။ယင်းစကားရပ်တွင် ပင်လယ်သမုဒ္ဒရာနှင့် လိပ်များ ဥချသည့် သဲသောင်များလည်း ပါဝင်သည်။

(င) **ငါးမွေးမြူရေးရေပြင်**ဆိုသည်မှာ ငါးလုပ်ငန်းရေပြင်အတွင်း ဤဥပဒေအရ သတ်မှတ်ထားသော ငါးမွေးမြူခြင်းလုပ်ငန်းတစ်ခုခု ဆောင်ရွက်နေသည့်ရေပြင် သို့မဟုတ် သီးသန့်ငါးမွေးမြူရေးရေပြင် သို့မဟုတ် အငှားချထားသည့် ငါးမွေးမြူရေးရေပြင်ကို ဆိုသည်။

(စ) **သီးသန့်ငါးမွေးမြူရေးရေပြင်**ဆိုသည်မှာ ငါးလုပ်ငန်းရေပြင်အတွင်း ငါးမျိုးစိုက်ထည့်၍ မွေးမြူထားပြီး ငါးမျိုးပြုန်းတီးခြင်း မရှိစေရန်နှင့် ငါးမျိုးပွားများစေရန်အလို့ငှာ ဦးစီးဌာနက ငါးမွေးမြူခြင်းလုပ်ငန်းကို စည်းကမ်းချက်များဖြင့် ကန့်သတ်၍လုပ်ကိုင်ခွင့်ပြုသော ဤဥပဒေအရ သီးခြားသတ်မှတ်ထားသည့် ငါးမွေးမြူရေးရေပြင်ကို ဆိုသည်။

(ဆ) **အငှားချထားသည့်ငါးမွေးမြူရေးရေပြင်**ဆိုသည်မှာ ငါးလုပ်ငန်းရေပြင်အတွင်းသတ်မှတ်ထားသည့် စည်းကမ်းချက်များဖြင့် ငါးမွေးမြူခြင်းလုပ်ငန်းလုပ်ကိုင်ရန် ဤဥပဒေအရ နယ်နိမိတ်သတ်မှတ်၍ အငှားဂရန်ဖြင့်ချထားသည့် ငါးမွေးမြူရေးရေပြင်ကို ဆိုသည်။

(ဇ) **ငါးမွေးမြူရေးမြေ**ဆိုသည်မှာ ငါးမွေးမြူရေးနည်းစနစ် တစ်မျိုးမျိုးဖြင့် ငါးမွေးမြူရန်အလို့ငှာ မြေအမျိုးအစားအလိုက် သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ ငါးမွေးမြူရန်ခွင့်ပြုချက်ရရှိထားသည့် မြေတွင် ဤဥပဒေအရ သီးသန့်သတ်မှတ်ထားသည့်မြေကို ဆိုသည်။

(ဈ) **အငှားဂရန်** ဆိုသည်မှာ ဝန်ကြီးဌာနက စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေ သို့မဟုတ် ငါးမွေးမြူရေးမြေ သို့မဟုတ် ငါးမွေးမြူရေး ရေပြင်တွင် ဤဥပဒေနှင့်အညီ ငါးမွေးမြူရန် အငှားဂရန်ချထားခြင်းကို ဆိုသည်။

(ည) **လိုင်စင်** ဆိုသည်မှာ ဤဥပဒေအရ လိုင်စင်ရယူရန် သတ်မှတ်ထားသော ငါးလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ရန် သက်ဆိုင်ရာဦးစီးဌာနမှူးက ထုတ်ပေးသည့်လိုင်စင်ကို ဆိုသည်။

(ဋ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်၊

(ဌ) **ဦးစီးဌာန**ဆိုသည်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနကို ဆိုသည်။

(ဍ) **ဦးစီးဌာနမှူး**ဆိုသည်မှာ ဦးစီးဌာန၏ တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေ၊ ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးတို့ကို ဆိုသည်။

(ဎ) **စစ်ဆေးရေးမှူး**ဆိုသည်မှာ ဦးစီးဌာန၏ တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေ၊ ခရိုင်နှင့်မြို့နယ် ဦးစီးဌာနမှူးများကိုလည်းကောင်း၊ ဦးစီးဌာနက စစ်ဆေးရေးမှူးအဖြစ် တာဝန်ပေးအပ်သော ဦးစီးဌာန၏ ဝန်ထမ်းတစ်ဦးဦးကိုလည်းကောင်း၊ ဝန်ကြီးဌာနက အခါအားလျော်စွာ စစ်ဆေးရေးမှူးအဖြစ် တာဝန်ပေးအပ်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုမှ ပုဂ္ဂိုလ်တစ်ဦးဦးကိုလည်းကောင်း ဆိုသည်။

အခန်း(၂)
ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ငါးမွေးမြူခြင်းလုပ်ငန်းများ ရေရှည်တည်တံ့စေရန်နှင့် စနစ်တကျ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်စေရန်၊

(ခ) ငါးသယံဇာတအရင်းအမြစ်များ လျော့နည်းပြုန်းတီးမှုမှ ကာကွယ်ရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဂ) ငါးများ၏ ဇီဝဂေဟစနစ်များ ပျက်စီးမှုမရှိစေဘဲ ရေရှည်တည်တံ့စေရန်နှင့် ရေထုညစ်ညမ်းမှု မရှိစေရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် ကာကွယ်ထိန်းသိမ်းရန်၊

(ဃ) ငါးလုပ်ငန်းကို စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ခွင့်ပြုရန်နှင့် တရားမဝင်ငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို ကာကွယ်တားဆီး အရေးယူနိုင်ရန်၊

(င) ငါးမွေးမြူခြင်းလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးလုပ်ငန်းဆိုင်ရာ သုတေသနပြုရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊

(စ) ငါးမွေးမြူခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရန်။

အခန်း(၃)
ငါးမွေးမြူရေးမြေနှင့် ငါးမွေးမြူရေးရေပြင်များ

၄။ ဝန်ကြီးဌာနသည် ငါးမွေးမြူခြင်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ဖော်ပြပါမြေနှင့် ရေပြင်များကို ဤဥပဒေနှင့်အညီ ငါးမွေးမြူရေးမြေများနှင့် ငါးမွေးမြူရေးရေပြင်များအဖြစ် စီမံခန့်ခွဲနိုင်သည် -

(က) ပုဒ်မ ၅ အရ ဦးစီးဌာနက သီးသန့်စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် ငါးမွေးမြူရေးမြေနှင့် ငါးမွေးမြူရေးရေပြင်၊

(ခ) သီးသန့်ငါးမွေးမြူရေးရေပြင်၊

(ဂ) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုပိုင် ငါးမွေးမြူရေးမြေနှင့် ငါးမွေးမြူရေးရေပြင်၊ ပုဂ္ဂိုလ်တစ်ဦးဦးပိုင်သော ပုဂ္ဂလိက ငါးမွေးမြူရေးမြေနှင့် ငါးမွေးမြူရေးရေပြင်။

၅။ ဝန်ကြီးဌာနသည် အောက်ဖော်ပြပါ မြေနှင့် ရေပြင်များကို ဦးစီးဌာနက သီးသန့်စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် ငါးမွေးမြူရေးမြေနှင့် ငါးမွေးမြူရေးရေပြင်များအဖြစ် သတ်မှတ်နိုင်သည် -

(က) ဝန်ကြီးဌာနက စီမံခန့်ခွဲလျက်ရှိပြီး ငါးမွေးမြူနိုင်သည့် မြေနှင့် ရေပြင်များ၊

(ခ) ဦးစီးဌာနပိုင်အဖြစ် အမည်ပေါက်လျက်ရှိသည့် ငါးမွေးမြူရေးမြေနှင့် ငါးမွေးမြူရေးရေပြင်၊

(ဂ) ဝန်ကြီးဌာနက စီမံခန့်ခွဲရန် ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသောအစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုက လက်ဝယ်ထားခြင်း သို့မဟုတ် အသုံးပြုခြင်း မရှိသည့်အပြင် ပုဂ္ဂိုလ်တစ်ဦးဦးအား အငှားဂရန် သို့မဟုတ် အငှားချထားပေးခြင်းမရှိသေးသည့် မြေနှင့် ရေပြင်များ၊ ပုဂ္ဂလိကပိုင်မြေအဖြစ် မြေပိုင်ဆိုင်ခွင့်ပေးခြင်းမရှိသေးသည့် မြေနှင့်ရေပြင်များ။

အခန်း(၄)
ငါးသယံဇာတအရင်းအမြစ်များ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး၊ ငါးမွေးမြူခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေး

၆။ ဝန်ကြီးဌာနသည် ဤဥပဒေပါ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန် အလို့ငှာ -

(က) ငါးမွေးမြူခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ငါးသယံဇာတအရင်းအမြစ်များနှင့် ဇီဝဂေဟစနစ်များ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတို့အတွက် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် စီမံချက်များချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်မှုကို လေ့လာဆန်းစစ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ ပြုရမည်။

(ခ) ငါးမွေးမြူခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေထုညစ်ညမ်းမှုမရှိစေရေးနှင့် သန့်ရှင်းသည့် ပတ်ဝန်းကျင် ဖြစ်ပေါ်လာစေရေးတို့အတွက် လိုအပ်သောအစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်းနှင့် လိုအပ်ပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း ပြုရမည်။

(ဂ) ငါးမွေးမြူခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ငါးသယံဇာတအရင်းအမြစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတို့အတွက် ချမှတ်ထားသောမူဝါဒများနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၇။ ဦးစီးဌာနသည် -

(က) ငါးမွေးမြူခြင်းလုပ်ငန်းကို အထောက်အကူဖြစ်စေသည့် ငါးသယံဇာတအရင်းအမြစ်များ၊ ငါးမျိုးနေရင်းဒေသများ၊ ရေတွင်ပေါက်ပွားသော အပင်များ၊ယင်းတို့၏ အပင်ပေါက်များ၊ မျိုးစေ့များ၊ ငါးမျိုးပေါက်ဖွားရာနေရာများ၊ သန္တာကျောက်တန်းများ၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ယင်းတို့၏ ဇီဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအတွက် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ငါးမွေးမြူရေးဆိုင်ရာအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများနှင့် ညှိနှိုင်းပြီး လိုအပ်သော အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

(ခ) ဝန်ကြီးဌာနက စီမံခန့်ခွဲသည့် ငါးမွေးမြူရေးရေပြင်များနှင့် ငါးမွေးကန်များတွင် အရည်အသွေးကောင်းမွန်သောရေနှင့် ပတ်ဝန်းကျင်တည်ရှိရန် စီမံဆောင်ရွက်ရမည်။

(ဂ) ငါးမွေးမြူရေး ရေပြင်များနှင့် ငါးမွေးကန်များတွင် ငါးရောဂါများ ဝင်ရောက်မှုမရှိစေရန် ကြိုတင်ကာကွယ်သည့် အစီအမံများနှင့် ငါးရောဂါထိန်းချုပ်ရေးလုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ရမည်။

(ဃ) ငါးမွေးမြူခြင်းလုပ်ငန်းများ ရေရှည်တည်တံ့စေရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေး၊ ငါးသယံဇာတ အရင်းအမြစ်များနှင့် ဇီဝဂေဟစနစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတို့အတွက် သုတေသနပြုလုပ်ခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ ငါးသယံဇာတအရင်းအမြစ် ရှာဖွေမှတ်တမ်းတင်ခြင်း၊ သင်တန်းများ ပို့ချခြင်း၊ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂလိက ဆွေးနွေးမှုထူထောင်ခြင်းတို့ကို ပြုလုပ်ရမည်။

(င) သုတေသန တွေ့ရှိချက်များကို ငါးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ၊ ငါးလုပ်ငန်းရှင်များနှင့် အများပြည်သူသို့ သင့်လျော်ရာနည်းဖြင့် ဖြန့်ဖြူး၍ အသိပညာပေးခြင်းများ ဆောင်ရွက်ရမည်။

(စ) ငါးမျိုးများ၊ ငါးဇီဝမျိုးစုံမျိုးကွဲနှင့် မျိုးစေ့များ၊ ငါးသားပေါက်များ ပြန့်ပွားစေရန် ငါးပေါက်ဖွားရာနေရာများ၊ ငါးသယံဇာတ အရင်းအမြစ်များ၊ ငါးမျိုးနေရင်းဒေသများ၊ ယင်းတို့၏ ဇီဝဂေဟစနစ်များ၊ ပင်လယ်မြက်ခင်းများနှင့် သန္တာကျောက်တန်းများ ထိခိုက်ပျက်စီးမှု မရှိစေရန်စီစဉ်ဆောင်ရွက်ရမည်။

(ဆ) ဝန်ကြီးဌာနက အခါအားလျော်စွာပေးအပ်သော ငါးလုပ်ငန်းဆိုင်ရာ အခြားကိစ္စများကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၈။ ဦးစီးဌာနသည် ဤဥပဒေအရ မိမိအား အပ်နှင်းထားသော တာဝန်များကို ဦးစီးဌာနမှ ပြန်တမ်းဝင်အရာရှိအဆင့်အောက်မနိမ့်သော အရာရှိတစ်ဦးဦးကိုဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေ၊ ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးတစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

အခန်း(၅)
အငှားဂရန် လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၉။ ပုဒ်မ ၄၊ ပုဒ်မခွဲ (က) နှင့် (ခ)တို့အရ ဝန်ကြီးဌာနက စီမံခန့်ခွဲနိုင်ခွင့်ရှိသော ငါးမွေးမြူရေးမြေနှင့် ငါးမွေးမြူရေးရေပြင်များတွင် ငါးမွေးမြူလိုသူသည် အငှားဂရန်ရရှိရန် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၁၀။ ဦးစီးဌာနသည် ပုဒ်မ ၉ အရ အငှားဂရန် လျှောက်ထားချက်ကို စိစစ်ပြီး ဝန်ကြီးဌာနက စီမံခန့်ခွဲနိုင်ခွင့်ရှိသော ငါးမွေးမြူရေးမြေနှင့် ငါးမွေးမြူရေးရေပြင်တွင် ငါးမွေးမြူရန် လျှောက်ထားသူအား တစ်ကြိမ်လျှင် နှစ် ၅၀ ထက် မပိုသောကာလအတွက် စည်းကမ်းချက်များသတ်မှတ်၍ အငှားဂရန်ချပေးနိုင်သည်။

၁၁။ ပုဒ်မ ၁၀ အရ အငှားဂရန်ရရှိသူသည်-

(က) ငါးမွေးမြူရေးမြေ သို့မဟုတ် ငါးမွေးမြူရေးရေပြင် ဧရိယာ၏ ၅၀ ရာခိုင်နှုန်းတွင် အငှားဂရန်ရရှိသည့် နေ့ရက်မှ သုံးနှစ်အတွင်း ငါးမွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ရမည်ဖြစ်ပြီး သက်တမ်းငါးနှစ်ကြာမြင့်သည့်အခါ ငါးမွေးမြူရေးမြေ သို့မဟုတ် ငါးမွေးမြူရေးရေပြင် ဧရိယာအားလုံးတွင် ငါးမွေးမြူခြင်းလုပ်ငန်းကို လုပ်ကိုင်ရမည်။

(ခ) အငှားဂရန်ရရှိသော ငါးမွေးမြူရေးမြေ သို့မဟုတ် ငါးမွေးမြူရေးရေပြင် ဧရိယာ၏ အနည်းဆုံး ၇၅ ရာခိုင်နှုန်းကို ပုဒ်မခွဲ (က)အရ သတ်မှတ်သည့် ကာလအတွင်း ငါးမွေးမြူရေးမြေ သို့မဟုတ် ငါးမွေးမြူရေးရေပြင် ဧရိယာအဖြစ် တူးဖော်လုပ်ကိုင်ရမည်။

(ဂ) ငါးမွေးမြူခြင်းလုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှု အစီရင်ခံစာ၊ ဦးစီးဌာနကတောင်းခံသော စာရင်းဇယားနှင့် အချက်အလက်များကို တင်ပြရမည်။

(ဃ) ပုဒ်မခွဲ (က) မှ (ဂ) အထိပါ အချက်များအပြင် ဦးစီးဌာနက သတ်မှတ်ထားသည့် စည်းကမ်းချက်များကိုလည်း လိုက်နာဆောင်ရွက်ရမည်။

၁၂။ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) နှင့်(ခ) တို့ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက အငှားဂရန်ပျက်ပြယ်စေရမည့်အပြင် အငှားဂရန်ရရှိသော ငါးမွေးမြူရေးမြေ သို့မဟုတ် ငါးမွေးမြူရေးရေပြင်ဧရိယာသည် ဦးစီးဌာန၏ လက်ဝယ်သို့ ပြန်လည်ရောက်ရှိသည်ဟု မှတ်ယူရမည်။ ထို့ပြင် အငှားဂရန်ရရှိသူသည် အငှားဂရန်ရရှိသည့် ငါးမွေးမြူရေးမြေ သို့မဟုတ် ငါးမွေးမြူရေးရေပြင် ဧရိယာပေါ်တွင်ကုန်ကျခဲ့သည့်စရိတ်များကို ဦးစီးဌာနသို့ ပြန်လည်တောင်းခံခွင့် မရှိစေရ။

၁၃။ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုနှင့် သက်ဆိုင်သည့်မြေတွင် ငါးမွေးမြူခြင်းလုပ်ငန်းလုပ်ကိုင်ရေးအတွက် ယင်းဌာန၊ အဖွဲ့အစည်း၏ သဘောတူညီချက်ရရှိထားသူ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အငှားဂရန်ရရှိထားသူ သို့မဟုတ် ပုဂ္ဂလိကပိုင်မြေအဖြစ် မြေပိုင်ဆိုင်ခွင့်ရရှိထားသူသည် ဦးစီးဌာနသို့အငှားဂရန်လျှောက်ထားရန်မလိုအပ်သော်လည်း ငါးမွေးမြူခြင်းလုပ်ငန်းအတွက် ဤဥပဒေအရ လိုင်စင်လျှောက်ထားရယူရမည်။

(ဆက်လက်ဖော်ပြပါမည်)

တောင်ငူ (၅၂) မြို့ဝင် ကြောင်ပြာမြို့ဟောင်း

သောင်းကေတု

ကြောင်ပြာမြို့ဟောင်းကို ကျောက်ဖြာမြို့ဟောင်းဟုလည်း ခေါ်သည်။ ဟံသာဝတီ ၃၂ မြို့တွင် ပါဝင်သော်လည်း မင်းကြီးညိုလက်ထက်တွင် တောင်ငူပိုင်နယ် ဖြစ်လာသည်။ တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်တွင် ပါဝင်ပြီး တောင်ငူ-မုပ္ပလင်လမ်းမှ အတွင်းသို့ တစ်မိုင်ခန့် ဝင်ရသည်။

၂၀၀၇ ခုနှစ်က မြို့ရိုးဟောင်းအတွင်းရှိ ဘုရားငုတ်တိုတစ်ဆူမှ ဂဝံရုပ်ပွားတော်များ၊ ရုပ်တော်မူ ကြေးဆင်းတုတစ်ဆူ၊ ကြေးလင်ပန်းများ၊ အုတ်ခွက်ဘုရားများ ပေါ်ထွက်လာခဲ့သည်။ ဂဝံရုပ်ပွားတော် သုံးဆူကို ပြန်လည်တပ်ဆင်၍ ရသော်လည်း ဂဝံတုံး အများအပြားရှိနေပြီး ထိုနေရာမှ လက်ရေးစင်းပါသော အုတ်ချပ်များကိုလည်း တွေ့ရသည်။ အုတ်ချပ်များကို နှစ်ပရိစ္ဆေဒ မည်မျှကြာသည်ကို မသိရသော်လည်း အလေးချိန်မှာ ရှိသင့်သည်ထက် များစွာပေါ့နေသည်ကို တွေ့ရသည်။ ကြေးဆင်းတုမှာ ညာဏ်တော် ၁၂ လက်မခန့်ရှိပြီး ဒေသစာရီကြွချီဟန်ပုံတော်ဖြစ်သည်။ နောက်ကြောတွင် ချိတ်ရန်ချိတ်ပါရှိပြီး ခြေတော်အစုံတွင်လည်း အောက်ခံပလ္လင်ကို စိုက်ရန် အချွန်ပါရှိသည်။ တွံတေးမြို့နယ် တံခွန်တိုင်ကျေးရွာတွင် တွေ့ရှိရသော ပေါ်တော်မူ ရုပ်ပွားတော် သုံးဆူနှင့် ပုံစံတူဖြစ်သည်။ အေဒီ ၇ ရာစုခေတ် လက်ရာဖြစ်သည်ဟု ပညာရှင်တစ်ဦးက ဆိုသည်။

လက်ရေးစင်းပါသော အုတ်ချပ် (ကြောင်ပြာမြို့ဟောင်း)

လေးထောင့်ပုံခံတပ်မြို့

ကောင်းကင်မြေပုံကို ကြည့်ပါက မြို့ရိုးမှာ လေးထောင့်ပုံသဏ္ဌာန်ရှိပြီး အရွယ်အစားသေးငယ်သည့် ခံတပ်မြို့တစ်ခုဖြစ်သည်။ အရှေ့ဘက်မြို့ရိုးသာ ထင်ရှားစွာ ကျန်ရှိပြီး တောင်ဘက်ကျိုးကျန်နေသေးသည်။ ယခုကြောင်ပြာရွာမှာ မြို့ကွက် အရှေ့ဘက် မြို့ပြင်တွင်ရှိသည်။ အရှေ့ဘက်မြို့ရိုးပေါ်တွင် ကြောင်ပြာအရှင်ကြီး နတ်ကွန်းနှင့် အခြားနတ်ကွန်းများ တည်ထားသည်။ ရှေးအခါက ကြောင်ပြာဘိုးဘိုးကြီးနတ်ကို ဒေသခံများက ကြောက်ရွံ့ရိုသေကြသည်။ မြို့အရှေ့ဘက်တွင် နရပတိစည်သူမင်းတည်ခဲ့သော ဖောင်တော်ဦးစေတီနှင့် ဘုရားငုတ်တို အများအပြား ရှိသည်။ ကြောင်ပြာမှ အရှေ့ဘက် တစ်မိုင်ခန့်အကွာတွင် မွေတော်စေတီများရှိသည်။ နောင်တော်နှင့် ညီတော်စေတီတော်များမှာ တောင်ကုန်းနှစ်ခု၏ တောင်ထိပ်တွင် တည်ရှိပြီး မယ်တော်စေတီမှာ မြေပြန့်တွင်ရှိသည်။ ဘုရားအလောင်းကြက်မင်းဘဝက ကျက်စားခဲ့သောနေရာဟု ဒေသခံများက ယုံကြည်ကြသည်။ ညီတော်စေတီတောင်အတက်တွင် ဂဝံကျောက်တုံးများကို လှီးဖြတ်ပြီး လက်ရန်းပါသော လှေကားထစ်ကြီးများမှာ ခံ့ညားထည်ဝါလှသည်။ ဂဝံကျောက်လှည်းဘီးကဲ့သို့ အလယ်တွင် အပေါက်ပါသော ကျောက်တုံးများလည်းရှိသည်။ တောင်ငူခေတ်က မင်းကြီးညိုသည် ကြောင်ပြာစော်ဘွားနှင့် စီးချင်းထိုးရာတွင် အနိုင်ရပြီး သိမ်းယူရရှိသော ဆင်ကို "မင်းကိုယ်တိုင်ရ" ဟု ဘွဲ့ပေးခဲ့ကြောင်း တောင်ငူသမိုင်းတွင် ဖော်ပြခဲ့သည်။ ယခင်က ကြောင်ပြာကို ယောမင်းတပ်ဟုလည်းခေါ်သည်။

ကြောင်ပြာမြို့ဟောင်း

သက္ကရာဇ် ၁၁၄၆ ခုနှစ် ဘိုးတော်ဘုရားလက်ထက် ကောက်ယူသော စစ်တမ်းတွင် ကြောင်ပြာယောမင်းတပ်သူကြီး ငဖြူက အောက်ပါအတိုင်း ထွက်ဆိုခဲ့သည်။

နယ်မြေပိုင်ဆိုင်မှုနှင့် အခွန်အကောက်

သူ၏ အဘိုးချစ်လှ၊ သေက်ရှည်နှင့် မြေးငမြူတို့ အစဉ်အတိုင်း အုပ်ချုပ်ခဲ့ပါသည်။ နယ်မြေအကျယ်အဝန်းမှာ အရှေ့ကို တာ ၁၀၀၀၀ နှင့် လေးတိုင်အကွာ ဆတ်တရာ လူးမူဒီ၊ အရိုးတောင်အထိ၊ အရှေ့တောင် တာ ၁၀၀၀၀ အကွာ ကတ်ကြေး ရေတံခွန်အထိ၊ တောင်ကို ငါးတိုင်အကွာ ကျောက်သုံးလုံး စမ်းချောင်းအဝ၊ ကတ်ကြေးမြေနှင့် ကြောခိုင်း၊ အနောက်တောင် ငါးတိုင်အကွာ ကျောက်စရစ်မြေနှင့် ကြောခိုင်း၊ မျက်ရဲ ဘုရားငုတ်တို၊ အင်သုံးပင်၊ ဆေးပုလဲရွာအထိ၊ အနောက် လေးတိုင်အကွာ ဇေယျဝတီမြေနှင့် ကြောခိုင်း ကညင်ဒိုင်းအထိ၊ အနောက်မြောက် ရှစ်တိုင်အကွာ ဘွဲ့ဒိုင်းမြေနှင့် ကြောခိုင်း၊ ကြက်တိုက်ညောင်ပင်၊ ခုံညင်းတန်းနှင့် ကုလားသေချောင်းဝအထိ မြောက်ဘက်တာ ၁၀၀၀၀ အကွာ မဲဘလံမြေနှင့် ကြောခိုင်း၊ မဲခွချောင်း အထိ၊ အရှေ့မြောက် တာ ၁၀၀၀၀ နှင့် နှစ်တိုင်အကွာ မဲဘလံမြေနှင့် ကြောခိုင်း၊ ဖောလောတောင်၊ သရက်ဒိုး အထိ ကျယ်ဝန်းပါသည်။ ဤနယ် ရှစ်ရပ်အတွင်း



ဂဝံဆင်းတုတော် (ကြောင်ပြာမြို့ဟောင်း) (အထက်ပုံ)

ညာဏ်တော် (၁၂) လက်မရှိ ကြေးဆင်းတုတော် (ယာပုံ)

စပါးစိုက်သူများက ကွဲတရှဉ်းထွန် ၁၀ ဧ လျှင် စပါး ၁၀ တင်း၊ တောင်ယာစိုက်သူများက စပါး (နှစ်တင်းနှင့် နှစ်ပြည်) အခွန်ထမ်းဆောင်ရသည်။ အခွန်စပါးများကို မြို့ဝန် တစ်တင်း၊ မြို့စာရေး တစ်ခွဲ၊ ကျီအုပ်ချုပ်သူ တစ်တင်း၊ ဒေသရုံးအတွက် တစ်တင်း၊ ကြွက်စား အလေအလွင့် တစ်တင်း၊ တာလီစာရေး တစ်စိတ်ခွဲဝေယူကြသည်။ ကျန်စပါးများကို တောင်ငူရုံးတော်သို့ ဆက်သွင်းရကြောင်း၊ ထင်းခုတ်သူများက သစ်တစ်လုံး ၁၀ ကျပ်နှင့် ၊ လှေအသစ် ပြုလုပ်လျှင် တစ်စီးကို ၁၀ ကျပ်၊ ကိုင်းစိုက်သူများကို ခါးမတစ်စင်းလျှင် ငါးမူး၊ ငါးဖမ်းလုပ်ငန်းဆည်တစ်ခုလျှင် နှစ်ကျပ်၊ ငါးထောင်ချောက်တစ်ခုလျှင် တစ်ကျပ်နှုန်း အခွန်ကောက်ပါသည်။ ကရင်လူမျိုးများက နှစ်စဉ်ကွမ်းသီးပိဿာ ၂၀၀ အခွန်ဆက်ရသည်။ မြို့စားရှိလျှင် မြို့စားက ကောက်ယူပြီး မြို့စားမရှိပါက သူကြီးက ကောက်ယူပြီး တောင်ငူမြို့ရုံးတော်သို့ ဆက်သွင်းရကြောင်း ထွက်ဆိုသည်။ (၁-၅-၁၇၈၄ တောင်ငူစစ်တမ်းမှ)

Burmes Sitan စာအုပ်တွင် ကြောင်ပြာ၊ ကျော်မော်၊ ကျောက်စရစ်၊ မင်းရဲလှမြို့များကို ဟံသာဝတီ ၃၂ မြို့ စာရင်းတွင် ဖော်ပြသော်လည်း မြို့သူကြီး၊ ရွာသူကြီးများက အခွန်ကောက်ခံပေးဆက်ခြင်း၊ စစ်မက်ရေးရာကိစ္စများ ပေါ်ပေါက်လာပါက တောင်ငူမြို့ဝန်၏ စီမံခန့်ခွဲရာတွင် နာခံရခြင်း၊ စပါးနှင့် အခြားအခွန် (ဥပမာ-ကွမ်းသီး၊ ယိုစုံ၊ ငါးချဉ်၊ သဇင်ပန်း၊ လောင်းပန်း၊ ဂမုန်းအင်း) အခြားအခွန်များကို တောင်ငူမြို့ ရုံးတော်မှတစ်ဆင့် ပေးဆက်ရကြောင်း ထွက်ဆိုထားသည်ကို တွေ့ရသည်။ တောင်ငူ ၅၂ မြို့တွင် မြောက်ဘက်အစွန်းဆုံး ညောင်လွန့်၊ တလိုင်းသေ၊ ရွှေမြို့ ကင်းသာမှ တောင်ဘက်အစွန်ဆုံး မင်းရဲလှ၊ ကျောက်စရစ်၊ ကျောက်မော်မြို့များအထိ ပါဝင်သည်ကို အဆိုပါစာအုပ်တွင် တွေ့ရှိရသည်။

ကျေးရွာတစ်ရွာအဖြစ်သာ တည်ရှိနေ

သို့ရာတွင် အချို့မြို့ရွာများမှာ ပျောက်ကွယ်နေပြီး အချို့မှာ အမည်သစ်များဖြင့် တည်ရှိနေသည်ကို တွေ့ရသည်။ ကြောင်ပြာ(ယောမင်းတပ်) ကျောက်စရစ် (ကျောက်တံခါး)၊ ကျောက်မော်၊ ကျောက်ကြီး၊ ကျောက်စောင်း(ဖြူးမြို့နယ်)တို့ကို ကျောက်မော်ငါးမြို့ဟုခေါ်ကြောင်း ရှေးဟောင်းခေါင်းလောင်းစာတစ်ခုတွင် တွေ့ရသည်။

ယခုအခါတွင် ကြောင်ပြာမြို့ဟောင်းသည် မဲဘုတ်ကျေးရွာအုပ်စု ကျောက်ကြီးမြို့နယ်တွင် တည်ရှိသော ကျေးရွာတစ်ခုဖြစ်သည်။ ယခင်က နယ်မြေမအေးချမ်းသဖြင့် သွားလာရေးခက်ခဲသော်လည်း ယခုအခါ ငြိမ်းချမ်းရေးရပြီဖြစ်သဖြင့် အလွယ်တကူ သွားရောက်နိုင်ပါသည်။ ထိုဒေသရှိ ရှေးဟောင်းအမွေအနှစ်ဖြစ်သော စေတီပုထိုးများ၊ မြို့ရိုးများကို ထိန်းသိမ်းစောင့်ရှောက်သင့်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

နယ်လှည့်အခမဲ့ဆေးကုသရေးအဖွဲ့ ကံမမြို့နယ်သို့ လာရောက်မည်

ကံမ မတ် ၄

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်အတွင်းရှိ ကျေးရွာများသို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ရန် လာရောက်မည်ဖြစ်ကြောင်း သိရသည်။ ထိုသို့ ဆောင်ရွက်ရာတွင် မတ် ၆ ရက်တွင် စစ္စရုံကျေးရွာ၌လည်းကောင်း၊ မတ် ၇ ရက်တွင် ကျီးမီးကျေးရွာနှင့် မတ် ၈ ရက်တွင် အလယ်-၂ ကျေးရွာများ၌ အခြေစိုက်လျက် ကုသပေးမည်ဖြစ်ပြီး နီးစပ်ရာကျေးရွာများမှ ပြည်သူများ အနေဖြင့်အခမဲ့လာရောက် ဆေးကုသမှုခံယူနိုင်ကြောင်း ဒေသခံအုပ်ချုပ်အဖွဲ့များမှတစ်ဆင့် နှိုးဆော်ထားရှိသည်။

ကျော်ဇေယျဝင်း (ပြန်/ဆက်)

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

မြစ်သာမြစ်ကူးလူကူး ကြိုးတံတား အမှတ်(၂) ဖွင့်လှစ်

ဂန့်ဂေါ မတ် ၄

တိပိဋကဓရ တိပိဋကကောဝိဒမဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ၏ လှူဒါန်းမှုဖြင့် မတည်ဆောက်လုပ်သည့် မောက်လင်းကျေးရွာအနီးရှိ

မြစ်သာမြစ်ကူးလူကူး ကြိုးတံတားကို ဖွင့်ပွဲအပြီးတွေ့ရစဉ်။

မြစ်သာမြစ်ကူးလူကူးကြိုးတံတား အမှတ် (၂) ဖွင့်ပွဲကို ယမန်နေ့ အဆိုပါတံတားထိပ်၌ ကျင်းပရာ ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ၊ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းဝင်း ဂန့်ဂေါခရိုင် ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

အဆိုပါကြိုးတံတားကို အလျားပေ ၇၁၀၊ အကျယ်ခြောက်ပေ၊ ချဉ်းကပ်လမ်းတံတား ပေ ၂၀၀ ရှိ တံတားအဖြစ် ဆောက်လုပ်ထားပြီး ကုန်ကျမှု ငွေကျပ် ၂၀၁၄ သိန်း ဖြစ်သည်။ တံတား ဆောက်လုပ်ထားသဖြင့် မောက်လင်းကျေးရွာမှ ဂန့်ဂေါ - ကန် ကားလမ်းသို့ လွယ်ကူစွာ ဆက်သွယ်နိုင်သည့် အပြင် အနီးပတ်ဝန်းကျင် ကျေးရွာများဖြစ်သည့် ထယ်လော်၊ ကျွန်းဒတ်၊ မြင်းဇာ၊ လက်ပန်၊ ကွဲနန်း၊ တောင်လယ်စသည့် ကျေးရွာများပါ ဆက်သွယ် သွားလာမှု လွယ်ကူသွားပြီး လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးတို့ ပိုမိုဖွံ့ဖြိုးလာမည် ဖြစ်ကြောင်း၊ ယောဆရာတော်၏ အလှူတော်အဖြစ် ၂၀၁၆ ခုနှစ်က လက်ပန်ရွာအနီးတွင် မြစ်သာမြစ်ကူး ကြိုးတံတား အမှတ် (၁) ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

စိန်ကျော်

ALPINE
TipTop အချိုရည်
အမောပြေသောက်ရင်း
ကံစမ်းလိုက်ကြရအောင်!
ဆုမဲ
ကျပ်သိန်းပေါင်း
တစ်သောင်း
ပါရှိပါသည်။
သိန်းတစ်ရာဆု (၆၀)ဆု
ဆယ်သိန်းဆု (၁၀၀)ဆု
တစ်သိန်းဆု (၁၀၀၀)ဆု
တစ်သောင်းဆု
တစ်ထောင်ဆု
ကျပ်ငါးရာဆု
ကျပ်နှစ်ရာဆု
1 Bottle Free
ကျပ်တစ်သိန်းနှင့် အထက် ဆုမဲများကို အောက်ဖော်ပြပါ
Hotline ဖုန်းနံပါတ် များနှင့် ဆက်သွယ်ထုတ်ယူနိုင်ပြီး
ကျန်ဆုမဲများကို နီးစပ်ရာဆိုင်များတွင်
ချက်ချင်း လဲလှယ်ထုတ်ယူနိုင်ပါသည်။
Tel:09-443370334,09-443370336
ကံစမ်းမဲကာလ-၁-၃-၂၀၁၉ မှ ၃၁-၈-၂၀၁၉ အထိ

အပိုးတန်ငွေမှာကြိုတင်ပြင်ဆင်အောင်ပွဲဝင်ဖို့စာသင်ကြပါစို့...
YC ဆရာပိုင်(ပိုင်သချာ်)
၉၊ ၁၀ တန်း
ငွေ ရာ သီ
၃-လပြတ် သင်ရိုးကုန်သင်တန်းကြီး
❤ ၁၀တန်း(ငွေ)
နံနက် – ၁၀း၃၀မှနေ့လည် – ၃း၀၀
❤ ဘာသာရပ်တိုင်းကို ဂုဏ်ထူးမှတ်ရသည်အထိသင်ကြားပေးပါမည်။
၁၂၆ ဆိပ်ကမ်းသာလမ်း (အောက်)၊ရန်ကုန်မြို့။
09-443105201
မြန်မာ • ဂုဏ်ထူးဦးသိန်းနိုင်
အင်္ဂလိပ် • ဦးနေအုပ်(စိန်ပေါလ်)
• ဦးအောင်သာ၊ ဦးကျော်ကျော်မိုး
သချာ် • ဆရာပိုင်(ပိုင်သချာ်)
ရူပ • ဦးမြတ်မင်းနိုင်
ဓာတု • ဦးမြင့်ဝင်းကျော်
• ဦးထင်ကျော်
ဇီဝ • Dr. Bio (ဒေါက်တာမိုးဝင်းဦး)
ဘောဂ • ဦးသက်ဝင်း (ဘောဂဂုရု)
၈၊ ၉၊ ၁၀တန်း (ငွေ) သင်္ချာသီးသန့်၊ မတ်လ (၇) ရက်စမယ်။

မိဘအမည်မှန်

ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီခရိုင် အထက(ကြို့ပင်ကောက်) နဝမတန်း (A)မှ မသန္တာဝေဖြိုးဇင်၏ မိဘအမည်မှန်မှာ ဦးသက်အောင်ဇော် ၇/ကပက(နိုင်)၀၆၃၉၅၁- ဒေါ်သန့်စင်မွေး ၇/ကပက(နိုင်)၀၆၉၆၃၇ ဖြစ်ပါကြောင်း။

Transformer (33/0.4)KV (1000 KVA) (On Load) & Control Panel

အမြန်ရောင်းမည်။
ရောင်းဈေး= သိန်း ၃၀၀
FAME Pharmaceuticals
အမှတ်(၂၀)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ စက်မှုဇုန်(၃)၊ လှိုင်သာယာစက်မှုမြို့၊ ရန်ကုန်။
၀၉-၄၅၂၄၃၃၇၉၄

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ် မြို့နယ်ပညာရေးမှူးရုံး

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ကိုလိုနီခေတ် ရှေးဟောင်းအဆောက်အအုံအား ပညာရေးဝန်ကြီးဌာန၏ (၂၀၁၈-၂၀၁၉) ဘဏ္ဍာရေးနှစ် ပြုပြင်ထိန်းသိမ်းစရိတ် ရန်ပုံငွေဖြင့် ရှေးမူမပျက်ပြုပြင်ခြင်းလုပ်ငန်းကို တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဆောင်ရွက်ရန်အတွက် ရှေးဟောင်းအဆောက်အအုံ ပြုပြင်ခြင်းလုပ်ငန်း အတွေ့အကြုံရှိသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၅-၃-၂၀၁၉ရက် ၊ နံနက် ၀၉း၃၀ နာရီ
တင်ဒါပိတ်မည့်ရက် - ၂၉-၃-၂၀၁၉ရက်၊ ညနေ ၁၆း၃၀ နာရီ
တင်ဒါပုံစံဝယ်ယူရန်နှင့် တင်သွင်းရမည့်နေရာ - လှိုင်မြို့နယ်၊ မြို့နယ်ပညာရေးမှူးရုံး၊ ဘုရင့်နောင်လမ်းမကြီး၊ (၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ

လှိုင်မြို့နယ်ပညာရေးမှူးရုံး - ၀၁-၆၈၃၂၉၆၊ ၀၉-၇၆၆၇၂၅၆၈၈၊ ၀၉-၇၆၆၇၂၅၆၉၉
အထက(၁)လှိုင် - ၀၁-၅၃၄၉၄၃

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

